ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 25 July 2019 ၉၇၂၁



# လွှတ်တော်ရုံးများ၏ ၂၀၁၉ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ စုပေါင်းကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

လွှတ်တော်ရုံးများ၏ ၂၀၁၉ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် လွှတ်တော်ဝင်းအတွင်း၌ စုပေါင်းကျင်းပသည်။

**အထိမ်းအမှတ်**

ရှေးဦးစွာ ၂၀၁၉ ခုနှစ် သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့က သတ်မှတ်နေရာများတွင် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သပြေပင်၊ ကံ့ကော်ပင်၊ ခရေပင်၊ ငုစပ်ပင်နှင့် စိန်ပန်းပင်များကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**ကံ့ကော်ပင် စိုက်ပျိုးပေး**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကံ့ကော်ပင် စိုက်ပျိုးပေးစဉ်။

# ရန်ကုန်မြို့ လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးတွင် ငါးအဝင်နည်းမှုကြောင့် ဈေးအနည်းငယ်တက်ရိပ်ပြ

**ရန်ကုန် ဇူလိုင် ၂၄**

လက်ရှိ မိုးရာသီ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသော်လည်း ယခင်နှစ်မိုးတွင်းကာလနှင့် နှိုင်းယှဉ်ပါက ရန်ကုန်မြို့ လှိုင်မြို့နယ် ပိတောက်ချောင်းနယ်မြေ သီရိမင်္ဂလာဈေးနှင့် ကပ်လျက်ရှိနေသော ရွှေပိတောက်ငါးဈေး၌ ငါးကုန်ချိန်အဝင်နည်းနေပြီး ဈေးအနည်းငယ်တက်နေကြောင်း ရွှေပိတောက်ငါးဈေးသာယာရေးကော်မတီရုံးမှ သိရသည်။

“ပြီးခဲ့တဲ့မိုးကာလမှာ ငါးကုန်ချိန် ငါးသိန်းနီးပါးအထိ တက်ခဲ့တယ်။ အခုမိုးကာလမှာက ကုန်ချိန် သုံးသိန်းအထိပဲ တက်တယ်။ ပင်လယ်ငါးကလည်း လက်ရှိအချိန်မှာ ငါးဦးစီးဌာနက ပင်လယ်ငါးဖမ်းခွင့် တားထားတာလည်းရှိတယ်။ ဒါကြောင့် အဝင်နည်းနေတာပါ။ လက်ရှိမှာ မွေးမြူရေးကန်ငါးတွေဖြစ်တဲ့ ငါးမြစ်ချင်း၊ ငါးကြင်းတွေပဲ အများဆုံး အဝယ်လိုက်ပြီး တက်ရိပ်ပြနေပါတယ်။ ဈေးနှုန်းအနေနဲ့ကလည်း လက်ရှိမှာ ယခင်ဈေးထက် တစ်ပိဿာကို ကျပ် ၁၀၀၊ ၅၀ လောက်တော့တက်တယ်”ဟု ရွှေပိတောက်ငါးဈေးသာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျင်စောက ပြောသည်။

ယခုအခါတွင် ရွှေပိတောက်ငါးဈေးသို့ ဧရာဝတီတိုင်းဒေသကြီးမှ ငါးများ အများဆုံးဝင်ရောက်ပြီး ပဲခူးတိုင်းဒေသကြီးရှိ ဒေသအသီးသီးမှလည်း စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻

**ကြေးမုံ ယနေ့ ဖတ်စရာ**

ပြည်ထောင်စုလွှတ်တော်၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအား ဝိုင်းဝန်းဆွေးနွေး စာမျက်နှာ » ၄

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အာဆီယံတို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအနေဖြင့် နေရပ်ပြန်လာမည့်သူများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရေးကို ဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၈

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# နိုင်ငံတကာ ဒီဇိုင်းနည်းပညာတစ်ခုဖြစ်သော(BIM) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ဆောက်လုပ်ရေး ဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနနှင့် BIM Myanmar Co.,Ltd တို့ ပူးပေါင်း၍ အင်ဂျင်နီယာများအား အရည်အသွေးနှင့် စွမ်းဆောင်ရည် မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတကာ ဒီဇိုင်းနည်းပညာတစ်ခုဖြစ်သော Building Information Modelling(BIM) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး BIM Myanmar Co.,Ltd မှ မန်နေဂျင်း ဒါရိုက်တာ ဦးစိုးမင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အင်ဂျင်နီယာများအား အရည်အသွေးနှင့် စွမ်းဆောင်ရည်မြင့်မားစေရန် သင်တန်းဖွင့်လှစ်ပေးခြင်း အထိမ်းအမှတ်အဖြစ် BIM Myanmar Co., Ltd မန်နေဂျင်း ဒါရိုက်တာ ဦးစိုးမင်းထွန်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ယနေ့ ဖွင့်လှစ်သည့် Building Information Modelling ( BIM ) ၏ အကျိုးသက်ရောက်မှုမှာ လုပ်ငန်းအပ်နှံသူများ၏ လိုအပ်ချက်များကို BIM Model တွင် ကြိုတင်ကြည့်ရှုကာ ဖြည့်ဆည်းပေးနိုင်ခြင်း၊ စီမံကိန်းလုပ်ငန်းစနစ်များအား စီမံကိန်း မစတင်မီ ကြိုတင်ညှိနှိုင်းထားပြီးဖြစ်ခြင်း၊နယ်ပယ်အားလုံးမှ ကျွမ်းကျင်သူများအနေဖြင့် Cooperation, Coordination နှင့် Collaboration တို့ဖြင့် ရည်မှန်းချက်ကိုအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ လိုအပ်သော ဒီဇိုင်းများကို စီမံကိန်းမစတင်မီ အတည်ပြု လက်စသတ်နိုင်ခြင်း၊ Digitized လုပ်ပြီးသိမ်းဆည်းထားနိုင်သည့်အတွက် အချိန်နှင့်တစ်ပြေးညီ ပြန်လည် အသုံးချနိုင်စွမ်းရှိခြင်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း အချက်အလက် အတိအကျများကို စုစည်းထိန်းသိမ်းထားနိုင်သည့်အတွက် လုပ်ငန်းစဉ်များ ပိုမိုချောမွေ့ပြီး ပြင်ဆင်ထိန်းသိမ်းစရိတ် လျှော့ချနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာကို အခြေခံသည့် တည်ဆောက်ရေး စနစ်ကြောင့် အချိန်နှင့် ကုန်ကျစရိတ်များ လျှော့ချနိုင်ကာ နိုင်ငံတော်၏ GDP ကိုပါ တစ်ဖက်တစ်လမ်းမှ တိုးတက်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနခွဲများမှ ဗိသုကာ၊ မြို့ပြ၊ လျှပ်စစ်၊ ရေသန့်အင်ဂျင်နီယာ ၁၃၃ ဦး တက်ရောက်သင်ကြားမည်ဖြစ်ပြီး Architect , Structure နှင့် Mechanical & Electrical နယ်ပယ် သုံးရပ်ကို တစ်ပတ်လျှင် တစ်ရက်စီဖြင့် သင်တန်းသားများကို သုံးဖွဲ့ခွဲ၍ ပို့ချသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇူလိုင် ၂၅ ရက်မှ စတင်ကာ တစ်နှစ်ခွဲခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးရန်လင်း အာရှဖွံ့ဖြိုးရေးဘဏ်အဖွဲ့နှင့် တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၄**

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်လင်းသည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-10) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူထုဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များ၊ မျှော်မှန်းချက်ရလဒ်များ၊ နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းမြို့နယ်များ စသည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးကြပြီး ကော်မတီအဖွဲ့ဝင်များကသိရှိလိုသည်များကို မေးမြန်းကြရာ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ တာဝန်ရှိသူများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကြေးမုံ

# တစ်ကိုယ်ရေကျန်းမာရေးအလေးထား

နိုင်ငံသားအများစုသည် မိမိကိုယ်မိမိ ကျန်းမာသောသူဖြစ်အောင် ကျင့်ကြံနေထိုင်မှု အားနည်းသည်ဟု ဆိုရမည်ဖြစ်သည်။ မိမိတို့၏ဘဝ ရပ်တည်နေထိုင်မှုကြောင့်ဟုဆိုခြင်းထက် ပေါ့ပေါ့ဆဆ သတိမမူမိဘဲ စားသောက်နေထိုင်မှုတို့ကြောင့် ရောဂါလုံးလုံးလျားလျားဖြစ်မှသာ ဆေးရုံ၊ ဆေးခန်းသို့ အလျင်အမြန်လာရောက်ကြသူ အများစုဖြစ်သည်ကို မြင်တွေ့နေရသည်။

ယခုအချိန်ကာလသည် ရာသီတုပ်ကွေးရောဂါအဖြစ်များသော ကာလဖြစ်ပြီး ဆေးဝါးကုသမှုခံယူခြင်းကို ပုံမှန်လုပ်ရိုးလုပ်စဉ်ပြုလုပ်ကြသည်မှန်သော်လည်း လူတို့ကို ဆိုးရွားစွာထိခိုက်ပြီး ပျက်စီးစေနိုင်သည့် H1N1 တုပ်ကွေးရောဂါမဖြစ်စေရန်လည်း အထူးဂရုစိုက်သင့်ပေသည်။ အဆိုပါရောဂါမှာ နှစ်စဉ်နှစ်တိုင်းဖြစ်လေ့ရှိပြီး ယခုနှစ်တွင် ထိုရောဂါဖြင့် သေဆုံးမှုအရေအတွက် ယခင်ထက်ပိုနေသဖြင့် အထူးဂရုစိုက်ရန် အသိပေးနှိုးဆော်ခြင်းဖြစ်သည်။

ရောဂါအဖြစ်များသည်ဟုသတ်မှတ်ခဲ့သော ၂၀၁၇ ခုနှစ်က ရောဂါသံသယရှိသူ ၁၅၄ ဦး၊ အတည်ပြုသူ ၉၂ ဦး၊ သေဆုံးသူ ၁၆ ဦးရှိခဲ့စဉ် လူအများစိတ်ဝင်စားမှုမြင့်မားပြီး အဖွဲ့အစည်းပေါင်းစုံတို့က ကာကွယ်ကုသ ပညာပေးမှုမျိုးစုံပြုလုပ်ခဲ့ပေသည်။ ယခု ဇူလိုင်လ ၁၈ ရက်နေ့အထိ အဆိုပါရောဂါဖြင့်သေဆုံးသူ ၆၄ ဦးအထိ ရှိလာသော်လည်း ပြည်သူများအနေဖြင့် ကာကွယ်ကုသရေးအပိုင်း၌ အားနည်းမှုရှိသည်ကိုတွေ့ရသည်။ အဆိုပါ ရောဂါပိုးကို ရန်ကုန်တိုင်းဒေသကြီးတွင် အများဆုံးတွေ့ရှိပြီး လူ ၁၉၀ ဖြစ်ပွား၍ သေဆုံးသူ ၅၁ ဦးအထိ ရှိနေပြီဖြစ်သည်။

အဆိုပါရောဂါအတွက် စိုးရိမ်ကြောက်လန့်မှု အထူးဖြစ်စရာမလိုဘဲ ကြိုတင်ကာကွယ်ကုသခြင်းဖြင့် ထိခိုက်ပျက်စီးမှုကို ဟန့်တားနိုင်ပါသည်။ သို့သော် လူတို့၏ ကာကွယ်မှု၊ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်ပုံအားနည်းမှု၊ အလွယ်တကူဆေးကုသမှု၊ ပေါ့ပေါ့ဆဆနေထိုင်မှုတို့ကြောင့် ဖြစ်ပွားမှုမြင့်တက်ခြင်း ဖြစ်နိုင်သည်။ ဖျားနာမှုဖြစ်သည်နှင့် လွယ်လင့်တကူ ဆေးမြီးတိုများဖြင့် ကုသလျက်ရှိရာ ယင်းသို့ မဖြစ်စေရေးအတွက် အသိပညာပေးမှုများကို ယခုထက်ပိုမိုဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သည်။

ရာသီတုပ်ကွေးရောဂါပိုးသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သဖြင့် မိမိတွင် တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက အခြားသူများအား ကူးစက်ခြင်းမဖြစ်နိုင်စေရန် မိသားစုနှင့်နီးကပ်စွာ မနေထိုင်ခြင်း၊ ကျောင်း၊ ဈေး၊ လူနေထူထပ်သောနေရာများသို့ သွားရောက်ခြင်းကိုရှောင်ကြဉ်ခြင်း၊ နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆေးရုံ၊ ဆေးခန်းများသို့သွားရောက်၍ စနစ်တကျကုသမှုခံယူခြင်းများ ပြုလုပ်သင့်သည်။

ပုံမှန်အားဖြင့် အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်နှင့်အထက် အဖျားရှိခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးခွေခြင်းတို့သည် ရာသီတုပ်ကွေးလက္ခဏာများဖြစ်ပြီး အဖျားအလွန်ကြီးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ သတိလစ်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်းတို့သည် ပြင်းထန်လက္ခဏာများဖြစ်ပြီး နီးစပ်ရာဆေးရုံသို့ ချက်ချင်းသွားရောက်၍ ကုသမှုခံယူရမည်ဖြစ်သည်။

အဆိုပါရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနက ကာကွယ်ကုသပညာပေးမှုများကို ဒေသအလိုက်ကွင်းဆင်း၍ အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများအနေဖြင့် အသိတရားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ အထူးသဖြင့် တစ်ကိုယ်ရေကျန်းမာရေးနှင့် ကိုယ်ခံအားကောင်းမွန်ရေးအတွက် မိမိတို့၏ ပြုမူနေထိုင်စားသောက်မှုများကို အလေးထားဆောင်ရွက်ကြရန်လိုအပ်ပေသည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် ကျန်းမာသောဘဝကို ရရှိပိုင်ဆိုင်နိုင်ရန် တစ်ကိုယ်ရေကျန်းမာရေး၊ သန့်ရှင်းရေးတို့ကို နေ့စဉ်နှင့်အမျှ သတိထားဆင်ခြင်ပြုမူနေထိုင်ခြင်းဖြင့် ရာသီတုပ်ကွေးရောဂါသာမက အခြားရောဂါများပါ ကူးစက်မှု၊ ဖြစ်ပွားမှု လျော့နည်းကျဆင်းအောင် အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၂၄**

ရန်ကုန်(ရွှေဈေး) ၁၁၄၉၀၀၀ - ၁၁၄၉၀၀၀ မန္တလေး(ရွှေဈေး) ၁၁၄၉၀၀၀ - ၁၁၄၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၀/၉၂၀ ကျပ် | ၉၄၀/၉၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၉၀၀ ကျပ် | ၉၅၀/၉၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၁၀ ကျပ် | ၈၅၀/၈၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၀/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၀/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၀/၈၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၀/၇၇၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၃.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၈၅.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၀.၁၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၉၈၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၄၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၃၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၀၀.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၄၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၆.၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၉.၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်၊
ကြေးမုံ The Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၁

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစု ဒုတိယအကြိမ် မိုးရာသီ တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

**နေပြည်တော်  ဇူလိုင်  ၂၄**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဒုတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ရေဆင်းဆည်ပတ်ဝန်းကျင်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

**တစ်အုပ်တစ်မ စုပေါင်းစိုက်ပျိုး**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် ရတနာတန်းဝင် ကျွန်း၊ ပိတောက်၊ မဟော်ဂနီပင်များနှင့် မန်ဂျန်ရှားပင်များအား တစ်အုပ်တစ်မ စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**၁၄၆၂၈၃ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ကျင်းပပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၁၉ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၃၃၀၊ ပိတောက် ၁၂၁၅ ပင်၊ မဟော်ဂနီ ၁၈၂၃ ပင်နှင့် မန်ဂျန်ရှား ၁၁၃၂ ပင် စုစုပေါင်းပျိုးပင် ၄၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိ



ရတနာတန်းဝင် ကျွန်းပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၄၆၂၈၃ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးခွန်အေးနိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် စက်မှုလယ်ယာဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဦးသန့်စင်လွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန |

ထို့အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အသီးသီးတွင်လည်း မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများကို ဒုတိယအကြိမ် ပြုလုပ်ရာ တပ်မတော်တစ်ရပ်လုံးအနေဖြင့် စုစုပေါင်း ပျိုးပင် ၃၉၄၁၀၁ ပင်အား စုပေါင်းစိုက်ပျိုးနိုင်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ကံ့ကော်ပင် စိုက်ပျိုးပေးစဉ်။(သတင်း- ရှေ့ဖုံး)



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ကံ့ကော်ပင် စိုက်ပျိုးပေးစဉ်။(သတင်း- ရှေ့ဖုံး)



လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ သပြေပင်၊ ကံ့ကော်ပင်၊ ခရေပင်၊ ငုစပ်ပင်နှင့် စိန်ပန်းပင်များ စိုက်ပျိုးကြစဉ်။ (သတင်း-ရှေ့ဖုံး)

✳ ရှေ့ဖုံးမှ

မွေးမြူရေးငါးများဖြစ်သော ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးခေါင်းပွငါးများ အများဆုံးရောင်းချလျက်ရှိကြောင်း၊ ရေချိုငါးအဝင်နည်းပါးကြောင်း၊ ရေငန်ငါးကို ငါးလုပ်ငန်းဦးစီးဌာနမှ အဝင်ပိတ်ထားကြောင်း၊ စက်တင်ဘာလမှသာလျှင် ပြန်ဖွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ ရွှေပိတောက်ငါးဈေး၏ လက်ရှိပေါက်ဈေးသည် ငါးမြစ်ချင်း တစ်ပိဿာငွေကျပ် ၃၀၀၀၊ ငါးကြင်း တစ်ပိဿာငွေကျပ် ၆၀၀၀၊ ငါးတန် တစ်ပိဿာငွေကျပ် ၂၂၀၀ ရှိသည်။ လက်ရှိ ရွှေပိတောက်ငါးဈေးသို့ ရောက်ရှိလာသောငါးများသည် ရန်ကုန်တစ်မြို့လုံးရှိ ဈေးများသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး အထက်အညာဒေသများ၊ မော်လမြိုင်မြို့ တို့သို့ ရောင်းချပေးလျက်ရှိကြောင်း ရွှေပိတောက် ငါးဈေးသာယာရေး ကော်မတီမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူ ကုသိုလ် ဖောင်ဒေးရှင်း အကြိမ် ၂၀ မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်မည်

**နေပြည်တော်  ဇူလိုင်  ၂၄**

“စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း”က ကြီးမှူးပြုလုပ်မည့် အကြိမ် ၂၀ မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)၌ ဩဂုတ် ၄ ရက် နံနက် ၈ နာရီမှ ၁၁ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို လာရောက်သွေးလှူဒါန်းနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန် ကျွေးမွေးထောက်ပံ့မှုများအပြင် “စန်းမောင်မြင့် သွေးလှူကုသိုလ် ဖောင်ဒေးရှင်း”မှ အမှတ်တရလက်ဆောင်(ကြက်ဥ ၁၀ လုံး၊ UV ကာကွယ် ၁၆ ကိုင်း ထီးအကြီးနှင့် ချစ်စဖွယ်ထမင်းချိုင့်)တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည် ဖြစ်သည်။

သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် “စန်းမောင်မြင့် သွေးလှူကုသိုလ် ဖောင်ဒေးရှင်း”၀၉- ၄၄၉၂၅၃၇၆၇၊ ၀၉-၇၉၅၅၆၃၄၀၀၊ ၀၉-၆၉၅၁၃၅၅၁၅ ဖုန်းနံပါတ်များသို့(၂- ၈- ၂၀၁၉)နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**

**တစ်ဦးတစ်ပင် စိုက်စေချင်**

**အစဉ်လုပ ပြည်ကြွယ်ဝ**

# ပြည်ထောင်စုလွှတ်တော်၌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာအား ဝိုင်းဝန်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး ကြသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသ ကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက နောက်ပိုင်းကာလ တွင် များပြားလာသည့် စက်ဆုပ်ရွံရှာဖွယ် လူ့အခွင့်အရေး ချိုးဖောက်မှုတစ်ခုဖြစ်သည့် မုဒိမ်းမှုများဖြစ်ပါကြောင်း၊ မုဒိမ်းမှုသည် ကျူးလွန်သူရော၊ ကျူးလွန်ခံရသူရော လူ့အခွင့်အရေးများ ထိခိုက်ပျက်စီးပြီး အထိနာကြရသော် လည်း မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများသည် များပြားလျက် ရှိပါကြောင်း၊ ယင်းအမှုများဖြစ်ရသည့် အကြောင်းရင်းကို မှန်မှန်ကန်ကန်သိရမှ တားဆီးကာကွယ်မှုများ ပြုလုပ်နိုင် မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါကိစ္စကို စိတ်ပိုင်း ဆိုင်ရာပညာရှင်များ၊ ဆေးပညာရှင်များ၊ ဥပဒေပညာရှင် များထက် လူ့အခွင့်အရေးဆိုင်ရာရှုထောင့်မှ စုံစမ်းစစ်ဆေး မှ မှန်ကန်မည်ဟုယူဆပါကြောင်း။

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ တိုင်းရင်းသားများ သည် နိုင်ငံသားများဖြစ်သော်လည်း လူဝင်မှုကြီးကြပ်မှ သတ်မှတ်ထားသည့် အချက်အလက်များကို ပြည့်စုံအောင် မဖြည့်စွက်နိုင်သည့်အတွက် နိုင်ငံသားကတ်ပြားများ မရရှိကြဘဲ ပညာရေး၊ အလုပ်အကိုင်၊ စီးပွားရေး၊ လူမှုရေး များကို မျိုးဆက်အလိုက် ဆုံးရှုံးနေကြသည်ကို တွေ့ရှိရပါ ကြောင်း၊ တိုင်းရင်းသားများသည် အမျိုးသားမှတ်ပုံတင် မရသည့်အတွက် လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး များ ဆုံးရှုံးနေမှုကို တွေ့ရှိပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများ နိုင်ငံသားမှတ်ပုံတင်ကတ်ပြား ရရှိရန် လိုအပ်ပါကြောင်း။

## မုဒိမ်းမှုများနှင့် တိုင်းရင်းသားများ နိုင်ငံသား ကတ်ပြားရရှိရေးဆိုင်ရာကိစ္စရပ်များကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး နိုင်ငံတော် သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ အကြံပြုချက်များ တင်ပြစေလိုကြောင်း ဆွေးနွေး

ထို့ကြောင့် ကော်မရှင်အနေဖြင့် မုဒိမ်းမှုများနှင့် တိုင်းရင်းသားများ နိုင်ငံသားကတ်ပြားရရှိရေးဆိုင်ရာ ကိစ္စရပ်များကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး နိုင်ငံတော် သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ အကြံပြုချက်များ တင်ပြစေလိုကြောင်း ဆွေးနွေးသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မိုမိုလွင်က အကျဉ်းထောင်ဆိုသည်မှာ ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်ပေးရန်ထက် ၎င်းတို့ကို စိတ်ပိုင်းဆိုင်ရာပြုပြင် ပြောင်းလဲအောင် ပြုစုပျိုးထောင်ပေးသည့် နေရာ၊ ပြန်လည်ထူထောင်နိုင်ရေးအတွက် ပံ့ပိုးပေးသည့်နေရာ ဖြစ်သင့်ပါကြောင်း၊ ထို့ကြောင့် ကော်မရှင်အနေဖြင့် အကျဉ်းသားဦးရေ စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော် ဖြစ်သည့် မူးယစ်ဆေးဝါးမှုနှင့် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား ဆေးစွဲလူငယ်များအတွက် မှန်ကန်တိကျ သော ကုသမှုများ အပြည့်အဝ ရရှိစေရေးအတွက် ကူညီ ဆောင်ရွက်ပေးသင့်ပါကြောင်းနှင့် အထက်ပါကိစ္စများနှင့် ပတ်သက်၍ သေချာစွာလေ့လာစစ်ဆေးပြီး သုံးသပ် အကြံပြုပေးပါရန်နှင့် နောင်အစီရင်ခံစာများတွင် အလေးထားထည့်သွင်း အစီရင်ခံပေးပါရန် ကော်မရှင်အား အလေးအနက် တောင်းဆိုပါကြောင်း ဆွေးနွေးသည်။

အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာက အကျဉ်းသားဝင်ဆံ့ မှုပြဿနာသည် ၂၀၁၈ ခုနှစ် အစီရင်ခံစာအရ ပိုမိုဆိုးရွား လာသည်ကိုတွေ့ရသည့်အတွက် စိုးရိမ်စရာဖြစ်နေပါကြောင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်းများအား စစ်ဆေးမှုအပေါ် သုံးသပ်ချက်အရ ရှိသင့်သည့် အင်အားထက် ၂၀၀ ရာခိုင်နှုန်းကျော်နေသည့် အကျဉ်းထောင်များတွင် မူးယစ် ဆေးဝါးမှုဖြင့် အကျဉ်းကျလာသူများ တိုးလာသည်ကို တွေ့ရပါကြောင်း၊ အဆိုပါ အကျဉ်းထောင်များသည် မူးယစ်ဆေးဝါးမှုအများဆုံးဖြစ်နေသည့် ဒေသများတွင် ရှိသည်ကို တွေ့ရပါကြောင်း၊ အကျဉ်းထောင်များတွင် ဝင်ဆံ့အင်အား ၂၀၀ ရာခိုင်နှုန်းထက်ကျော်လွန်ထားရှိမှု သည် အလွန်အန္တရာယ်များပါကြောင်း၊ တရားဥပဒေ စိုးမိုးရေးရှုထောင့်က ကြည့်ပါကလည်း စဉ်းစားသင့်သည့် ပြဿနာတစ်ရပ် ဖြစ်ပါကြောင်း။

ဒီမိုကရေစီ အနှစ်သာရဖြစ်သည့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်ရေးအတွက် ကော်မရှင် ၏ လုပ်ဆောင်ချက်များသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုကြောင့် ထိခိုက်နစ်နာသည့် ပြည်သူလူထုအတွက် ကုစားနိုင်ရေး မျှော်လင့်ချက် ဖြစ်သည့်အတွက် လွတ်လပ်မှုကိုအခြေခံပြီး ပိုမိုဆောင်ရွက်နိုင်စေရန် ဆန္ဒပြုပါကြောင်း ဆွေးနွေး သည်။

ဆက်လက်၍ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးရဲထွဋ်၊ ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လုလုစိုး၊ ဇဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ ပဲခူးမဲဆန္ဒ နယ်မှ ဒေါက်တာဒေါ်ရွှေပုံ၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ဇန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခေါ်)ဦးပြုံးချို၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်နှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် တို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကက အထက်ပါအစီ ရင်ခံစာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် မှတ်တမ်း တင်ခြင်းတို့ကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် ဆောင်ရွက်ရန်လျာထားကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးသန်းဝင်းက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံတကာအဂတိ လိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ (International Anti - Corruption Academy- IACA)ကို နိုင်ငံ တကာအဖွဲ့အစည်းထူထောင်ခြင်းဆိုင်ရာ သဘောတူ စာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ် ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသည် နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီ သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက် ရေးနှင့်ပတ်သက်သည့် အသိပညာနှင့် လုပ်ငန်းစဉ်များ အပေါ် ပိုမိုအမြင်ကျယ်ပြန့်စေနိုင်ခြင်း၊ IACA က စီစဉ် သည့် ကာလတိုနှင့် ဘွဲ့လွန်သင်တန်းများသို့ စေလွှတ်နိုင် ခြင်းဖြင့် နိုင်ငံတကာကကျင့်သုံးသည့် စံချိန်စံညွှန်းများ၊ အတွေ့အကြုံများအပြင် လက်တွေ့လေ့ကျင့်မှုများ ရရှိ နိုင်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ပညာရပ် တစ်ရပ်အနေဖြင့် လေ့လာဆည်းပူးနိုင်ရန် အခွင့်အလမ်း များရရှိ၍ ကျွမ်းကျင်ပညာရှင်များပေါ်ထွက်လာပြီး ရေရှည် ပြုလုပ်ရမည့်နိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စေနိုင် ခြင်း၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ အခြား အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီ (IACA)ကို နိုင်ငံတကာအဖွဲ့အစည်းအဖြစ် ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံ မှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ အပြည်ပြည် ဆိုင်ရာ Covention များနှင့် သဘောတူညီချက်များ၊ ဒေသဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်ဆိုင်ရာ ကိစ္စရပ်များတွင် အကျုံးဝင်နေသည့်အတွက် နိုင်ငံတကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအကယ်ဒမီ (IACA) ကို နိုင်ငံတကာအဖွဲ့အစည်းအဖြစ် ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော် မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါကိစ္စ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စား လှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာ သည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ ၆ လပတ် အမျိုးသား စီမံကိန်းအစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာ (၉/၂၀၁၉) တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လ အထိ လိုငွေဖြစ်ပေါ်နေသည့် စက်မှုလုပ်ငန်းများကို တွေ့ရှိ ရပါကြောင်း၊ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေကို လေ့လာသည့်အခါ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ရငွေနှင့် အသုံးစရိတ်တွင် လိုငွေသည် ငွေကျပ် သန်းပေါင်း ငါးသိန်းခန့်နှင့် စက်မှု လုပ်ငန်းသည် လိုငွေ ငွေကျပ် သန်းပေါင်း သုံးသိန်းကျော် ရှိပါကြောင်း။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းသည် နိုင်ငံ တော်အတွက် ဝင်ငွေရှာပေးသည့် ဌာနဖြစ်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် အသုံး စရိတ် အင်မတန်နည်းနေသည်ကို တွေ့ရှိရပါကြောင်း၊ ခရီးသွားလာရေး အသုံးစရိတ်ကို ပိုမိုရင်းနှီးမြှုပ်နှံပြီး နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရှာဖွေရန် အကြံပြုလို ပါကြောင်း၊ တောင်သူများ စိုက်ပျိုးရေးမပျက် ခရီးသွားလာ ရေးလုပ်ငန်း အကောင်အထည်ဖော်ရန်အတွက် စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်သည့် ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ကျေးလက်လူနေမှုဘဝ ဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ပေးမည်ဆိုပါက ကျေးလက်နေ ပြည်သူများ ဘဝကို ခရီးသွားများနှင့် ကျောင်းသားများ လေ့လာနိုင်မည် ဖြစ်သည့်အတွက် အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ပါ ကြောင်း ဆွေးနွေးသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် EDB ညွှန်ကိန်းအဆင့် သတ်မှတ် ချက်အရ မြန်မာနိုင်ငံသည် စစ်တမ်းကောက်ယူခဲ့သည့် နိုင်ငံပေါင်း ၁၉၀ အနက် ၂၀၁၇ ခုနှစ်တွင် အဆင့် (၁၇၀) ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အဆင့် (၁၇၁)၊ ၂၀၁၉ တွင် လည်း အဆင့် (၁၇၁)တွင် ရှိနေဆဲဖြစ်ပါကြောင်း၊ ထိုသို့ ဖြစ်ရခြင်းသည် စစ်တမ်းကောက်ယူခဲ့သည့် ညွှန်ကိန်း ၁၀ ခု အနက် စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်းတွင် ၂၀၁၈ ခုနှစ်ကထက် အဆင့်(၃)ဆင့် တိုးတက်လာခဲ့ပြီး လျှပ်စစ်ဓာတ်အားရရှိနိုင်မှုတွင် အဆင့်(၇)ဆင့် တိုးတက် လာခဲ့သော်လည်း ပဋိညာဉ်များ အတည်ပြု ဆောင်ရွက် ခြင်းနှင့် အကြွေးမဆပ်နိုင်မှု အခြေအနေကို ဖြေရှင်းပေးနိုင် မှုတို့၌ အဆင့်ပြောင်းလဲခြင်းမရှိခဲ့သည့်အပြင် ကျန်ညွှန်ကိန်း များဖြစ်သော ဆောက်လုပ်ခွင့်ရယူခြင်း၊ ပိုင်ဆိုင်မှု မှတ်ပုံ တင်ခြင်း၊ ချေးငွေရရှိနိုင်မှု၊ အနည်းစုရင်းနှီးမြှုပ်နှံသူများ အား အကာအကွယ်ပေးခြင်း၊ အခွန်ပေးဆောင်မှုနှင့် ပြည်ပကုန်သွယ်မှုတို့တွင် ယခင်နှစ်ကထက် အဆင့်နိမ့်ကျ သွားခဲ့ခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် EDB ညွှန်ကိန်းအဆင့်တိုးတက်စေရန်အတွက် လိုအပ် သည်များကို ဆောင်ရွက်နေခြင်းနှင့်အတူ ယခုထက်ပိုမိုပြီး ပြည်တွင်း၊ ပြည်ပအတွေ့အကြုံများကို လေ့လာခြင်း၊ အကြံဉာဏ်ယူခြင်းများနှင့် ပိုမိုကြိုးပမ်းဆောင်ရွက်သင့် ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်၊ **စာမျက်နှာ ၅ သို့** ❖



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦး



စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မိုမိုလွင်




အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ



အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အတွင်းရေးမှူး ဦးသန်းဝင်း



ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး



အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကိုရီးယားနိုင်ငံ သံအမတ်ကြီးနှင့် YTV မှ အမှုဆောင်အရာရှိချုပ်နှင့် ယူနန် TV မှ ဒုတိယအထွေထွေမန်နေဂျာ ဦးဆောင်သောအဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၄**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Sang-hwa အား ယနေ့နံနက် ၁၁ နာရီတွင်လည်းကောင်း၊ YTV မှ အမှုဆောင်အရာရှိချုပ် ဒေါ်နန်းစောထွေးနှင့် ယူနန် TV မှ New Media ဆိုင်ရာ Deputy General Manager, Mr. Yu Lei ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရုပ်ရှင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် အောက်တိုဘာ ၇ ရက်မှ ၃၁ ရက်အထိ ကျင်းပပြုလုပ်မည့် 2019 Kwanhun-KPF Press Fellowship အစီအစဉ်သို့ ပြန်ကြားရေးဝန်ကြီးဌာနမှ မီဒီယာသမားများ စေလွှတ်ပေးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

YTV မှ အမှုဆောင်အရာရှိချုပ်၊ ယူနန် TV မှ Deputy General Manager တို့နှင့် တွေ့ဆုံစဉ် ရုပ်မြင်သံကြားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် New Media ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၄**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးဝင်း (ရခိုင်ပြည်နယ်တာဝန်ခံ) တက်ရောက်ပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ၊ နိုင်ငံရေးပါတီ ၁၁ ပါတီမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းသူများအရေးဆောင်ရွက်နေသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးရေးရာအဖွဲ့မှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးဝင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများကို လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်ရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် စံ ၅ ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအားလုံး မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်စေရေးနှင့် မှန်ကန်တိကျသော မဲဆန္ဒရှင်စာရင်းများ ရရှိစေရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် လူဦးရေစာရင်း အချက်အလက်များကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အဆိုပါ စီမံချက် အပိုင်း (၁) တွင် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်းနှင့်စိစစ်ခြင်း၊ အပိုင်း (၂) တွင် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ အပိုင်း(၃)တွင် ပြောင်းလဲနေသော လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများကို လစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အပိုင်း(၄)တွင် အခြေခံမဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာခြင်းဟူ၍ အပိုင်းလေးပိုင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူဦးရေစာရင်း အချက်အလက်များ ကောက်ယူပြုစုခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အဓိကတာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက စိစစ်ပေးမည်ဖြစ်ကြောင်း၊ ကောက်ယူရရှိသည့် စာရင်းများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက မဲဆန္ဒရှင်စာရင်းအဖြစ် စိစစ်ပြုစုသွားမည်ဖြစ်ပါကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားများ မဲပေးခွင့်မဆုံးရှုံးစေရေးနှင့် မှန်ကန်တိကျသည့် မဲဆန္ဒရှင်စာရင်း ရရှိရေးအတွက် လူဦးရေစာရင်းနှင့် အချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေးမှာ လွန်စွာအရေးကြီးပါကြောင်း၊ လူဦးရေစာရင်းကောက်ယူသည့်အဖွဲ့များ လာရောက်ချိန်တွင် အချက်အလက်များ မှန်ကန်စေရေး မဲဆန္ဒရှင်ပြည်သူလူထု ပူးပေါင်းကူညီဆောင်ရွက်စေရန်အတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်တင်လှိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉ - ၂၀၂၂) ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ မေးမြန်းချက်များနှင့် အကြံပြုဆွေးနွေးချက်များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၄ မှ

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကွယ်ကွယ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးခင်မျိုးဝင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးမောင်မောင်အုန်း၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို့နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းတို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကက အထက်ပါအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ကျန်ရှိသည့် အစီအစဉ်များကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့ထားသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၉/၂၀၁၉) တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ပြည်သူများကို စေတနာရှေ့ထားပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးကို လုပ်နေသည်ဆိုသည့် အကြောင်းပြချက်ကို နားလည်ရခက်နေပါကြောင်း၊ ဓာတ်အားခဆုံးရှုံးမှုများကို ကာမိစေရန် ဓာတ်အားခတိုးမြှင့်ကောက်ခံခြင်းသည် အဖြေမှန်မဟုတ်ပါကြောင်း။

**AMI စနစ်နှင့် စမတ်မီတာများအသုံးပြုပြီး လျှပ်စစ်ဓာတ်အားခ သုံးစွဲခြင်း၊ ပေးဆောင်ခြင်းတို့တွင် အကျင့်ပျက် ခြစားမှုများ လုံးဝမဖြစ်စေသည့်စနစ်မျိုး နိုင်ငံအနှံ့ဖော်ဆောင်ရန် အထူးလိုအပ်**

ဓာတ်အားခဆုံးရှုံးမှုများကို ကုစားရန် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံ၊ ပန်းဘဲတန်းမြို့နယ်တို့တွင် ပိုင်းလော့ပရောဂျက်အနေဖြင့် ဆောင်ရွက်ခဲ့သကဲ့သို့ ပျောက်ဆုံးယူနစ်များအတွက် လစဉ် သန်း ဆယ်ချီသည့် ဝင်ငွေများပြန်ရနေပြီဖြစ်၍ အစ္စရေး ဆော့ဖ်ဝဲနည်းပညာအခြေခံသည့် AMI စနစ်နှင့် စမတ်မီတာများအသုံးပြုပြီး လျှပ်စစ်ဓာတ်အားခ သုံးစွဲခြင်း၊ ပေးဆောင်ခြင်းတို့တွင် အကျင့်ပျက် ခြစားမှုများ လုံးဝမဖြစ်စေသည့်စနစ်မျိုး နိုင်ငံအနှံ့ဖော်ဆောင်ရန် အထူးလိုအပ်နေပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့်တို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကက အထက်ပါအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ကျန်ရှိသည့် အစီအစဉ်များကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရန်လျာထားကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း- မော်စီ၊ မွှေးကြူဇင်**
**ဓာတ်ပုံ-ထန်းဖုန်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ IFC နှင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ မွန်းလွဲ ၂ နာရီက International Finance Corporation (IFC) ၏ Senior Operations Officer, Mr. Colin Taylor နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်မှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့အား ပြည်ထောင်စု ဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် အာဖရိကဝက်အပြင်းဖျားရောဂါကို (က) အဆင့် စာရင်းဝင် ကူးစက်ရောဂါအဖြစ် သတ်မှတ်ခဲ့ပြီး နောက် အာဖရိကဝက်အပြင်းဖျားရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အာဖရိကဝက်အပြင်းဖျားရောဂါဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရေး၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၏ တိရစ္ဆာန်နှင့် ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများတွင် Polymerase Chain Reaction (PCR) နှင့် Enzyme-linked Immunosorbent Assay (ELISA)နည်းများဖြင့် အာဖရိကဝက်အပြင်းဖျားရောဂါအား ရှာဖွေစစ်ဆေးခြင်း ကိစ္စ ၊ FAO နှင့်အတူ ပူးပေါင်း၍ အာဖရိကဝက်အပြင်း ဖျားရောဂါဖြစ်ပွားမှု လျော့ကျရေးအတွက် ကြိုတင် ကာကွယ်မှုဆိုင်ရာ မဟာဗျူဟာများနှင့်ပတ်သက်၍ သင်တန်းပို့ချဆောင်ရွက်ခဲ့မှု၊ အာဖရိကဝက်အပြင်းဖျား ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့်ကိစ္စ၊ ရောဂါကာကွယ်ရေးနှင့် တုံ့ပြန် နိုင်ရေးအတွက် မြို့နယ်များမှ တိရစ္ဆာန်ဆေးကုဆရာဝန် များအား သင်တန်းပေးဆောင်ရွက်နေမှု၊ အာဖရိက ဝက်အပြင်းဖျားရောဂါ အပါအဝင် အခြားသောရောဂါ ဖြစ်ပွားမှုကို ရောဂါစူးစမ်းလေ့လာရေး နည်းပြသင်တန်း များ ဖွင့်လှစ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆိုင်ရာ များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် ဇူလိုင် ၂၄**
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါး နှင့်ပြစ်မှုဆိုင်ရာရုံး(UNODC) တို့ ပူးပေါင်းကျင်းပ သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit- CPU) နည်းပညာ ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အမှတ်စဉ် (၂/၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည် တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

**ပိုမို၍ကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးနိုင်မည်**

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ မှစတင်၍ ပြည်ထောင်စုဝန်ကြီးဌာန ၁၄ ခုတွင် ရှေ့ပြေး စီမံချက်ဖြင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ မိမိတို့၏ စိတ်ဆန္ဒ အလျောက် ထပ်မံဖွဲ့စည်းလာသည့် ပြည်ထောင်စုဝန်ကြီး ဌာနများ ရှိလာသဖြင့် ယခုအခါ ပြည်ထောင်စုဝန်ကြီး ဌာန ၁၈ ခုတွင် CPU ၃၂ ဖွဲ့ ဖွဲ့စည်းထားပြီး ဖြစ်ပါ ကြောင်း၊ ကော်မရှင်အနေဖြင့်လည်း CPU တစ်ခုချင်းစီ၏ လုပ်ဆောင်ချက်များကို ကော်မရှင်၏ နှစ်ပတ်လည် အစီရင်ခံစာတွင်ဖော်ပြ၍ နိုင်ငံတော်သမ္မတနှင့် အကြီး အကဲများသာမက ပြည်သူလူထုတစ်ရပ်လုံးသို့လည်း ပွင့်လင်းမြင်သာစွာ အသေးစိတ် တင်ပြသွားမည်ဖြစ်ပါ ကြောင်း၊ သို့ဖြစ်ပါ၍ CPU များအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝဖြင့် မိမိတို့၏ ရည်မှန်းချက်တာဝန် များကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက် သွားကြရန် လိုအပ်ပါကြောင်း၊ CPU များသည် အချို့ ဝန်ကြီးဌာနများတွင် ထိထိရောက်ရောက် စတင်လှုပ်ရှား ဆောင်ရွက်နေပြီဖြစ်ပြီး ယခုဒုတိယအကြိမ် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် CPU နည်းပညာနှင့် လက်သုံး ကိရိယာများ အသစ်တပ်ဆင်ပေးမည်ဖြစ်သဖြင့် မကြာမီ တွင် ပြည်သူလူထုကို ပိုမို၍ကျယ်ပြန့်စွာ ဝန်ဆောင်မှု ပေးနိုင်မည် ဖြစ်ကြောင်း။

ယနေ့ပြုလုပ်သည့် နည်းပညာဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ(၂/၂၀၁၉)တွင် ဘာသာရပ်အသစ်များ အနက် ကမ္ဘာ့ဘဏ်အုပ်စု၊ မြန်မာနိုင်ငံဆိုင်ရာရုံးက CPU Toolkit အဖြစ် လွှဲပြောင်းပေးအပ်မည့် Proactive Beneficiary Engagement –PBE လုပ်ငန်းသုံး ပရိဂရမ်တစ်ခုလည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ ဤပရိဂရမ် သည် မိမိတို့၏ လိုအပ်ချက်နှင့်အညီ အသေးစားအဂတိ လိုက်စားမှုများကို တိုက်ဖျက်ရာတွင် များစွာအသုံးဝင် လာမည် ဖြစ်ပါကြောင်း၊ ဤနည်းပညာသည် CPU အဖွဲ့ဝင်များနှင့် ဝန်ဆောင်မှုရယူသော ပြည်သူတစ်ဦး ချင်းတို့ကို တိုက်ရိုက်ချိတ်ဆက်ပေးပြီး မိမိရုံးဌာနတာဝန် ကို အလွဲသုံးစားပြုလုပ်နေသော တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ရပ်/ကျေးရုံးမှ ဝန်ထမ်းများကို ပြုပြင်ထိန်းကျောင်း အရေးယူခြင်းပြုနိုင်သည့် နည်းပညာဖြစ်ပါကြောင်း။

**လူအများက အသိအမှတ်ပြုလာ**

ထိရောက်သော အရေးယူဆောင်ရွက်မှုများကြောင့် အဂတိလိုက်စားမှုသည် ဘေးအန္တရာယ်ကြီးမားကြောင်း လူအများက အသိအမှတ်ပြုလာကြပြီဖြစ်ပါကြောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးခရီး ရှေ့ကိုပိုမိုရောက် လာသည်နှင့်အမျှ အဂတိလိုက်စားမှု ပြုလုပ်လျှင် ဖော်ထုတ်အရေးယူခြင်းခံရမည့် ဘေးအန္တရာယ်သည် ပိုကြီးမားလာရန်သာရှိပါကြောင်း၊ ထို့ကြောင့် ပြည်သူ့ ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများသည် အဂတိလိုက်စား မှုဘေးအန္တရာယ်ကို မိမိအပါအဝင် မိမိဌာနအဖွဲ့အစည်းများ ပေါ်သို့ ကျရောက်မလာစေရန်အတွက် အထူးသတိဝီရိယ ရှိကြရန် လိုအပ်ပါကြောင်း၊ CPU များ၏ လုပ်ငန်းတာဝန် သည် မိမိဌာနအဖွဲ့အစည်းအား အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များမှ ကင်းဝေးစေရန် ဖြစ်သလို အများပြည်သူအကျိုးစီးပွားကို ကာကွယ်ပေး နိုင်ရန်လည်း ဖြစ်သည့်အတွက် ဌာနအကျိုးနှင့် အများ ပြည်သူအကျိုးတို့ တစ်ထပ်တည်းဖြစ်ပေါ်စေပါကြောင်း၊ ထို့ကြောင့် CPU ၏ လုပ်ငန်းတာဝန်များအပေါ် ဒွိဟ သံသယပွားမနေတော့ဘဲ တာဝန်ရှိသူများနှင့်တကွ နိုင်ငံ့ဝန်ထမ်းများပါ CPU ၏ ရည်မှန်းချက်များအတိုင်း စေတနာထား ပူးပေါင်းဆောင်ရွက်ပေးသွားကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ Resident Representative, Mr. Peter Batchelor က ပြည်ထောင်စုဝန်ကြီးဌာန ၁၈ ခုတွင် CPU အဖွဲ့ ၃၂ ဖွဲ့ ဖွဲ့စည်းထားနိုင်သဖြင့် အောင်မြင် နေပြီဖြစ်ကြောင်း၊ CPU အဖွဲ့များ၏ လုပ်ငန်းဆောင်တာ များ ထိရောက်အောင်မြင်ရန်တွက် ကော်မရှင်နှင့် ပူးပေါင်း ဆောင်ရွက်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နိုင်ငံရေးစိတ်ဆန္ဒ ပြင်းပြစွာ အလေးထားပြောဆိုနေမှုကို များစွာဂုဏ်ယူမိပါ ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဦးဆောင်မှုကောင်းရန်၊ ပြည်သူများ စိတ်ဓာတ်ကောင်း ရန်နှင့် အချိန်လိုအပ်ပါကြောင်း ပြောကြားသည်။

**ဆောင်ရွက်ရမည့်နည်းလမ်းများ ဖော်ထုတ်**

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှ Anti-Corruption Programme Manager, Ms. Marie PegieCauchois က အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူအားလုံးသည် ဒီမိုကရေစီစနစ်ကူးပြောင်းရာတွင် အရေးပါသည့် ကိစ္စရပ် များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီအစိုးရ အားလုံးအတွက် အဂတိလိုက်စားမှုသည် ခေါင်းခဲစရာ ကိစ္စဖြစ်နေပြီး အဂတိတိုက်ဖျက်ရေးကို အလေးထား ဆောင်ရွက်နေကြကြောင်း၊ အဂတိလိုက်စားမှုဖြစ်ပွားစေ သည့် အကြောင်းအရာများကို လျော့ပါးအောင် ဆောင်ရွက်ရမည့်နည်းလမ်းများ ဖော်ထုတ်ရန် အရေးကြီး ကြောင်း၊ ပြည်သူများကလည်း ပူးပေါင်းပါဝင်ရန် အရေး ကြီးပြီး ပြည်သူကို ဝန်ဆောင်မှုပေးနေသော နိုင်ငံ့ဝန်ထမ်း များအနေဖြင့် ဖြောင့်မတ်တည်ကြည်မှုရှိရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့် တက်ရောက်လာ သူများသည် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ UNDP ၊ UNODC နှင့် ကမ္ဘာ့ဘဏ်တို့မှ ပညာရှင်များက သက်ဆိုင်ရာ ဘာသာရပ်များနှင့်စပ်လျဉ်း ၍ ရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းထားသော ပြည်ထောင်စုဝန်ကြီး ဌာန ၁၈ ခုနှင့် ကော်မရှင်ရုံးမှ သင်တန်းသား စုစုပေါင်း ၁၅၆ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**
မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင် သော ကုမ္ပဏီလီမိတက်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၂၉)ကြိမ်မြောက် အရပ်ရပ် ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးအား နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခို ရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနချုပ် များ၊ တပ်ရင်း၊ တပ်ဖွဲ့များနှင့် စစ်မှုထမ်းဟောင်း အဖွဲ့များမှ ကိုယ်စားလှယ်များ၊ အစုရှယ်ယာ ရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အဖွင့်အမှာ စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာကို ဒါရိုက်တာ ဦးယုလွင်က လည်းကောင်း၊ ကုမ္ပဏီ၏ နှစ်ချုပ်စာရင်းရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာကို မြန်မာနိုင်ငံစာရင်းကောင်စီမှ အသိအမှတ်ပြုထားသော ဦးလှထွန်းနှင့်အဖွဲ့ လီမိတက် (ပြင်ပစာရင်းစစ်အဖွဲ့)မှ ဦးမောင် မောင်အောင်က လည်းကောင်း၊ အမြတ် ဝေစုခွဲဝေပေးမှု အခြေအနေကို ဒါရိုက်တာ ဦးသန်းဝင်းက လည်းကောင်း၊ မြန်မာ့စီးပွား ရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက် မည့် ရှေ့လုပ်ငန်းစဉ်များအား ဒါရိုက်တာ ဦးသိုက်က လည်းကောင်း လုပ်ထုံးလုပ်နည်း အရ ရှင်းလင်းတင်ပြခြင်းနှင့် အတည်ပြုခြင်း တို့ကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇



ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာနှီးနှောဖလှယ်ပွဲကျင်းပ





**နေပြည်တော် ဇူလိုင် ၂၄**

လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာနှီးနှောဖလှယ်ပွဲ (မသန်စွမ်းကလေးများအတွက်အကျုံးဝင်မှု) Seminar on Inclusive Education-Inclusion for Children with Disabilities ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

**အဖွင့်အမှာစကားပြောကြား**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနသည် နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်နှင့်အညီ အခြေခံပညာကို နိုင်ငံသားတိုင်းသင်ယူတတ်မြောက်ရေး၊ ကျောင်းနေအရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူများအပါအဝင် လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်၊ အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှုအစီအစဉ်များအရ ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးတစ်ခုခုတွင် အခြေခံပညာသင်ယူနိုင်ခွင့်ရရှိရေး၊ အခမဲ့မသင်မနေရမူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်နိုင်ရေးမူဝါဒများနှင့်အညီ မည်သည့်ခွဲခြားမှုမျှမရှိဘဲ ပညာသင်ယူခွင့်ရရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရှိစေရေး၊ ကျောင်းနေမြဲ၍ ကျောင်းထွက်သူမရှိစေရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ၏ ပညာရေး ရည်မှန်းချက်များနှင့်အညီ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာအရည်အသွေး၊ အခွင့်အလမ်းနှင့် လူတိုင်းအကျုံးဝင်မှုကဏ္ဍကို ပိုမိုအားကောင်းလာစေရန်အတွက် အလေးပေးဆောင်ရွက်ရာတွင် သင်ယူသူအားလုံး၏ လိုအပ်ချက်များကို အသိအမှတ်ပြုပြီး ကျေးလက်၊ မြို့ပြ၊ ဆင်းရဲ၊ ချမ်းသာ၊ ဘာသာရေး၊ ဘာသာစကား၊ ကျား၊ မ၊ သန်စွမ်းမှု၊ မသန်စွမ်းမှုနှင့် အခြားသော အကြောင်းရင်းများကို မည်သည့်ခွဲခြားမှုမျှမရှိဘဲ လူတိုင်းအကျုံးဝင်ပညာရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူဦးရေ ၄ ဒသမ ၆ ရာခိုင်နှုန်းခန့် ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ မသန်စွမ်းကလေးသူငယ်များသည် ကျန်းမာရေးနှင့်ပညာရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိရန်နည်းပါးခြင်း၊ လူ့အဖွဲ့အစည်းအတွင်း ၎င်းတို့၏ ကြုံတွေ့နေရသော အခက်အခဲများရှိခြင်းတို့ကို ၂၀၁၆ ခုနှစ်တွင်ထုတ်ဝေခဲ့သည့် မသန်စွမ်းကလေးများ၏ အခြေအနေလေ့လာဆန်းစစ်မှု အစီရင်ခံစာတွင်ဖော်ပြထားပါကြောင်း။

မသန်စွမ်းကလေးများအနေဖြင့် အခြားသော ကလေးငယ်များနည်းတူ ပညာသင်ယူခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်စောင့်ရှောက်ခွင့်များ ခံစားရရှိစေရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံး ပူးပေါင်း၍ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကချင်၊ မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်ရှိ အခြေခံပညာကျောင်းများ၌ မသန်စွမ်းမူလတန်းကျောင်းသား ၈၄၃ ဦး၊ အလယ်တန်းကျောင်းသား ၃၅၂ ဦး၊ အထက်တန်းကျောင်းသား ၈၆ ဦးဖြင့် စုစုပေါင်း ၁၂၈၁ ဦး ပညာသင်ယူလျက်ရှိပါကြောင်း၊ ၎င်းတို့အားပညာသင်ထောက်ပံ့ကြေးအနေဖြင့် မူလတန်းအဆင့်အားတစ်လလျှင် ကျပ် ၅၀၀၀ (တစ်နှစ်လျှင် ကျပ် ၅၀၀၀၀)၊ အလယ်တန်းအဆင့်အားတစ်လလျှင် ကျပ် ၈၀၀၀ (တစ်နှစ်လျှင် ကျပ် ၈၀၀၀၀)၊ အထက်တန်းအဆင့်အား တစ်လလျှင်ကျပ် ၁၀၀၀၀ (တစ်နှစ်လျှင်ကျပ် ၁၀၀၀၀၀) နှုန်းဖြင့် ထောက်ပံ့ ပေးလျက်ရှိပါကြောင်း။

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်မှုတွင်လည်း အမြင်အာရုံချို့တဲ့သူ ၂၄ ဦးဖြေဆိုရာတွင် လေးဦး အောင်မြင်ခဲ့ပါကြောင်း၊ အကြားမသန်စွမ်းသူ ၁၅ ဦး ဖြေဆိုရာတွင် နှစ်ဦးအောင်မြင်ခဲ့ပါကြောင်း၊ ကိုယ်လက်မသန်စွမ်းသူ ၁၁၁ ဦး ဖြေဆိုရာတွင် ၂၆ ဦးအောင်မြင်ခဲ့ပါကြောင်း၊ အရည်အသွေးရှိသောပညာရေးဖြင့် လူတိုင်းအကျုံးဝင်ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရေးအကြီးဆုံးမှာ တတိယတန်းပြီးသော ကျောင်းသားကျောင်းသူများအားလုံး ဖတ်တတ်၊ တွက်တတ်၊ ရေးတတ်ရန်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများက ပျော်ရွှင်စွာဖြင့် ပညာရေးကို တန်ဖိုးထား သင်ကြားသင်ယူပေးနိုင်မှသာ သင်ယူတတ်မြောက်ရန်ခက်ခဲသော ကျောင်းသားကျောင်းသူများကို သင်ယူမှုပတ်ဝန်းကျင်ကောင်းဖြင့် သင်ယူပြီးမြောက်မှုစွမ်းရည်ကောင်းများရရှိအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

ယနေ့ ၂၁ ရာစုတွင် တစ်သက်တာသင်ယူရန်နှင့် ကျွမ်းကျင်မှုများရရှိရန် လေ့ကျင့်ဖို့လိုအပ်သလို ကောင်းမွန်သောသဘောထားအမြင်နှင့် အပြန်အလှန်နားလည်၊လေးစား၊ တန်ဖိုးထားပြီးကူညီတတ်ရန်လည်းလိုအပ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်တတ်ရန်နှင့် တာဝန်ယူ၊ တာဝန်ခံပြီး အကောင်းဆုံးဆောင်ရွက်နိုင်မှသာ ကိုယ့်ကိုယ်ကိုယ်အားကိုးပြီး ကောင်းမွန်သော ဘဝကိုပိုင်ဆိုင်နိုင်သော အခွင့်အလမ်းရှိမည်ဖြစ်ပါကြောင်း၊ ဆန်းသစ်တီထွင် ဖန်တီးနိုင်သော စွမ်းရည်များရရှိရေးနှင့် တစ်သက်တာသင်ယူလေ့ကျင့်ပြီး ပရော်ဖက်ရှင်နယ်ဖြစ်လာစေရေးတို့ကို ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် Paul Edwards UNICEF (Deputy Representative) က နှီးနှောဖလှယ်ပွဲနှင့်ပတ်သက်၍ ဖြည့်စွက်အမှာစကားပြောကြားသည်။

**စုပေါင်းဓာတ်ပုံရိုက်**

ယင်းနောက် အမှတ်တရစုပေါင်းဓာတ်ပုံများ ရိုက်ကူးကြပြီး နှီးနှောဖလှယ်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။

ယနေ့ နှီးနှောဖလှယ်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီး၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရေးကောလိပ်နှင့် အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း (၈၂) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၈၂) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ (၈၁) ကြိမ်မြောက် မြန်မာနိုင်ငံကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး ကျင်းပခဲ့သည့် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

**နည်းဥပဒေများနှင့်အညီ ဆောင်ရွက်**

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ကြီးမြတ်သောရည်ရွယ်ချက်များနှင့် အသင်းဝင်များ၏ ကိုယ်ကျိုးမကြည့်ဘဲ ဆောင်ရွက်သောစိတ်ဓာတ်များကြောင့် လုပ်ငန်းများအောင်မြင်မှုရရှိသည်ကို တွေ့ရှိရသဖြင့် အသင်းဝင်များအား လေးစားဂုဏ်ပြုပါကြောင်း၊ ယခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်မည့် (၁၃) ကြိမ်မြောက် ကြက်ခြေနီညီလာခံတွင် အသင်း၏ သုံးနှစ်သက်တမ်းအတွက် တာဝန်ထမ်းဆောင်မည့် အလွှာအသီးသီးမှ ဗဟိုကောင်စီဝင် ၇၁ ဦးအနက် အလုပ်အမှုဆောင် ၁၁ ဦးကို ရွေးချယ်သွားရမည်ဖြစ်ပါကြောင်း။

ထိုသို့ရွေးချယ်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေ၊ နည်းဥပဒေများ၊ ချမှတ်ထားသည့် လမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများဖြင့် ပွင့်လင်းမြင်သာစွာ စနစ်တကျ ဆောင်ရွက်သွားစေလိုပါကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို လက်တွေ့ဆောင်ရွက် အကောင်အထည်ဖော်မည့် နည်းဥပဒေများနှင့်အညီ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြစေလိုပါကြောင်း။

အသင်းကြီးက လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သောလုပ်ငန်းများကို ဘက်စုံခြုံငုံသုံးသပ်ဆန်းစစ်ပြီး အဆိုပါအတွေ့အကြုံများကို အခြေခံ၍ ရှေ့လာမည့်နှစ်များတွင် ပြောင်းလဲဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို မှန်းဆကာ အမှန်တကယ် လက်တွေ့ဆောင်ရွက်နိုင်မည့် မဟာဗျူဟာများ၊ ရှေ့လုပ်ငန်းစဉ်များ၊ စီမံချက်များ ရေးဆွဲချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ဘေးအန္တရာယ်ဖြစ်စဉ်များတွင် ဆောင်ရွက်ခဲ့သည့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းဖြင့် အားသာချက်၊ အားနည်းချက်နှင့် လိုအပ်ချက်များကို ထင်ရှားစွာသိရှိနိုင်မည်ဖြစ်ပြီး ရှေ့လာမည့် ကာလများတွင် ပိုမိုကောင်းမွန်ထိရောက်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူက အသင်းကြီး၏ ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်နန်းထွမ်းလှက (၈၁)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှက (၈၂)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးသို့ တင်သွင်းသည့် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို လည်းကောင်း၊ အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဒေါ်အမယာမော်နိုင်က အသင်းဌာနချုပ်၏ ၂၀၁၉ ခုနှစ် ပထမခြောက်လပတ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကင်ဘွိုင်းက အမှုဆောင်အဖွဲ့၏ ဘဏ္ဍာရေးအစီရင်ခံစာနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

**စက်ဘီးလွှဲပြောင်းပေးခြင်းများ ဆောင်ရွက်မည်**

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကြက်ခြေနီကြီးကြပ်မှုကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၈၂)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးကို ဇူလိုင် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယနေ့တွင် အစည်းအဝေးဆုံးဖြတ်ချက်များချမှတ်ခြင်း၊ Volunteer on Wheels စီမံချက်အကြောင်း ရှင်းလင်းတင်ပြခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကြီးကြပ်မှုကော်မတီများသို့ စက်ဘီးများ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အာဆီယံတို့နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံအနေဖြင့် နေရပ်ပြန်လာမည့်သူများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရေးကို ဆောင်ရွက်လျက်ရှိ

## ဘက်မလိုက်လှုပ်ရှားမှု ညှိနှိုင်းရေးဗျူရိုဝန်ကြီးအဆင့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဇူလိုင် ၂၄**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဗင်နီဇွဲလားနိုင်ငံ ကာရာကတ်စ်မြို့၌ ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ညှိနှိုင်းရေးဗျူရိုဝန်ကြီးအဆင့် အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပြီး "အပြည်ပြည်ဆိုင်ရာ ဥပဒေလေးစားလိုက်နာခြင်းဖြင့် ငြိမ်းချမ်းမှုမြှင့်တင်ရေးနှင့် ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးမှု အစီအစဉ်တွင် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။




**သဘာပတိအဖြစ်ဆောင်ရွက်**

အဆိုပါအစည်းအဝေးတွင် လက်ရှိဘက်မလိုက်လှုပ်ရှားမှု ဥက္ကဋ္ဌ ဗင်နီဇွဲလား နိုင်ငံခြားရေးဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင် နိုင်ငံပေါင်း၇၈ နိုင်ငံ၊ လေ့လာသူ လေးနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ခုနစ်ခု၊ အထူးဖိတ်ကြားထားသည့် ဧည့်နိုင်ငံ နှစ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဇူလိုင် ၂၀ ရက်တွင် ကျင်းပသည့် ဝန်ကြီးအဆင့် အစည်းအဝေး၏ ပထမနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မိန့်ခွန်းပြောကြားရာ၌ ဘက်မလိုက်လှုပ်ရှားမှု (Non- Aligned Movement- NAM) အဖွဲ့ကြီးသည် စစ်အေးကာလ အရှိန်မြင့်တက်နေချိန်ကာလတွင် ဘန်ဒေါင်းမူဝါဒများကို အခြေခံ၍ စတင်ဖွဲ့စည်းခဲ့ပြီး ငြိမ်းချမ်း၍ သာယာဝပြောသည့် ကမ္ဘာကြီး ပေါ်ပေါက်လာစေရန်နှင့် တရားမျှတခြင်း၊ သာတူညီမျှခြင်းတို့နှင့်အတူ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ ကံကြမ္မာကို လွတ်လပ်စွာဖြင့် စဉ်းစားဆုံးဖြတ်နိုင်စေရေးတို့ကို မျှော်မှန်းခဲ့ကြောင်း၊ ယနေ့ကမ္ဘာ့အခြေအနေများ ပြောင်းလဲလာခဲ့ပြီဖြစ်သော်လည်း ဘက်မလိုက်လှုပ်ရှားမှု၏ အခြေခံမူကြီးများနှင့် မူလရည်မှန်းချက်ကြီးများမှာ ယနေ့တိုင်ဆီလျော်မှန်ကန်နေဆဲဖြစ်ကြောင်း၊ ဘက်မလိုက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း အဖွဲ့ကြီး၏ အခြေခံမူကြီးများ၊ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ခိုင်မြဲရေးကို လေးစားလိုက်နာရေး၊ တရားမျှတမှု၊ သာတူညီမျှမှုနှင့် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်လေးစားမှုရှိရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရေးစသည့် အခြေခံမူဝါဒများကို အစဉ်အမြဲ လေးစားလိုက်နာရန် လိုအပ်ကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်နှင့် မိမိတို့၏ ပြည်တွင်းရေးပြဿနာကို နိုင်ငံ၏ ပကတိအခြေအနေ၊ အနေအထားနှင့် အသင့်တော်ဆုံးဖြစ်သည့် နည်းလမ်းဖြင့် ဖြေရှင်းခွင့်ရရှိရန် အလှမ်းဝေးနေဆဲဖြစ်နေသေးကြောင်း၊ အချို့ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် ပြဿနာအား ငြိမ်းချမ်းသည့်နည်းလမ်းဖြင့် ဖြေရှင်းပေးခြင်းထက် ဝေဖန်အပြစ်ပေးအရေးယူရေးကိုသာ အာရုံစိုက်နေကြကြောင်း၊ ကုလသမဂ္ဂ၏ တာဝန်မှာ ပြဿနာဖြစ်ပွားနေသည့် အသိုက်အဝန်းများအကြား စိတ်ဝမ်းကွဲမှု ပိုမိုဖြစ်ပွားလာစေခြင်းထက် ပိုမိုနီးကပ်မှု ရှိလာစေရေးအတွက် ဆောင်ရွက်ပေးရန်သာဖြစ်ကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင် နိုင်ငံများအနေဖြင့် ကမ္ဘာ့စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်နိုင်ရန်အတွက် အဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှုသည် အလွန်အရေးကြီးကြောင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးအကျိုးအမြတ်ရရှိစေရန်ရည်ရွယ်၍ အခြားအဖွဲ့ဝင်နိုင်ငံများအပေါ် ထိခိုက်နစ်နာစေမည့် လုပ်ရပ်မျိုးအတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အား အလွဲသုံးစားပြုလုပ်ခြင်းကို ခွင့်မပြုသင့်ကြောင်း အလေးပေး ပြောကြားခဲ့သည်။

**ရှင်းလင်းစွာ ဖော်ပြထား**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်အတွက် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီအပေါ် သက်ရောက်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေ မူဝါဒများကို လေးစားလိုက်နာရန် အထူးအရေးကြီးကြောင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေအရ အရေးယူမှုများ ပြုလုပ်ရာ၌ ဓမ္မဓိဋ္ဌာန်ကျရေး၊ ဘက်မလိုက်ရေး၊ စံနှုန်းနှစ်မျိုး ကျင့်သုံးမှု (Double Standard) ကို ရှောင်ရှားရေးဟူသည့် မူဝါဒများပေါ်တွင် အခြေခံရမည်ဖြစ်ကြောင်း၊ ရောမစာချုပ် (Rome Statute) ၏အဖွဲ့ဝင်နိုင်ငံမဟုတ်သည့် နိုင်ငံတစ်နိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) ၏ တရားစီရင်ပိုင်ခွင့် တောင်းဆိုနေသည့်ကိစ္စမှာ မိမိတို့အတွက် စိုးရိမ်ပူပန်ဖွယ်ရာဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ စာချုပ်များဆိုင်ရာ ကုလသမဂ္ဂ ဗီယင်နာကွန်ဗင်းရှင်း (၁၉၆၉) (1969 UN Vienna Convention on International Treaties) တွင် မည်သည့် စာချုပ်ကမှ ယင်းစာချုပ်အား အတည်ပြု ပါဝင်ထားခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံအပေါ်တွင် အာဏာသက်ရောက်ခြင်း မရှိစေရဟု ရှင်းလင်းစွာ ဖော်ပြထားကြောင်း၊ အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံတစ်နိုင်ငံအပေါ် တရားစီရင်ခွင့် ချဲ့ထွင်လာခြင်းသည် စာချုပ်အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံအားလုံးအထိ ဂယက်ရိုက်ခတ်လာမည်ဖြစ်ပြီး ကာလကြာမြင့်စွာဖြင့် အခိုင်အမာတည်ရှိလာခဲ့သည့် ဥပဒေပိုင်းဆိုင်ရာ မူဝါဒများကိုလည်း စိန်ခေါ်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ ယင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူဝါဒများနှင့်လည်း သွေဖည်သွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် အလွန်အန္တရာယ်ရှိသည့် အစဉ်အလာတစ်ခု ဖြစ်သွားစေမည်ဖြစ်ကြောင်း ထည့်သွင်း ပြောကြားခဲ့သည်။

**သမိုင်းတစ်လျှောက် နက်ရှိုင်းစွာအမြစ်တွယ်**

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အခွင့်ကြုံခိုက် ရှင်းလင်းပြောကြားခဲ့ရာ၌ ရခိုင်ပြည်နယ် မြောက်ပိုင်းကိစ္စသည် မြန်မာအစိုးရ ကြိုးပမ်းဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကာလတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအနက် တစ်ခုမျှသာဖြစ်ကြောင်း၊ သို့သော်လည်း ယင်းကိစ္စအား ဘာသာရေးပြဿနာတစ်ရပ်အဖြစ် မှားယွင်းစွာ ပုံဖော်ရေးသားထုတ်လွှင့်လျက်ရှိသည့် တစ်ဖက်သတ် သတင်းမီဒီယာလှုံ့ဆော်မှုများကြောင့် ရခိုင်ပြည်နယ်အရေး၏ မကောင်းသည့် ရှုထောင့်ကိုသာ ကမ္ဘာက အထူးအာရုံစိုက်လျက်ရှိကြောင်း၊ အမှန်စင်စစ် ရခိုင်ပြည်နယ်ကိစ္စသည် ဘာသာရေးဖိနှိပ်မှု ပြဿနာတစ်ရပ် မဟုတ်ကြောင်း၊ ထို့ပြင် အကျယ်တဝင့် ချဲ့ကားပုံဖော်နေကြသကဲ့သို့ တိုင်းရင်းသားမျိုးနွယ်စု တစ်ခုအား နိုင်ငံအတွင်းမှ မောင်းထုတ်နေခြင်းလည်း မဟုတ်ကြောင်း၊ ယင်းသည် ကိုလိုနီခေတ်ကတည်းက စတင်ခဲ့သော ပုံမှန်မဟုတ်သည့် နယ်စပ်ဖြတ်ကျော် ဝင်ရောက်မှု၊ ဆင်းရဲမှု၊ တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံမှု မရှိခြင်းတို့ ရောယှက်ပါဝင်နေသည့် နိုင်ငံရေးနှင့် စီးပွားရေးပြဿနာ တစ်ရပ်ပင်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားမျိုးနွယ်စု အသိုက်အဝန်းများနှင့် ရွှေ့ပြောင်း အသိုက်အဝန်းများအကြား အပြန်အလှန် ယုံကြည်မှုကင်းမဲ့မှုနှင့် ကြောက်ရွံ့မှုနှင့် တင်းမာမှုတို့သည် သမိုင်းတစ်လျှောက် နက်ရှိုင်းစွာ အမြစ်တွယ်လာခဲ့ကြောင်း၊ အသိုက်အဝန်းနှစ်ရပ် သဟဇာတ မျှတစွာဖြင့် အတူတကွ ပြန်လည်ပေါင်းစည်းနေထိုင်နိုင်ရန်အတွက် အချိန်ယူရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ အခြားနေရာများတွင်မူ ကိုးကွယ်မှု အယူဝါဒ ကွဲပြားသူများသည် ငြိမ်းချမ်းစွာနှင့် သဟဇာတမျှတစွာဖြင့် အတူယှဉ်တွဲနေထိုင်လျက်ရှိကြကြောင်း၊ ထို့အပြင် မတူညီသည့် ကိုးကွယ် ယုံကြည်သူများ၏ ဘာသာရေးအဆောက်အအုံများသည်လည်း မြန်မာနိုင်ငံရှိ မြို့အများအပြားတွင် တစ်ခုနှင့်တစ်ခု နီးနီးကပ်ကပ်တည်ရှိနေကြကြောင်း၊ ယခုကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ အကဲဖြတ် သုံးသပ်ဆုံးဖြတ်ချက် မချမှတ်မီ မတူညီသည့်နောက်ကြောင်းရာဇဝင်၊ သမိုင်းဆိုင်ရာ အချက်အလက်များနှင့် လက်ရှိပေါ်ပေါက်နေသည့် ဒေသတွင်း ပဋိပက္ခနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်အပြည့်အစုံကို သိမြင်နားလည်အောင် ကြိုးစားအားထုတ်ရန် အလွန်အရေးကြီးကြောင်း ပြောကြားခဲ့သည်။

**အသိုက်အဝန်းအားလုံး ထိခိုက်ခံစားခဲ့ရ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် ပဋိပက္ခကြောင့် ထိခိုက်ခံစားခဲ့ရသည့် အသိုက်အဝန်းအားလုံး၏ ဆင်းရဲဒုက္ခများအတွက် စိုးရိမ်မှုရှိကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့နှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တို့တွင် ရဲကင်းစခန်း အများအပြားကို ARSA အကြမ်းဖက်အဖွဲ့က တစ်ပြိုင်နက်တည်း ချိန်ကိုက်တိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ခြင်းကြောင့် အကြမ်းဖက်မှု စတင်ဖြစ်ပေါ်လာရခြင်းဖြစ်သည်ကို မျက်ကွယ်ပြုထားခြင်းမပြုသင့်ကြောင်း၊ အကြမ်းဖက်မှုကြောင့် အသိုက်အဝန်းအားလုံး ထိခိုက်ခံစားခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အသိုက်အဝန်းတစ်ခုတည်းအတွက်မဟုတ်ဘဲ အထိခိုက်ခံ အသိုက်အဝန်းအားလုံး၏ အခွင့်အရေးကို အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးကို စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ရေရှည်တည်တံ့သည့် အဖြေရရှိစေရန်အတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံ့တာဝန် စတင်ယူပြီးအချိန်ကာလမှာပင် ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အပါအဝင် ပြဿနာ ဖြေရှင်းနိုင်ရန် လိုအပ်သည့် ယန္တရားများကို မိမိတို့၏ သဘောဆန္ဒအလျောက် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ARSA အကြမ်းဖက်အဖွဲ့၏ နည်းဗျူဟာ တစ်ရပ်အနေဖြင့် ၎င်းတို့၏နိုင်ငံရေး ရည်ရွယ်ချက်ရရှိစေရန်နှင့် ကမ္ဘာမှ အာရုံစူးစိုက်မှု ရရှိစေရန် ရည်ရွယ်၍ ချိန်ကိုက်တိုက်ခိုက်မှုကြောင့် ယခုကဲ့သို့ လူအများအပြား နေရပ်စွန့်ခွာခြင်း ပေါ်ပေါက်စေရန် ဖန်တီးခဲ့သည်ဆိုသည့်အချက်ကို အများက လျစ်လျူရှုထားကြကြောင်း၊ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားမျိုးနွယ်စု အသိုက်အဝန်း အများအပြား၏ ကြောက်ရွံ့မှု၊ မလုံခြုံမှု၊ ထိခိုက်ခံစားရမှုနှင့် နောက်ခံအကြောင်းရင်းများကို လူအများက လွယ်လင့်တကူ လျစ်လျူရှုထားကြကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်သူအားလုံး၏ ဖွံ့ဖြိုးရေး၊ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို ရှေးရှုသည့် ရေရှည်တည်တံ့သည့် အဖြေရရှိစေရေးကို အပြည့်အဝ ကတိကဝတ်ထားရှိပါကြောင်း၊ ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်ရှိနေသေးသည့် အရေးကြီးကိစ္စရပ်များအား အကောင်အထည်ဖော်ရေးကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂနှင့် ပြင်ပမှ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းတိုင်ပင်၍ IDP စခန်းများ ပိတ်သိမ်းရေးအတွက် အမျိုးသား မဟာဗျူဟာတစ်ရပ်ကို အပြီးသတ် ရေးဆွဲပြီးလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အဟန့်အတားများကို ဖယ်ရှား**

လက်ရှိအရေးအကြီးဆုံး ဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုမှာ နေရပ်ပြန်လာရေးကို အနှောင့်အယှက်ပေးနေသည့် အဟန့်အတားများကို ဖယ်ရှားရေးပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့ကြောင်း စိစစ်အတည်ပြုနိုင်သူများအားလုံးကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံသွားရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ လာမည့်ရက်သတ္တပတ်အတွင်း အာဆီယံနှင့် AHA Center မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သွားရောက်ပြီး နေရပ်ပြန်လာရေးအတွက် ပြင်ဆင်ထားသည့် အခြေအနေများကို နေရပ်စွန့်ခွာသူများအား ရှင်းလင်းပြောကြားကြမည်ဖြစ်ကြောင်း၊ မြန်မာဘက်မှ စိစစ်ပြီး နေရပ်စွန့်ခွာသူများ၏ အမည်စာရင်းများစွာကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးအပ်ထားခဲ့ပြီးဖြစ်ကြောင်း၊ အိမ်နီးချင်း နှစ်နိုင်ငံစလုံးက နှစ်နိုင်ငံသဘောတူညီချက်များကို လိုက်နာကြမည်ဆိုပါက နေရပ်ပြန်လာရေးလုပ်ငန်းစဉ်ကို ယခင်က ဆောင်ရွက်ခဲ့သည့်နည်းတူ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေး**

လောလောဆယ် ရင်ဆိုင်နေရသည့် အဓိကအခက်အခဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ သဘောထားတင်းမာသည့် အုပ်စုက နေရပ်ပြန်လာခြင်းကို အမှန်တကယ်လိုလားခြင်းမရှိဘဲ ၎င်းတို့၏ နိုင်ငံရေး ရည်ရွယ်ချက်အောင်မြင်စေရန်နှင့် "safe zone" ထူထောင်နိုင်ရန်အတွက် နိုင်ငံတကာမှ မြန်မာနိုင်ငံအပေါ် ဖိအားပေးရေးကိုသာ လိုလားနေခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အာဆီယံတို့နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံအနေဖြင့် နေရပ်ပြန်လာမည့်သူများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) တို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာကို ပြီးခဲ့သည့် မေလအတွင်းက သက်တမ်းထပ်မံ တိုးမြှင့်ခဲ့ပြီးဖြစ်ပြီး UNDP နှင့် UNHCR တို့မှ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်ခဲ့သည့် ကွင်းဆင်းလေ့လာမှု လေးကြိမ်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၈၀ ကျော်ကို သွားရောက်ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ မကြာသေးမီက ကျင်းပခဲ့သည့် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ အာဆီယံလေ့လာအကဲဖြတ်ရေးအဖွဲ့က ၎င်း၏ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်ခဲ့သည့် ကနဦး လိုအပ်ချက်ဆန်းစစ်လေ့လာမှု အစီရင်ခံစာကို တင်သွင်းခဲ့ရာ အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံအဖွဲ့၏ ထောက်ခံတင်ပြချက်များကို အကောင်အထည်ဖော်သွားရန် တာဝန်ပေးခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ ရခိုင်ပြည်နယ်အရေးကိစ္စသည် နက်နဲရှုပ်ထွေးပြီး အသိုက်အဝန်းများအကြား ယုံကြည်မှုနှင့် သဟဇာတရှိမှု တည်ဆောက်နိုင်ရန်အတွက် အချိန်နှင့်အခြေအနေပေးရန် လိုအပ်ပါကြောင်း၊ ပြဿနာအတွက် ရေရှည်တည်တံ့သည့်

စာမျက်နှာ ၉ သို့

# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် KHCC တို့၏ ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်   ဇူလိုင်   ၂၄**

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် ကချင်ဒေသ စစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ(KHCC)တို့၏ ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**မဟာဗျူဟာရေးဆွဲပြီးဖြစ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် မိမိတို့ဝန်ကြီးဌာန၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ပြည်သူများအားလုံး သာတူညီမျှ ခံစားရရှိရေးဆိုသည့်မူဝါဒအတိုင်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ လူ့ဂုဏ်သိက္ခာနှင့် ပြည့်စုံသောလူ့အသိုင်းအဝိုင်းဖြစ်ပေါ်ရေး၊ လူကြောင့်ဖြစ်သော ဘေးဒုက္ခအမျိုးမျိုးအပါအဝင် ဘေးဒဏ်ကိုကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုင်းအဝိုင်းဖြစ်ပေါ်လာရေးနှင့် ဘေးဖြစ်ပြီးလျှင်လည်း ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် ရည်ရွယ်ဆောင်ရွက်ပါကြောင်း၊ ကချင်ပြည်နယ်တွင် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာရသူများနေထိုင်သော ယာယီခိုလှုံရာစခန်းများသည် ယာယီသာဖြစ်ပြီး ထိုစခန်းများကို ပိတ်သိမ်းရမည်ဖြစ်ပါကြောင်း၊ IDPs စခန်းများပိတ်သိမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မဟာဗျူဟာရေးဆွဲပြီးဖြစ်ပါကြောင်း၊ ပြန်လည်နေရာချထားမှု ဆောင်ရွက်ရာတွင် ယာယီခိုလှုံရာစခန်းရှိသူများ၏ သဘောဆန္ဒနှင့်အညီ ၎င်းတို့ မူလနေထိုင်ရာနေရပ်(သို့မဟုတ်) အခြားအများသဘောတူညီထားသော နေရာအသစ်(သို့မဟုတ်) ယခုလက်ရှိရောက်ရှိနေရာတွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စွာ နေရာချထားခြင်းတို့ဖြစ်ပါကြောင်း။

**ရေရှည်တည်တံ့ရန် လိုအပ်**

မိမိတို့နေထိုင်ခဲ့ရာဒေသတွင် ပြန်လည်နေထိုင်ပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း၊ သို့မှသာ ပြည်နယ်တစ်ခုလုံး သာတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ ပြန်လည်နေရာချထားရာတွင် ရေရှည်တည်တံ့ရန် လိုအပ်ပါကြောင်း၊ ဘေးအန္တရာယ်ကင်းပြီး ဖွံ့ဖြိုးမှုအတွက် လိုအပ်သောပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများနှင့် အလုပ်အကိုင်ရရှိရေးတို့ကို မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် KHCC နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်မဟာဗျူဟာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက် လိုအပ်ချက်မတူညီသဖြင့် မတူကွဲပြားစွာ ဆောင်ရွက်စီမံကြရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်နှင့်ပတ်သက်၍ လက်တွေ့ကျသော ယာယီစခန်းများ ပိတ်သိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ထိရောက်သော နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် KHCC မှ ဒုဥက္ကဋ္ဌ(၁) ဖာသာရ်ပေါလ်အောင်ဒန်းက ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရနှင့်ပြည်သူများအကြား ကြားခံညှိနှိုင်းဆောင်ရွက်ပေးရသည့် အဖွဲ့ဖြစ်ပါကြောင်း၊ အစိုးရဘက်မှလည်း တတ်နိုင်သလောက် ထောက်ပံ့ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် လက်တွေ့အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စများကို ဆောင်ရွက်ပေးပါရန်ပြောကြားသည်။

**ဦးစားပေးကျေးရွာများ ရွေးချယ်**

ယင်းနောက် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများသည် KHCC အဖွဲ့နှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များဆွေးနွေးရာ ကချင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ၏ အခြေအနေ ဆန်းစစ်လေ့လာတွေ့ရှိချက်များအပေါ်အခြေခံ၍ လိုအပ်ချက်များ ပံ့ပိုးကူညီပေးမည့် အစီအစဉ်များ၊ တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်နေရာချထားရေးအတွက် ဦးစားပေးကျေးရွာများ ရွေးချယ်၍ လုံခြုံစွာ နေရပ်ပြန်နိုင်ရေး၊ ပြန်လည်နေရာချထားရေး စီမံချက် ရေးဆွဲတင်ပြရေးတို့ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် အကြမ်းဖက်မှုတို့ကို တရားစွဲဆိုဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော်   ဇူလိုင်   ၂၄**

အမေရိကန်နိုင်ငံတရားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ပူးပေါင်း၍ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် အကြမ်းဖက်မှုတို့ကို တရားစွဲဆိုဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် Hilton Hotel ၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီး**

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံအားလုံးနီးပါး ကြုံတွေ့နေရသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများကို အရေးယူဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုပါကြောင်း၊ မြန်မာနိုင်ငံသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတကာနှင့် ဒေသတွင်း ကွန်ဗင်းရှင်းများတွင် ပါဝင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လိုအပ်သည့် ပြည်တွင်းဥပဒေများကို ပြဋ္ဌာန်း၍ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အမေရိကန်နိုင်ငံတရားရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဥပဒေအရာရှိ ၂၄ ဦးပါဝင်သော နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာအဖွဲ့ကို ၂၀၁၈ ခုနှစ် မေလတွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါအရာရှိများကို နိုင်ငံဖြတ်ကျော်မှုခင်းများ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းနှင့် အမှုလိုက်ပါဆောင်ရွက်ခြင်းဆိုင်ရာများ လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည့်အတွက် များစွာအကျိုးရှိပါကြောင်း ပြောကြားခဲ့ပြီး အမေရိကန်နိုင်ငံ နိုင်ငံတကာ မူးယစ်ဆေးဝါးနှင့် တရားစွဲနှင့် အမှုလိုက်ဌာနမှ ဒု-လက်ထောက် အတွင်းဝန်က နိုင်ငံဖြတ်ကျော်မှုခင်းများနှင့်အကြမ်းဖက်မှုများ တိုက်ဖျက်ရေးတွင် ထိရောက်အောင်မြင်ရေးအတွက် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အဆိုပါမှုခင်းများ တိုက်ဖျက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ယင်းနောက် အမေရိကန်နိုင်ငံ နိုင်ငံတကာမူးယစ်ဆေးဝါးနှင့် တရားစွဲနှင့်အမှုလိုက်ဌာနမှ ဒု-လက်ထောက် အတွင်းဝန် Mr. JorganK. Andrews က အမှာစကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အမေရိကန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. George Sibley နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

❒ **စာမျက်နှာ ၈ မှ**

အဖြေရရှိရေးကို လိုလားသည့် မိတ်ဖက်များအား မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များတွင် ပါဝင်ရန်ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ချုပ်ဆိုထားသည့် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြဿနာဖြေရှင်းသွားရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိပါကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံသို့လာရောက်ရန် ဖိတ်ကြားထားပြီးလည်းဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် အပြီးသတ်စာတမ်း၊ ကာရာကတ်စ်နိုင်ငံရေးကြေညာချက်၊ ပါလက်စတိုင်းနှင့်ပတ်သက်၍ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဝန်ကြီးအဆင့်ကော်မတီ၏ ကြေညာချက်နှင့် အထွေထွေအစီရင်ခံစာတို့ကို အတည်ပြုခဲ့သည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့်အစည်းအဝေးမတိုင်မီ ဇူလိုင် ၁၈ ရက်မှ ၁၉ ရက်အထိ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို ကျင်းပခဲ့သည်။

ဘက်မလိုက်အဖွဲ့၏ အပြီးသတ်စာတမ်းတွင် ဝန်ကြီးများအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်အား အကောင်အထည်ဖော်ရေးနှင့် မြန်မာနိုင်ငံသို့ မိမိတို့သဘောအလျောက် ပြန်လာကြမည့်သူများအတွက် ကောင်းမွန်သည့်ပတ်ဝန်းကျင်ကောင်းဖန်တီးပေးရန် အရေးကြီးသည့်အချက်ကို အလေးထားကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်း အဆင်ပြေချောမွေ့စေရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးတို့အတွက် မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များအား အာဆီယံအတွင်းရေးမှူးချုပ်နှင့် AHA Centre တို့မှတစ်ဆင့် ပံ့ပိုးကူညီရန် အာဆီယံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုကြောင်း စသည်ဖြင့် ထည့်သွင်းဖော်ပြထားသည်။

ကာရာကတ်စ်မြို့၌ရှိစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ လက်ရှိဥက္ကဋ္ဌဖြစ်သူ ဗင်နီဇွဲလားနိုင်ငံ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# ရောဝတီမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အမရပူရမြို့နယ်တွင် အိမ်ထောင်စုအချို့ ယာယီပြောင်းရွှေ့

**အမရပူရ   ဇူလိုင်   ၂၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ဧရာဝတီမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အိမ်ထောင်စုအချို့နှင့် တိရစ္ဆာန်များ ယာယီပြောင်းရွှေ့ခဲ့ရပြီး အခြေခံပညာကျောင်းပေါင်း ၂၁ ကျောင်း ခေတ္တပိတ်ထားရကြောင်း ယနေ့နံနက်ပိုင်း စာရင်းများအရ သိရသည်။

အဆိုပါ ဧရာဝတီမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၇ စုတွင် ကျေးရွာပေါင်း ၄၃ ရွာနှင့် အမရပူရမြို့ရှိ အိုးတော်ရပ်၊ မှိုက်စုရပ်(မြောက်ပိုင်း)တို့၌ ရေဝင်ရောက်မှုများရှိခဲ့သည်။ အမရပူရမြို့နယ်တွင် ရေဝင်အိမ်ထောင်စုပေါင်း ၄၅၇၃ စုရှိကာ အိမ်ခြေ ၁၅၈၅ လုံးရှိ လူဦးရေ ၆၈၉၄ ဦး၊ နွား ၂၆၂ ကောင်၊ အခြားတိရစ္ဆာန် ၈၉ ကောင်တို့အား ရေလွတ်သော သတ်မှတ်နေရာများသို့ ယာယီပြောင်းရွှေ့နေထိုင်စေကာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၁ ကျောင်းကိုလည်း ခေတ္တပိတ်ထားကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေ တွေ့ဆုံမေးမြန်း

**မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရန်လိုအပ်ခြင်း၊ ဒေသတွင်းနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် လုပ်အားခကွာဟခြင်း၊ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ တိုးတက်လာပြီး လူမှုဆက်သွယ်ရေးကွန်ရက် ပိုမိုကျယ်ပြန့်လာခြင်းများကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှုများ ပိုမိုများပြားလာသည်။**

မေးမြန်း-မော်စီ
ဓာတ်ပုံ-ထိန်နန်နော်

**မြန်မာနိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးဖို့ လိုအပ်ခြင်း၊ ဒေသတွင်းနိုင်ငံတွေမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် လုပ်အားခကွာဟခြင်း၊ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာတိုးတက်လာပြီး လူမှုဆက်သွယ်ရေးကွန်ရက် ပိုမိုကျယ်ပြန့်လာခြင်းတွေကြောင့် ပြည်ပနိုင်ငံတွေကို သွားရောက်လုပ်ကိုင်မှု ပိုမိုများပြားလာပါတယ်**

ထိုသို့ များပြားလာသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။



အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်

**မေး။ ။ မြန်မာနိုင်ငံကနေ ပြည်ပနိုင်ငံတွေကို ရွှေ့ပြောင်း အလုပ်လုပ်ကိုင်နေကြတာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘယ်လိုအခြေအနေတွေကြောင့် ရွှေ့ပြောင်းလုပ်ကိုင်မှု အများဆုံးဖြစ်လာရတယ်ဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ဒီနေ့ခေတ် ကမ္ဘာတစ်ဝန်းမှာ ရွှေ့ပြောင်းသွားလာခြင်းဟာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေပြီး ရွှေ့ပြောင်းသွားလာမှုတွေဟာ ဝင်ငွေကောင်းမွန်ပြီး လူနေမှုအဆင့်အတန်း မြင့်မားစေဖို့၊ ပိုမိုကောင်းမွန်တဲ့ဘဝ ရရှိဖို့နဲ့ လူမှုဘဝ တိုးတက်ဖို့အတွက် ရွှေ့ပြောင်းလုပ်ကိုင်နေကြတာဖြစ်ပါတယ်။

ပြည်ပနိုင်ငံတွေကို သွားရောက်အလုပ်လုပ်ကိုင်ခြင်းကြောင့် အကျိုးကျေးဇူးတွေရရှိနိုင်သလို စိန်ခေါ်မှုနဲ့ အခက်အခဲတွေလည်း ကြုံတွေ့နိုင်ပါတယ်။ ပြည်ပကို ရွှေ့ပြောင်းလုပ်ကိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိခြင်း၊ သင့်တင့်တဲ့ဝင်ငွေရရှိခြင်း၊ မိသားစုလွှဲပို့ငွေကနေတစ်ဆင့် နိုင်ငံတော်ရဲ့ GDP မြင့်တက်စေခြင်း၊ မိသားစုဝင်တွေအတွက် အဆင်ပြေစေခြင်း စတဲ့ ကောင်းကျိုးတွေရရှိနိုင်သလို လူကုန်ကူးခံရခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခံခြင်း၊ အန္တရာယ်ရှိပြီး ကျန်းမာရေးနဲ့ မညီညွတ်တဲ့ လုပ်ငန်းခွင်တွေမှာ လုပ်ကိုင်ရခြင်း စတဲ့ ဆိုးကျိုးတွေလည်း ကြုံတွေ့နိုင်ပါတယ်။

မြန်မာနိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးဖို့လိုအပ်ခြင်း၊ ဒေသတွင်းနိုင်ငံတွေမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် လုပ်အားခကွာဟခြင်း၊ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာတိုးတက်လာပြီး လူမှုဆက်သွယ်ရေးကွန်ရက် ပိုမိုကျယ်ပြန့်လာခြင်းတွေကြောင့် ပြည်ပနိုင်ငံတွေကို သွားရောက်လုပ်ကိုင်မှု ပိုမိုများပြားလာပါတယ်။

ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနဲ့ ပတ်သက်ပြီး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူတွေနဲ့ လုပ်ငန်းကျွမ်းကျင်သူ မြန်မာအလုပ်သမား အနည်းငယ်သာ ဖွံ့ဖြိုးပြီးနိုင်ငံ (ဂျပန်၊ စင်ကာပူ) တွေကို သွားရောက်လုပ်ကိုင်ကြရပါတယ်။ ကျွမ်းကျင်မှုအသင့်အတင့်နဲ့ ကျွမ်းကျင်မှု အနည်းငယ်ရှိသူ မြန်မာအလုပ်သမားအများစုဟာ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ ကိုရီးယားနိုင်ငံတွေကို သွားရောက်လုပ်ကိုင်လျက်ရှိပါတယ်။

**မေး။ ။ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် အခွင့်အရေးနဲ့ ကာကွယ်စောင့်ရှောက်မှုတွေ ရရှိနိုင်ရေး ဆောင်ရွက်ပေးနေတဲ့ အခြေအနေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ နိုင်ငံတော်အစိုးရအနေနဲ့ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ မူဝါဒတွေချမှတ်ပြီး ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံခန့်ခွဲမှုတွေကို ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေပြီး ခေတ်နဲ့လျော်ညီတဲ့ ဥပဒေတွေအဖြစ် ပြင်ဆင်ရေးဆွဲခြင်း၊ ဆိုက်ရောက်နိုင်ငံတွေနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းတွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ သက်ဆိုင်ရာနိုင်ငံရဲ့ အလုပ်သမားဥပဒေအတိုင်း ခံစားခွင့်ရရှိပြီး လုံခြုံစိတ်ချစွာလုပ်ကိုင်နိုင်ဖို့နဲ့ လူကုန်ကူးခံရခြင်း မရှိစေဖို့ အလုပ်သမားသံအရာရှိ ငါးဦးကို ထိုင်းနိုင်ငံ၊ နှစ်ဦးကို မလေးရှားနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံမှာ တစ်ဦး ခန့်ထားပြီးတော့ အလုပ်သမားတွေကို ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်သမားသံအရာရှိ မစေလွှတ်နိုင်တဲ့နိုင်ငံတွေမှာ သက်ဆိုင်ရာနိုင်ငံက မြန်မာသံရုံးတွေနဲ့ ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သာဓကအနေနဲ့ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေအတွက် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ အလုပ်သမားသံအရာရှိ ငါးဦးနဲ့ မြန်မာအလုပ်သမားများအရေး ကူညီဆောင်ရွက်ပေးနေတဲ့ FED၊ MWRN၊ JACBA လို လူမှုအဖွဲ့အစည်းတွေအပြင် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF)တို့နဲ့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထိုင်းနိုင်ငံရောက် ပကန်စခွန် (လူမှုဖူလုံရေး) ဝင်ထားတဲ့ မြန်မာအလုပ်သမားတွေအနေနဲ့ ထိုင်းနိုင်ငံက ဘယ်အစိုးရဆေးရုံမှာမဆို ဆေးကုသခွင့်ရှိပြီးတော့ လူမှုဖူလုံရေးဥပဒေအရ အခြားခံစားခွင့်တွေပါ ခံစားရရှိမှာဖြစ်ပါတယ်။ လူမှုဖူလုံရေးအကျုံးမဝင်တဲ့ စိုက်ပျိုးရေး၊ ရေလုပ်သား၊ အိမ်တွင်းအထောက်အကူပြုလုပ်ငန်းတွေမှာ လုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားတွေအနေနဲ့ ဆေးရုံကတ် ဝယ်ယူနိုင်ပြီး အဲဒီ ဆေးရုံမှာပဲ ဆေးကုသခွင့်ရရှိမှာဖြစ်ပါတယ်။

ရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ ကိုယ်သွားရောက်လုပ်ကိုင်လိုတဲ့ နိုင်ငံနဲ့ စပ်လျဉ်းပြီး မဖြစ်မနေသိထားရမယ့် သတင်းအချက်အလက်တွေရရှိနိုင်ဖို့၊ လက်ရှိလုပ်ငန်းခွင်မှာ အခက်အခဲကြုံတွေ့ရရင် ဆက်သွယ်ဆောင်ရွက်နိုင်ဖို့ တိုင်းဒေသကြီး၊ ပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးတွေနဲ့ အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံးတွေအပြင် ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ကူညီနိုင်ရေးဗဟိုဌာန (Migrant Resource Center- MRC) တွေမှာ ဆက်သွယ်နိုင်ပါတယ်။

ပြီးတော့ ဦးစီးဌာနရဲ့ facebook Page ဖြစ်တဲ့ Safe Migration ၊ နေပြည်တော်က Complaint Mechanism ၀၆၇ - ၄၃၀၁၈၄၊ ၀၆၇-၄၃၀၂၈၄ နဲ့ ရန်ကုန်က Complaint Mechanism ၀၁-၆၅၀၀၈၉၊



၀၁-၆၅၀၁၈၇ နဲ့ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ ၀၆၇-၄၃၀၁၈၃၊ ၀၆၇-၄၃၀၁၈၅ တွေမှာ ဆက်သွယ်အကူအညီတောင်းခံနိုင်ပါတယ်။

ထိုင်း၊ မလေးရှားနဲ့ ကိုရီးယားနိုင်ငံက မြန်မာသံရုံးနဲ့ အလုပ်သမားသံအရာရှိတွေဆီကို ဖုန်း/ Viber/Line ကနေ ဆက်သွယ်အကူအညီတောင်းခံနိုင်ပါတယ်။

**မေး။ ။ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေအတွက် ဆောင်ရွက်ပေးခဲ့မှု အခြေအနေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ထိုင်းနိုင်ငံမှာ တရားမဝင်ရောက်ရှိနေတဲ့ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို ၂၀၀၉ ခုနှစ် ဇူလိုင်ကနေ ၂၀၁၃ ခုနှစ် ဩဂုတ်အထိ ယာယီ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းတွေဖွင့်လှစ်ပြီး ၁၆၈၀၅၅၆ ဦးကို အထောက်အထားတွေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ထိုင်းနိုင်ငံရောက် ပြည်ဝင်ခွင့်ဗီဇာသက်တမ်းလေးနှစ်ပြည့် အလုပ်သမားတွေအနက် နိုင်ငံသားအထောက်အထားတင်ပြနိုင်ပြီး ယာယီမြန်မာနိုင်ငံကူးလက်မှတ်သက်တမ်း မကျန်ရှိသူတွေအတွက် ၂၀၁၄ ခုနှစ် မတ် ၁၀ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့က ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှာ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ် ဖွင့်လှစ်ပြီး ၂၀၁၉ ခုနှစ် မေ ၃၁ ရက်အထိ ၈၈၂၈၅ ဦးကို သာမန်နိုင်ငံကူးလက်မှတ်တွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။

ထိုင်းနိုင်ငံက ထုတ်ပေးထားတဲ့ ဘတ်ကတ်ခေါ်တဲ့ TR-38 ယာယီနေထိုင်လုပ်ကိုင်ခွင့်လက်မှတ် ကိုင်ဆောင်ထားတဲ့ မြန်မာအလုပ်သမားတွေအနက် နိုင်ငံသားအထောက်အထားတင်ပြနိုင်တဲ့ အလုပ်သမားတွေကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်က ၂၀၁၄ ခုနှစ် မတ် ၁၀ ရက်ကနေ ၂၀၁၉ ခုနှစ် မေ ၃၁ ရက်အထိ သာမန်နိုင်ငံကူးလက်မှတ် ၁၂၅၇၉၉ ဦး ထုတ်ပေးနိုင်ခဲ့ပါတယ်။

ယာယီမြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းကျန်ရှိသူတွေကို မယ်ဆိုင်၊ မဲဆောက်နဲ့ ရနောင်းမြို့တွေမှာ ၂၀၁၄ ခုနှစ် မတ် ၁၀ ရက်ကစပြီး One Stop Service Center တွေ ဖွင့်လှစ်ပြီး အလုပ်လုပ်ကိုင်ခွင့်သက်တမ်းတိုးပေးခဲ့ရာမှာ ပိတ်သိမ်းခဲ့တဲ့ ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်အထိ အလုပ်သမား ၅၇၅၅၄၄ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မြန်မာအလုပ်သမားတွေ ပိုမိုအဆင်ပြေစေဖို့ မြန်မာအလုပ်သမား အများဆုံးရှိတဲ့ စမုစခွန် (မဟာချိုင်) မှာ သာမန် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်ရဲ့ အချက်အလက်ကောက်ယူရေးဌာနခွဲ (Temporary Data Collection Center) ကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်မှာ စတင်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အထူးကိစ္စရပ်အနေနဲ့ နှစ်နိုင်ငံ ညှိနှိုင်းပြီး နိုင်ငံသားအထောက်အထား မတင်ပြနိုင်တဲ့ အလုပ်သမားတွေကို စမုစခွန် (မဟာချိုင်) (၁) နဲ့ (၂)၊ စမုပရာကန်၊ မယ်ဆိုင်၊ မဲဆောက်၊ ရနောင်း၊ ချင်းမိုင်၊ နခွန်စဝမ်၊ ဆောင်ခလာမြို့တို့မှာ စခန်း ကိုးခု ဖွင့်လှစ်ပြီး မြန်မာအလုပ်သမားအများဆုံးရှိတဲ့ ဒေသတွေကို Mobile Team နဲ့ သွားရောက်ကာ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI) ထုတ်ပေးခဲ့ရာမှာ ၂၀၁၇ ခုနှစ် မတ် ၃ ရက်ကနေ ၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက်အထိ ၁၀၉၉၅၈၆ ဦးအထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**





# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော်  ဇူလိုင်  ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက် ပရဝဏ်တွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**စိုက်ပျိုး**

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကံ့ကော်ပင်ကို လည်းကောင်း၊ ဒုတိယဝန်ကြီးက ခရေပင်ကိုလည်းကောင်း စိုက်ပျိုးပေးပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများက သစ်ပင်များကို တပျော်တပါး စိုက်ပျိုးကြသည်။

**၈၉၅ ပင် စိုက်ပျိုး**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၃၈၃ ပင်၊ သရက်ပင် ၂၁၀၊ ပျဉ်းကတိုးပင် ၅၀၊ မဟော်ဂနီ ၆၅ ပင်၊ စိန်ပန်းပင် ၅၀၊ ခရေ ၆၆ ပင်၊ အာဆီယံသပြေ ၅၇ ပင်၊ ကံ့ကော်လေးပင်၊ ပျဉ်းမ ၁၀ ပင် စုစုပေါင်း ၈၉၅ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇွန်လထိ)(ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၆၁၂၁ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၄၆ သန်း လျော့နည်းခဲ့

**နေပြည်တော်  ဇူလိုင်  ၂၄**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇွန်လထိ)(ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၄၈၈ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၃၆၃၃ သန်း ရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆၁၂၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ်ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇွန်လထိ) ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၅၆၆ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၆၀၁ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆၁၆၇ သန်း ဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၉၂၁ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၉၆၇ သန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၄၆ သန်း လျော့နည်းခဲ့သည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့သည် -

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဇွန်လထိ)(ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဇွန်လထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၅၆၆.၆၈၅ | ၂၃၀၇.၃၉၂ | ၂၅၉.၂၉၃ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၃၁၀.၉၉၇ | ၁၂၄.၂၇၀ | ၁၈၆.၇၂၇ |
| ၃ | ရေထွက်ပစ္စည်းများ | ၆၀၄.၆၀၂ | ၅၆၃.၇၄၇ | ၄၀.၈၅၅ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁၂၀၀.၉၁၂ | ၁၄၄၄.၉၂၂ | -၂၄၄.၀၁၀ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၂၈.၆၃၇ | ၁၄၇.၄၅၆ | -၁၈.၈၁၉ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၇၀၁၆.၇၈၂ | ၅၈၇၄.၂၅၁ | ၁၁၄၂.၅၃၁ |
| ၇ | အခြားပစ္စည်းများ | ၆၅၉.၃၇၈ | ၁၁၀၄.၅၃၄ | -၄၄၅.၁၅၆ |
| | စုစုပေါင်း | ၁၂၄၈၇.၉၉၃ | ၁၁၅၆၆.၅၇၂ | ၉၂၁.၄၂၁ |

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း လျော့နည်းတင်သွင်းခဲ့သည်-

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဇွန်လထိ) (ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဇွန်လထိ) | နှိုင်းယှဉ်ချက်(+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၄၂၇၂.၅၇၂ | ၅၀၆၅.၀၆၀ | -၇၉၂.၄၈၈ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၅၁၀၆.၆၀၉ | ၅၃၅၈.၁၁၅ | -၂၅၁.၅၀၆ |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၄၇၄.၈၃၆ | ၂၆၈၃.၆၁၅ | -၂၀၈.၇၇၉ |
| ၄ | CMP | ၁၇၇၉.၂၁၆ | ၁၄၉၃.၉၅၄ | ၂၈၅.၂၆၂ |
| | စုစုပေါင်း | ၁၃၆၃၃.၂၃၃ | ၁၄၆၀၀.၇၄၄ | -၉၆၇.၅၁၁ |

**သတင်းစဉ်**

❒ **မြန်မာ ယူ-၁၅ မှ**

ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းသည် ဇူလိုင်တတိယပတ်တွင် နည်းပြအပြောင်းအလဲပြုလုပ်ခဲ့ပြီး ယခင်နည်းပြချုပ် ဂျပန်နိုင်ငံသား တာကူမာကို လက်ထောက်နည်းပြအဖြစ်ပြောင်းလဲကာ ဂျာမနီနိုင်ငံသား တော်စတန်ဖရန့်ခ်ကို နည်းပြချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ မြန်မာ ယူ-၁၅ အသင်းသည် ယခုပြိုင်ပွဲအတွက် မတ်လကတည်းက လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ဧပြီလတွင် တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲနှင့် ဟောင်ကောင် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ပြီးနောက် ကစားသမားအချို့ပြောင်းလဲကာ လေ့ကျင့်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းသည် ဇူလိုင်လဆန်းတွင် တရုတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်ခဲ့ပြီး တရုတ် ယူ-၁၅ အသင်းနှင့် ခြေစမ်းပွဲကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၅ အမျိုးသားအသင်းတွင် **အုပ်ချုပ်သူ-** ဦးညီညီလတ်၊ **နည်းပြချုပ်-** တော်စတန်ဖရန့်ခ်၊ **လက်ထောက်နည်းပြ-** တာကူမာ၊ ဦးတင်မောင်ဝင်း၊ **ဂိုးနည်းပြ-** ဦးဇော်လင်းအောင်၊ ကစားသမားများအဖြစ် **ဂိုး-** ထက်အာကာဝင်း၊ အောင်ကျော်ဖြိုး(မြန်မာဘောလုံးအကယ်ဒမီ-မန္တလေး)၊ အောင်စည်သူ (မြန်မာဘောလုံးအကယ်ဒမီ-ပုသိမ်)၊ **နောက်တန်း-** မိုးခန့်၊ ဝေယံလင်းသူ (မြန်မာဘောလုံးအကယ်ဒမီ-ပုသိမ်)၊ ထွန်းထွန်းဝင်း၊ ထူးမြတ်ခန့်၊ အောင်ကိုမင်း (မြန်မာဘောလုံးအကယ်ဒမီ-မန္တလေး)၊ လတ်ဝေဖုန်း(ရန်ကုန်)၊ **အလယ်တန်း-** ကောင်းထက်ပိုင်၊ ကောင်းခန့်၊ အောင်ကျော်မင်း၊ ထက်မြတ်လွင်၊ သန်းတိုးအောင်၊ ကျော်မင်းခန့် (မြန်မာဘောလုံးအကယ်ဒမီ-မန္တလေး)၊ ထက်အောင်ဝင်း၊ ကောင်းဇော်လင်း(တပ်မတော်ဘောလုံးအကယ်ဒမီ)၊ **ရှေ့တန်း-** ရန်နိုင်ထွန်း၊ ဇင်မျိုးအောင်၊ စိုင်းစိုင်းအံ့ထူး၊ ဝေဖုန်းမြင့်ကျော်၊ မင်းသူ(မြန်မာဘောလုံးအကယ်ဒမီ-မန္တလေး)နှင့် ဟိန်းထက်ဇော်ဝင်း(မြန်မာဘောလုံးအကယ်ဒမီ-ပုသိမ်)တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၁၅ အသင်းကို အကယ်ဒမီများမှ ကစားသမားအများစုဖြင့် ဖွဲ့စည်းထားပြီး မြန်မာဘောလုံးအကယ်ဒမီ မန္တလေးနှင့် ပုသိမ်တို့မှ ကစားသမားအများစုပါဝင်ကာ တပ်မတော်အကယ်ဒမီနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ကစားသမားအချို့လည်း ရွေးချယ်ခံခဲ့ရသည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော်  ဇူလိုင်  ၂၄**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



# စိုက်ပျိုးရေးသင်တန်းတက်ရောက်ရန် ဘွဲ့ရလူငယ်များ အစ္စရေးနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန်  ဇူလိုင်  ၂၄**

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း (MPPA)၏ စီစဉ်မှုဖြင့် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ရှိ Ramat Negev International Training Center တွင် စိုက်ပျိုးရေးနည်းပညာကို ၁၁ လကြာ လက်တွေ့သင်ယူလေ့လာရန်အတွက် စိုက်ပျိုးရေးဘွဲ့ရ လူငယ် အမျိုးသား အမျိုးသမီး ၃၈ ဦးတို့သည် ဇူလိုင် ၂၄ ရက် ညနေက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း(MPPA)ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ စိုက်ပျိုးရေးဘွဲ့နှင့် ဒီပလိုမာရရှိသည့် လူငယ်များကို နှစ်စဉ် တစ်နှစ်တစ်ကြိမ်စေလွှတ်ခဲ့ရာ သင်တန်းသားသင်တန်းသူ ၂၀၀ ခန့်ရှိကြောင်း၊ ယခု (၆)ကြိမ်မြောက်စေလွှတ်ခြင်းဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က ပြောကြားသည်။ မြန်မာနိုင်ငံရှိ အစ္စရေးသံရုံးနှင့် တဲလ်အဗစ်ရှိ သင်တန်းကျောင်းတို့ကို ဆက်သွယ်ကာ စိုက်ပျိုးရေးဘွဲ့ရပြီး အင်္ဂလိပ်စကားပြော ကျွမ်းကျင်သူများကို ဦးစားပေးရွေးချယ်စေလွှတ်ခြင်းဖြစ်သည်။ သင်တန်းတွင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပြီး ကိုယ်တိုင် လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ရမည်ဖြစ်သဖြင့် ဝင်ငွေပါရရှိသည့် သင်တန်းဖြစ်ကြောင်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍနှင့် နည်းပညာတိုးတက်ရေး၊ လုပ်သားကောင်းပညာရှင်များဖြစ်ပေါ်တိုးတက်ရေးကို ရည်ရွယ်၍ နှစ်စဉ်စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

❖ **ကျော့ဖုံးမှ**

IndiGo လေကြောင်းလိုင်းက ဗီယက်နမ်နှင့် မြန်မာနိုင်ငံသို့ လေကြောင်းခရီးစဉ်များ ပြေးဆွဲမှုပြုလုပ်မည်ဖြစ်ရာ ဗုဒ္ဓဂယာသို့ လေကြောင်းပြေးဆွဲမှု များပြားလာမည်ဖြစ်ကြောင်း လေကြောင်းလိုင်းအမှုဆောင်ချုပ် ရိုနိုဂျွိုင်းဒတ္တာက ပြောကြားသည်။

**ကိုးကား-The Economic Times၊ ဘာသာပြန်- ကျော်ထိုက်စိုး**

# ဂျပန် - တောင်ကိုရီးယား ကုန်သွယ်ရေးပဋိပက္ခ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများ ဆွေးနွေး

**ဂျီနီဗာ ဇူလိုင် ၂၄**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများက တောင်ကိုရီးယားနိုင်ငံသို့ ဂျပန်၏သွင်းကုန်ပစ္စည်းများ တင်ပို့မှုရပ်ဆိုင်းခဲ့ခြင်းနှင့်ပတ်သက်ပြီး ယနေ့ဆွေးနွေးခဲ့ကြသည်။

နိုင်ငံပေါင်း ၁၆၄ နိုင်ငံမှ ကိုယ်စားလှယ်များက ဂျီနီဗာမြို့တွင် ကျင်းပသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အထွေထွေကောင်စီအစည်းအဝေးကို တက်ရောက်ခဲ့ကြသည်။ ဂျပန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံသည် လက်ရှိဖြစ်ပေါ်လျက်ရှိသည့် ကုန်သွယ်ရေးပဋိပက္ခနှင့်ပတ်သက်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ထောက်ခံမှုရရှိရန် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိသည်။

အစည်းအဝေးတွင် ဂျပန်နိုင်ငံအနေဖြင့် တောင်ကိုရီးယားသို့ နည်းပညာမြင့်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ပစ္စည်းများ တင်ပို့မှုကို ရပ်ဆိုင်းခဲ့ခြင်းသည် လုံခြုံရေးကျိုးပေါက်မှုမရှိစေရန် ကာကွယ်ခြင်းဖြစ်ကြောင်း၊ ယင်းသို့ လုပ်ဆောင်ခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ချမှတ်ထားသည့် စည်းမျဉ်းများနှင့် ညီညွတ်မှုရှိပါကြောင်း ဂျပန်တာဝန်ရှိသူများက တက်ရောက်လာသည့် ကိုယ်စားလှယ်များအား ရှင်းပြခဲ့သည်။

နှစ်နိုင်ငံအကြား စစ်တွင်းကာလ အလုပ်သမားပြဿနာအငြင်းပွားမှုများ ရှိနေခြင်းကြောင့် ကုန်ပစ္စည်းများ တင်သွင်းမှုကို ဂျပန်နိုင်ငံက ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်ဟု တောင်ကိုရီးယား ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင် ဒုတိယဝန်ကြီး ကင်ဆန်ဟိုက အခိုင်အမာပြောကြားခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ ဂျပန်သံအမတ်ကြီး ဂျူနီချီ အီဟာရာက ယခုကုန်သွယ်ရေးပဋိပက္ခသည် အတိတ်ဖြစ်ရပ်များနှင့် ဆက်စပ်မှုမရှိပါကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

ယခုလအစောပိုင်းက တောင်ကိုရီးယားနိုင်ငံသို့ နည်းပညာမြင့်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ပစ္စည်းအချို့တင်သွင်းမှုကို ဂျပန်နိုင်ငံက ရပ်ဆိုင်းခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အထွေထွေကောင်စီအစည်းအဝေး၌ ဆွေးနွေးမည့်ခေါင်းစဉ် ၁၄ ခု ရှိသည့်အနက် ၁၁ ခုမြောက်ဖြစ်သည့် တောင်ကိုရီးယား - ဂျပန်ကုန်သွယ်ရေးဆိုင်ရာ သဘောထားကွဲလွဲမှုကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်း

# အမေရိကန်ကုန်ပစ္စည်းများအား အခွန်တိုးမြှင့်ကောက်ခံမည်ဟု ဥရောပသမဂ္ဂ ခြိမ်းခြောက်

**ဥရောပသမဂ္ဂ ဇူလိုင် ၂၄**

အမေရိကန်နိုင်ငံက ဥရောပနိုင်ငံများမှ မော်တော်ကားများနှင့် ဆက်စပ်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံမည်ဆိုပါက ၎င်းတို့အနေဖြင့် ယူရို ၃၅ ဘီလီယံ တန်ဖိုးရှိ အမေရိကန်ကုန်ပစ္စည်းများကို အခွန်တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ ကုန်သွယ်ရေးအကြီးအကဲက ပြောကြားခဲ့သည်။




အမေရိကန်နှင့် ဥရောပသမဂ္ဂအကြား ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုစေ့စပ်ညှိနှိုင်းမှုသည် ရပ်ဆိုင်းသွားခဲ့သည့်အတွက်ကြောင့် ဥရောပသမဂ္ဂကုန်သွယ်ရေးအကြီးအကဲ ဆီစီလီယာမာစထောင်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝါရှင်တန်အနေဖြင့် ကုန်သွယ်ရေးအခွန်အခများ တိုးမြှင့်ကောက်ခံမည်ဆိုပါက ဥရောပသမဂ္ဂကလည်း ပမာဏတူညီသည့်အခွန်အခများကို ပြန်လည်ကောက်ခံမည်ဖြစ်ကြောင်း ဥရောပပါလီမန်၏ ကော်မတီအစည်းအဝေး၌ ကုန်သွယ်ရေးအကြီးအကဲ ဆီစီလီယာမာစထောင်းက ပြောကြားခဲ့သည်။

ယူရို ၃၅ ဘီလီယံ (ကန်ဒေါ်လာ ၃၉ ဘီလီယံ) တန်ဖိုးခန့် အခွန်တိုးမြှင့်ကောက်ခံရန် ကနဦးပြင်ဆင်ထားသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဥရောပမော်တော်ကားများနှင့် ဆက်စပ်ပစ္စည်းများသည် အမေရိကန်ပြည်သူများအား အမျိုးသားလုံခြုံရေးခြိမ်းခြောက်မှုတစ်ရပ် ဖြစ်စေနိုင်သည်ဟု သမ္မတထရန့်၏ ပြောကြားချက်သည် မမှန်ကန်ကြောင်း ကုန်သွယ်ရေးအကြီးအကဲ ဆီစီလီယာ မာစထောင်းက ဆိုသည်။

ယခုအချိန်တွင် ဥရောပသမဂ္ဂနှင့် အမေရိကန်တို့အကြား ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုရရှိခြင်း မရှိသေးပေ။ ဝါရှင်တန်က ဥရောပမှတင်သွင်းသော စတီးနှင့် အလူမီနီယံပစ္စည်းများအား အခွန်တိုးမြှင့်ကောက်ခံခဲ့သည့်အတွက် နှစ်နိုင်ငံ ကုန်သွယ်ရေးပဋိပက္ခမှာ ပိုမိုဆိုးရွားခဲ့သည်။

**အေအက်ဖ်ပီ**

# မာ့ခ်အက်စ်ပါအား ကာကွယ်ရေးဝန်ကြီးအဖြစ် အမေရိကန် အထက်လွှတ်တော် အတည်ပြု

**ဝါရှင်တန် ဇူလိုင် ၂၄**

အမေရိကန်အထက်လွှတ်တော်က ကြည်းတပ်အတွင်းဝန် မာ့ခ်အက်စ်ပါအား ကာကွယ်ရေးဝန်ကြီးအဖြစ် ဇူလိုင် ၂၃ ရက်တွင် အတည်ပြုပေးခဲ့ကြောင်းနှင့် ယင်းသို့အတည်ပြုပေးခဲ့ခြင်းသည် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၌ ကာလရှည်ကြာစွာ အတည်ပြုခန့်အပ်ခြင်းခံရသည့် ခေါင်းဆောင်မဲ့နေမှုကို အဆုံးသတ်သွားစေခဲ့ကြောင်း သိရသည်။

အသက် ၅၅ နှစ်အရွယ်ရှိ မာ့ခ်အက်စ်ပါအား အထက်လွှတ်တော်က ဇူလိုင် ၂၃ ရက်တွင် ထောက်ခံမဲအများစုဖြင့် အတည်ပြုပေးခဲ့ခြင်းဖြစ်ပြီး ၎င်းသည် သမ္မတထရန့်၏ အစိုးရအဖွဲ့တွင် ဒုတိယမြောက် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့်သူ ဖြစ်သည်။




မာ့ခ်အက်စ်ပါသည် အမေရိကန်စစ်တက္ကသိုလ်မှ သင်တန်းဆင်းပြီးနောက် ကြည်းတပ်တွင် နှစ် ၂၀ ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကြည်းတပ်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခြင်းမပြုမီက ၎င်းသည် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ အဓိကကျသော ကန်ထရိုက်ကုမ္ပဏီကြီးတစ်ခုတွင် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ဖူးသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းမာတစ်သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအကုန်တွင် ရာထူးမှနုတ်ထွက်သွားပြီးနောက် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၌ ခြောက်လကျော်ကြာ ကာကွယ်ရေးဝန်ကြီးရာထူးနေရာ လစ်လပ်နေခဲ့သည်။

ကာကွယ်ရေးဝန်ကြီးအသစ်ဖြစ်လာသည့် မာ့ခ်အက်စ်ပါသည် တရုတ်နှင့် အီရန်အရေးများအပါအဝင် အမျိုးသားလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ဩဂုတ်လအစောပိုင်းတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့စ်အက်စ်ပါသည် ဂျပန်နိုင်ငံသို့ လာရောက်ရန် စီစဉ်ထားကြောင်း အမေရိကန်နှင့်ဂျပန် တာဝန်ရှိသူများက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# ဆီးရီးယားနိုင်ငံ တောင်ဘက်ပိုင်းသို့ အစ္စရေးက ဒုံးကျည်များဖြင့် ပစ်ခတ်ဟု လေ့လာရေးအဖွဲ့ပြော

**ဘေရွတ် ဇူလိုင် ၂၄**

ဆီးရီးယားနိုင်ငံ တောင်ဘက်ပိုင်းရှိ ဆီးရီးယားအစိုးရသို့မဟုတ် ၎င်း၏မဟာမိတ်များ၏ စစ်ဘက်ဆိုင်ရာစခန်းများအား ပစ်မှတ်ထား၍ ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ပစ်ခတ်ခဲ့သော ဒုံးကျည်များမှာ အစ္စရေးဘက်မှ ပစ်ခတ်လိုက်ခြင်းဖြစ်သည်ဟု ယုံကြည်ရကြောင်း ဆီးရီးယားအရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ယင်းဒုံးကျည်များသည် အစ္စရေးတို့ ပစ်ခတ်ခဲ့ခြင်းမှာ သေချာသလောက်ရှိကြောင်း ယင်းအဖွဲ့က ပြောကြားသည်။ ဆီးရီးယားနိုင်ငံ တောင်ဘက်ပိုင်းဒေသသည် အစ္စရေးတို့က သိမ်းယူထားသည့် ဂိုလန်ကုန်းမြင့်ဒေသနှင့် နီးကပ်နေကြောင်း လန်ဒန်အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်သည့် အဖွဲ့က ပြောကြားသည်။

ဒုံးကျည်များဖြင့် ပစ်ခတ်ခံရသော ပစ်မှတ်မှာ ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်၏ တောင်ပိုင်းနှင့် ဒါရာပြည်နယ်တွင်းရှိ တော်လ်အယ်လ်ဟာရာဒေသတို့ဖြစ်ပြီး ယင်းဒေသနှစ်ခုမှာ ကွမ်နီထရာပြည်နယ်၏ အိမ်နီးချင်းဒေသများဖြစ်ကြောင်း ယင်းအဖွဲ့က ဆက်လက်ပြောကြားသည်။

ဆီးရီးယားအစိုးရ၏ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက ဒုံးကျည်များကို တုံ့ပြန်တိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ အကြီးအကဲ ရာမီအဗ္ဗဒယ်ရာမာနေက ပြောကြားသည်။

ဆီးရီးယားအစိုးရ ရုပ်မြင်သံကြားသတင်းဌာနကလည်း ယင်းဒုံးကျည်ဖြင့် ပစ်ခတ်မှုကို ရည်ညွှန်း၍ ဆီးရီးယားနိုင်ငံ တောင်ပိုင်းဒေသအတွင်း၌ အစ္စရေးက ကျူးကျော်ရန်စမှုပြုခဲ့သည်ဟု သတင်းထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံတွင်း၌ လက်နက်ကိုင်တိုက်ခိုက်မှုများစတင်ဖြစ်ပွားသည့် ၂၀၁၁ ခုနှစ်မှစ၍ အစ္စရေးက လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုအကြိမ် ရာပေါင်းများစွာ လုပ်ဆောင်ခဲ့သည်။

အစ္စရေး၏ လေကြောင်းစီးနင်းတိုက်ခိုက်မှုများ၏ ပစ်မှတ်များမှာ ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အစိုးရ၏ စစ်ဘက်ဆိုင်ရာစခန်းများ၊ ၎င်း၏ မဟာမိတ် အီရန်နှင့် ဟစ်ဇ်ဘိုလာစစ်သွေးကြွများ၏ စစ်ဘက်ဆိုင်ရာ အဆောက်အအုံများဖြစ်ကြသည်။

**အေအက်ဖ်ပီ**

# တရုတ်အနောက်တောင်ပိုင်း၌ မြေပြိုမှုများဖြစ်ပွားရာ ၁၁ ဦးသေ၊ ၄၀ ပျောက်ဆုံး

**ကွေ့ရန် ဇူလိုင် ၂၄**

ဇူလိုင် ၂၃ ရက်က တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်ကျိုးပြည်နယ်တွင် မြေပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၁ ဦး သေဆုံးခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ယနေ့ ပြောကြားလိုက်သည်။

ယမန်နေ့ နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် လျူပန်ရှီမြို့ရှိ ကျေးရွာတစ်ရွာတွင် မြေပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ အိမ် ၂၁ လုံးမှာ မြေကြီးများအောက် နစ်မြုပ်သွားခဲ့သည်။ မြေပြိုမှုဖြစ်ပွားရာနေရာတွင် လူ ၅၀ ကျော် နေထိုင်ကြောင်း ကယ်ဆယ်ရေးသမားများကပြောကြားသည်။ ယနေ့အထိ အလောင်း ၁၁ လောင်း တွေ့ရှိခဲ့ပြီး ၁၁ ဦးကို ကယ်တင်ခဲ့ကာ ခန့်မှန်းခြေအားဖြင့် ၃၄ ဦး ပျောက်ဆုံးခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အရေးပေါ်အခြေအနေ စီမံခန့်ခွဲရေးဝန်ကြီးဌာနက မြေပြိုမှုအတွက် အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်တစ်ရပ်ကို စတင်လုပ်ဆောင်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးတွင် ဒေသန္တရအစိုးရများကို အကူအညီပေးရန် မြေပြိုမှုဖြစ်ရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့သည်။ ထိခိုက်သေဆုံးမှုများနည်းပါးစေရန် ကျွမ်းကျင်ကယ်ဆယ်ရေးသမား ၅၆၀ ခန့်က မြေပြိုမှုဖြစ်ရာနေရာ၌ ပျောက်ဆုံးသူများကို စေ့စေ့စပ်စပ်ရှာဖွေနေကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ကယ်ဆယ်ရေးသမားများ ဘေးအန္တရာယ်ကင်းစေရန် ဘူမိဗေဒဆိုင်ရာနှင့် မိုးလေဝသဆိုင်ရာ စောင့်ကြည့်လေ့လာမှုအရှိန်မြှင့်တင်လုပ်ဆောင်ရန် ဝန်ကြီးဌာနက ပန်ကြားခဲ့သည်။

ယမန်နေ့ ညနေ ၄ နာရီခန့်က ကွမ်ကျိုးပြည်နယ် ဟီကျောင်စီရင်စု ကျေးရွာတစ်ရွာရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ နောက်ထပ်မြေပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ပြီး ခြောက်ဦးပျောက်ဆုံးနေကြောင်း ဒေသန္တရအစိုးရအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန် တူရကီသို့ မလေးရှား ဝန်ကြီးချုပ် သွားရောက်လည်ပတ်မည်

**ကွာလာလမ်ပူ ဇူလိုင် ၂၄**

မလေးရှားဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်သည် မလေးရှားနှင့် တူရကီနိုင်ငံ၏ ဆက်ဆံရေးကိုတိုးမြှင့်ရန် လေးရက်ကြာ တရားဝင်ခရီးအဖြစ် တူရကီနိုင်ငံသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။



မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်နှင့် တူရကီသမ္မတ ရီဆွတ်တေယက်အာဒိုဂန်။

မလေးရှားဝန်ကြီးချုပ် မဟာသီယာသည် ယမန်နှစ် မေလက မလေးရှား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ပြီးနောက် ပထမအကြိမ် တရားဝင်ခရီးစဉ်အဖြစ် ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ တူရကီနိုင်ငံသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

မလေးရှားခေါင်းဆောင်သည် ၎င်း၏ခရီးစဉ် အတောအတွင်း တူရကီသမ္မတ ရီဆွတ်တေယက်အာဒိုဂန်ကိုလည်း တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

မဟာသီယာ၏ တူရကီခရီးစဉ်သည် မလေးရှားနှင့် တူရကီနိုင်ငံတို့အကြား ဆက်ဆံရေးကို ပိုမိုခိုင်မာတောင့်တင်းစေမည်ဟု မျှော်လင့်ရသလို နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင်လည်း မလေးရှား ဝန်ကြီးချုပ်အတွက် အခွင့်အလမ်းတစ်ခု ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့ပြင် နှစ်နိုင်ငံ၏ ဘုံအကျိုးစီးပွားများအပါအဝင် အမျိုးမျိုးသောကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ရာတွင်လည်း မလေးရှားအတွက် အခွင့်အလမ်းကောင်းများ ဆောင်ကြဉ်းပေးမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထပ်မံဖော်ပြထားသည်။

ထို့ပြင် မဟာသီယာသည် စီးပွားရေးကဏ္ဍများမှ ခေါင်းဆောင်များနှင့် စားပွဲဝိုင်းဆွေးနွေးပွဲတစ်ရပ်ကျင်းပရန် ရည်ရွယ်ထားပြီး တူရကီပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးရန်လည်း စီစဉ်ထားသည်။ မလေးရှားဝန်ကြီးချုပ်သည် တူရကီနိုင်ငံရှိ မလေးရှားလူမျိုးများကိုလည်း တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# လေယာဉ်ငယ်နှစ်စင်း တိုက်မိရာ ဗြိတိန်နိုင်ငံသား နှစ်ဦးသေဆုံး

**မာဆေး ဇူလိုင် ၂၄**

ဗြိတိန်လေယာဉ်ငယ်နှစ်စင်းသည် ဗုဒ္ဓဟူးနေ့က ပြင်သစ်နိုင်ငံတောင်ပိုင်း အဲပ်စ်တောင်တန်းရှိ ဘာစီလိုနက်တီ စိန့်ပွန်းစ်လေယာဉ်ကွင်းမှ ပျံတက်ပြီးနောက် အီတလီနယ်စပ်အနီးဝေဟင်တွင် တိုက်မိရာ နှစ်ဦးသေဆုံးပြီး ကျန်တစ်ဦးမှာ အသက်ရှင်ကျန်ရစ်ခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။ လေယာဉ်ငယ်တစ်စင်းမှ လေယာဉ်မှူးနှင့် ခရီးသည်တစ်ဦးတို့ သေဆုံးခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးစလုံးမှာ အသက် ၃၇ နှစ်နှင့် ၁၈ နှစ်အရွယ်ရှိ ဗြိတိန်နိုင်ငံသားများဖြစ်ကြောင်း ဒင်လတ်စ်ဘိန်းကျေးရွာရှိ ဒေသန္တရအစိုးရရုံးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဒုတိယလေယာဉ်ငယ်တစ်စင်းမှ လေယာဉ်မှူးသည် ဒဏ်ရာအနည်းငယ်ရရှိခဲ့သော်လည်း အသက်ရှင်ကျန်ရစ်ခဲ့သည်။ ပြင်သစ်အရေးပေါ် အကူအညီပေးရေးအဖွဲ့သည် ရဲတပ်ဖွဲ့ရဟတ်ယာဉ်ဖြင့် အခင်းဖြစ်ရာနေရာသို့ သွားရောက်ပြီး လေယာဉ်မတော်တဆဖြစ်မှုအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**



# မက္ကဆီကိုမြောက်ပိုင်း၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ၊ လေးဦးသေဆုံး

**မက္ကဆီကို ဇူလိုင် ၂၄**

ဇူလိုင် ၂၃ ရက်က မက္ကဆီကိုနိုင်ငံ မြောက်ပိုင်း ချီဟွာဟွာပြည်နယ်၌ လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေးဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရရှေ့နေများက ပြောကြားသည်။

အဆိုပါ လေယာဉ်ငယ်မှာ ပြည်နယ်အနောက်ပိုင်းရှိ စီးပွားရေးစကြံတစ်ခုအတွင်းရှိသည့် စိုက်ပျိုးမြေတစ်ခုအပေါ်ပျံသန်းပြီး မကြာမီပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ပြည်နယ်အစိုးရရှေ့နေရုံး၏ ဖော်ပြချက်အရ ပျက်ကျသော လေယာဉ်ငယ်အတွင်း လေယာဉ်မှူးအပါအဝင် အမျိုးသားသုံးဦးနှင့်အမျိုးသမီးတစ်ဦး၏ ခန္ဓာကိုယ်များကို အရေးပေါ်အခြေအနေဆောင်ရွက်ခဲ့သည့် အရာရှိများက တွေ့ရှိခဲ့သည်။ ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူများက မည်သည့်အကြောင်းရင်းကြောင့် လေယာဉ်ပျက်ကျသည်ဆိုသည်ကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်သည်။

ဒေသန္တရသတင်းများအရ သေဆုံးသူများအနက် တစ်ဦးမှာ အိမ်နီးချင်း ဒိုရန်ဂိုပြည်နယ်သို့ အခြားခရီးသည်နှစ်ဦးနှင့်အတူ ခရီးသွားနေသည့် ဇဝ်ဂေလီအသင်းဝင်သင်းအုပ်ဆရာတစ်ဦးဖြစ်သည်ဟု ဆိုသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ပါကစ္စတန် အနောက်မြောက်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား နှစ်ဦး သေ၊ ၂၉ ဦး ဒဏ်ရာရ

**အစ္စလာမာဘတ် ဇူလိုင် ၂၄**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ဘက် ကွက်တာမြို့တွင် ဇူလိုင် ၂၃ ရက် ညက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး ၂၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ယနေ့ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုသည် နိုင်ငံ၏ အနောက်တောင်ဘက် ဘာလိုချစ္စတန်ပြည်နယ်၏ မြို့တော်ကွက်တာမြို့ရှိ လူစည်ကားရာ မြို့ရှောင်လမ်းပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စစ်သွေးကြွများသည် ပေါက်ကွဲပစ္စည်းများကို မော်တော်ဆိုင်ကယ်တစ်စီးပေါ်တွင် ဝှက်ထားပြီး အိမ်သုံးဆေးဝါးနှင့် အလှကုန်ပစ္စည်း အရောင်းဆိုင်တစ်ဆိုင်၏ အပြင်ဘက်တွင် ရပ်ထားကာ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ပေါက်ကွဲမှုဖြစ်စဉ်၌ ဒဏ်ရာရရှိသူများကို တာဝန်ရှိသူများ ဆေးရုံများသို့ ပို့ဆောင်ပေးပြီး ပေါက်ကွဲမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေး မှု လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တစ်ဆက်တည်းမှာပင် ပြည်နယ်ရေးရာ ပြည်ထဲရေးဝန်ကြီး မီရ်ဇိုင်အာဇူလာ လောင်ဂေါ့ဗ်က ယင်းပေါက်ကွဲမှုသည် ပါကစ္စတန်၏ ရန်ဘက်များ၏အကြမ်းဖက်လုပ်ရပ်တစ်ခုဖြစ်ကြောင်း သတ်မှတ်ပြီး အရေးပေါ်အခြေအနေ ကြေညာလိုက်သည်။

ယင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ကို မသိရသေး။ သို့သော် လွန်ခဲ့သည့် ကာလများက ဒေသတွင်း ဖြစ်ပွားခဲ့သည့် အလားတူပေါက်ကွဲမှုများကို လေ့လာကြည့်ရာတွင် ပေါက်ကွဲမှုအများအစုသည် ဘာလိုချ်အမျိုးသားရေးဝါဒီစစ်သွေးကြွများ၏ လက်ချက်ဖြစ်ကြောင်း၊ ယခုပေါက်ကွဲမှုသည်လည်း ဒေသဆိုင်ရာ စစ်သွေးကြွများ၏ လက်ချက်ဖြစ်ဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

# ရေနံချောင်းမြို့နယ်၌ စက်လှေတိမ်းမှောက်မှုကြောင့် ပျောက်ဆုံးသူ ၃၀ ကျော်အနက် ၁၀ ဦးအား သေဆုံးလျက်တွေ့ရှိ

**ရေနံချောင်း ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ စက်လှေတိမ်းမှောက်၍ ၃၀ ကျော် ပျောက်ဆုံးခဲ့ရာ အမျိုးသားရှစ်ဦး၊ အမျိုးသမီးနှစ်ဦး သေဆုံးလျက်တွေ့ရှိကာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး အသက်ရှင်လျက် ပြန်လည်တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၃ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်က ရေနံချောင်းမြို့နယ် ဖရဲကျွန်းကျေးရွာမှ ကျေးရွာသူ ကျေးရွာသား ၁၅၀ ခန့်သည် ကန်သာကျေးရွာသို့ စက်လှေနှစ်စင်းဖြင့် ရောက်ရှိလာပြီး အငြင်းပွားမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်နှစ်လုံးအား ဖျက်ဆီးခဲ့ကြောင်း သိရသည်။ ထိုသို့ ဖျက်ဆီးစဉ် ဝင်ရောက်ဟန့်တားသဖြင့် အချင်းများကာ လေးခွ၊ တုတ်များဖြင့် အပြန်အလှန် ပစ်ခတ်ကြပြီး ညနေ ၄ နာရီ မိနစ် ၄၀ ခန့်တွင် ဖရဲကျွန်းကျေးရွာသို့ ပြန်လည်ထွက်ခွာစဉ် ဧရာဝတီမြစ်အတွင်း စက်လှေတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

"ကျေးရွာနှစ်ရွာ အချင်းများရန်ဖြစ်ပြီး ဖရဲကျွန်းကျေးရွာသားတွေက စက်လှေနဲ့ပြန်လည်ထွက်ခွာတဲ့အချိန်မှာ တိမ်းမှောက်ခဲ့တာပါ။ ဆက်လက်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမာန်ကိုဟောက ပြောသည်။

အဆိုပါနေရာသို့ မကွေးခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ခေတ္တရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် တာဝန်ရှိသူများက နယ်မြေအေးချမ်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုစိုးကြီး၊ ဆန်းညွန့်**

# ဇီးတောဆည်အတွင်း စက်လှေတိမ်းမှောက် ရှစ်ဦးသေဆုံး၊ ခြောက်ဦး ပျောက်ဆုံး

**မလှိုင် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ချင်းလျားကျေးရွာအနီး ကွင်းအမှတ် (၂၂)ရှိ ဇီးတောဆည်အတွင်း ယနေ့နံနက် ၉ နာရီခန့်က ကူဘိုတာကြိုးဆွဲအင်ဂျင်တပ် စက်လှေတစ်စင်း တိမ်းမှောက်ခဲ့ပြီး စက်လှေပေါ်ပါ လူ ၂၄ ဦးအနက် အမျိုးသားတစ်ဦး၊ အမျိုးသမီးခုနစ်ဦး သေဆုံးခဲ့ကာ ပျောက်ဆုံးနေသူ အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား ရှာဖွေလျက်ရှိကြောင်း သိရသည် ။

ဖြစ်စဉ်မှာ မလှိုင်မြို့နယ် ညောင်အုပ်ကျေးရွာအုပ်စု ချင်းလျားရွာအနီး ဇီးတောဆည် (ဆားတောင်ဆည် ) အနောက်ဘက်ကမ်းရှိ ဗောဓိသစ္စာရေလယ်ဘုန်းကြီးကျောင်းသို့ ကုသိုလ်ပြုလုပ်ရန် မြစ်သားမြို့နယ် အိမ်ရှေ့တောင်အုပ်စု ဟောင်းနွဲ့ကျေးရွာမှ ဦးနန်းလွင် ဦးဆောင်သော အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၂ ဦးတို့သည် ယနေ့ နံနက် ၉ နာရီခန့်က ဇီးတောဆည် (ဆားတောင်ဆည် )အတွင်း မောင်ကျော်ဝင်းလှိုင် ဆားတောင်ရွာနေသူ မောင်းနှင်သည့် အလျား ပေ ၂၀၊ အနံ ငါးပေရှိ ကူဘိုတာကြိုးဆွဲအင်ဂျင်တပ်စက်လှေဖြင့် ဖြတ်ကူးစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ စက်လှေတိမ်းမှောက်မှုကြောင့် အမျိုးသားခုနစ်ဦး၊ အမျိုးသမီးသုံးဦး အသက်ရှင်ကျန်ခဲ့ကာ အမျိုးသားတစ်ဦး၊ အမျိုးသမီးခုနစ်ဦး သေဆုံး၍ ပျောက်ဆုံးနေသည့် အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ရှာဖွေလျက်ရှိကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# မိတ္ထီလာ- မလှိုင်ကားလမ်းတွင် ခရီးသည်တင်ယာဉ်တိမ်းမှောက်၊ ကိုးဦး ဒဏ်ရာရ

**မိတ္ထီလာ ဇူလိုင် ၂၄**



မိတ္ထီလာမြို့နယ် မိတ္ထီလာ-မလှိုင်ကားလမ်း ကံကောင်းလမ်းဆုံအနီးတွင် ဇူလိုင် ၂၄ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်က ခရီးသည်တင်ယာဉ် တစ်စီး တိမ်းမှောက်မှုဖြစ်ပွားရာ အမျိုးသား လေးဦးနှင့် အမျိုးသမီးငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာ-မလှိုင် ကားလမ်း အတိုင်း မြောက်မှတောင်သို့ အောင်ကျော်သူ ပခုက္ကူမြို့နေသူ မောင်းနှင်ပြီး ခရီးသည်ကိုးဦး လိုက်ပါလာသော ခရီးသည်တင်ယာဉ် (ပခုက္ကူ - တောင်ကြီး ယာဉ်လိုင်း) သည် ကံကောင်းလမ်းဆုံအနီး မိုင်တိုင်(၆/၅) နှင့် (၆/၆) အကြားတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် အမျိုးသားလေးဦးနှင့် အမျိုးသမီးငါးဦးတို့၌ ဒဏ်ရာများရရှိ၍ မိတ္ထီလာ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူလျက်ရှိသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယာဉ်မောင်း အောင်ကျော်သူအား မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မိုင်းဖြတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်သူအား စပ်ဆက်ပစ္စည်းများနှင့်အတူ ဖမ်းမိ

**မိုင်းဖြတ် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် နမ့်ခမ်းတောင်ကျေးရွာအနီး နမ့်လုံချောင်း အတွင်း၌ ယမန်နေ့ နံနက် ၈ နာရီခန့်က တရားမဝင်ရွှေသတ္တုတူးဖော်လုပ်ကိုင်နေသူနှစ်ဦး အနက်မှ တစ်ဦးကို စပ်ဆက်ပစ္စည်း ၁၃ မျိုးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကျန်တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီခွဲခန့်က နယ်မြေခံတပ်ရင်းမှတပ်ဖွဲ့ဝင်များသည် နမ့်လုံချောင်းတစ်လျှောက် နယ်မြေရှင်းလင်းဆောင်ရွက်စဉ် နမ့်လုံချောင်း၌ တရားမဝင်ရွှေသတ္တုတူးဖော်နေသည့် နှစ်ဦးအနက်မှ ဂျုံပိုင် ပူတာအိုမြို့နယ် ဇီးအုန်ရွာနေသူအား စပ်ဆက်ပစ္စည်း ၁၃ မျိုးနှင့်အတူ ဖမ်းဆီးရမိပြီး အောင်ဇေယျ မိုင်းဖြတ်မြို့ဝမ်မိုင်ရပ်ကွက်နေသူမှာ ထွက်ပြေးသွားကြောင်း သိရသည်။

အမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သဃ်န်းကျွန်း NLD ရုံးရှေ့တွင် လက်ပစ်ဗုံးတစ်လုံး တွေ့ရှိ

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် NLD ရုံးရှေ့တွင် ဇူလိုင် ၂၄ ရက် နံနက် ၆ နာရီခန့်က လုံခြုံရေးခလုတ်မဖြုတ်ရသေးသည့် လက်ပစ်ဗုံး တစ်လုံးတွေ့ရှိခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

"အမှိုက်သိမ်းသမားတစ်ဦးကနေ မနက် ၆ နာရီလောက်မှာတွေ့ခဲ့တာပါ။ သူက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးကို အကြောင်းကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်တိုင် အဲဒီလက်ပစ်ဗုံးကို သက်မဲ့လုပ်လိုက်ပါတယ်။ အားလုံးစိတ်ချရပါပြီ"ဟု သဃ်န်းကျွန်းမြို့နယ် NLD ဗဟိုကော်မတီဝင် ဒေါက်တာကျော်စွာဦးက ပြောသည်။

အခင်းဖြစ်ပွားရာနေရာသို့ တိုင်းရဲတပ်ဖွဲ့မှူးရုံးနှင့် နယ်မြေခံတပ်မှ လာရောက်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး CCTV မှတ်တမ်းများကိုလည်း ပြန်လည်စစ်ဆေးနေသည်ဟု သိရသည်။

**ကြေးမုံ**

# ချမ်းအေးသာစံမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**မန္တလေး ဇူလိုင် ၂၄**

ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ၃၃ လမ်း (၇၆×၇၅) လမ်းကြား ပိုင်ရှင် ဒေါ်တင်တင်ရွှေ၏ သွပ်မိုး၊ နံကပ်နှစ်ထပ် (ငွေတောင်ဦး သွားဆေးခန်း/အဆောင်) အပေါ်ထပ်တွင် ယနေ့ နံနက် ၃ နာရီ ၅၃ မိနစ်က ဝါးကပ်မျက်နှာကြက်တွင် သွယ်တန်းထားသော ဟောင်းနွမ်းဆွေးမြည့်နေသည့် ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။


မီးလောင်မှုကြောင့် (၂၅×၄၀) ပေ သွပ်မိုး၊ နံကပ်နှစ်ထပ်(သွားဆေးခန်း/အဆောင်)တစ်လုံး၊ (၃၀×၆၀) ပေ RC လေးထပ် ပထမထပ်နှင့် ဒုတိယထပ်၊ (၃၀×၆၀) ပေ RC သုံးထပ် ဒုတိယထပ်ရှိ အိပ်ခန်းနှင့် မီးဖိုခန်း၊ (၁၈×၄၀) ပေ RC သုံးထပ်တိုက်တန်း ဒုတိယထပ်ရှိ အိပ်ခန်း၊ (၂၅×၄၀) ပေ သွပ်မိုး၊ ပျဉ်ထောင်နှစ်ထပ် နေအိမ်အပေါ်ထပ်နှင့် ဆိုင်ကယ်ခြောက်စီး၊ အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၄**

မဘိမ်းမြို့နယ်မှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။



မူးယစ်တပ်ဖွဲ့စု(၉) ဟုမ္မလင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက် ညနေ ၆ နာရီခွဲက ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာ-တက်ခတ် ကျေးရွာလမ်းပေါ်တွင် အောင်ဆန်းဦး မောင်းနှင်ပြီး ရွှေဌေး(ခ)အိုက်မြင့် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၁၂၁ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၆ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၇) တမူးမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တမူးမြို့နယ် ခါမ်းပါတ်မြို့နန်းခေါက်ခေါက်ကျေးရွာနှင့် ကျွန်းတောရေရှင်ကျေးရွာအကြား တမူး-ကလေးကားလမ်းတွင် ဂင်ရှန်းတွောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၈ နာရီခန့်က တပ်မတော်က မဘိမ်းမြို့နယ် လဝါကျေးရွာ၊ ဖုန်းဆက်တောင်အနီး တောလမ်းဘေး ချုံပုတ်အတွင်း၌ ရပ်တန့်ထားသည့် ဆိုင်ကယ်နှစ်စီးနှင့် ဆာလာအိတ်တစ်အိတ်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ဘိန်းဖြူ ၂ ဒသမ ၁၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၄၉၈ သိန်းတို့ကို လည်းကောင်း။

အလားတူ မွန်းလွဲပိုင်းက နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ပင်တီးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာနေ ဒေါ်တင်မြ၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၂၆၄၈ ပြားနှင့် ငွေကျပ် ၄၅၅၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တရားမဝင်သစ် ၁၉ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၄**

သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖမ်းဆီးခြင်းကို ဇူလိုင် ၂၂ ရက်က သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တိုင်းစစ်ကြောင်းအဖွဲ့နှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တညောင်ကျေးရွာ၏မြောက်ဘက်၌ ဟီးနိုးခြောက်ဘီးယာဉ်ပေါ်မှ လုံးပတ်သုံးပေအောက် သန်းသစ် ၃ ဒသမ ၆၂၂၆ တန်၊ ပွင့်ဖြူမြို့နယ်အတွင်းမှ နဘဲ/ သန်း/ ဇောင်းပလွေ/ ရုန်း/ ဒီဒူး ခွဲသား စုစုပေါင်း ၅ ဒသမ ၄၄၂၆ တန်နှင့် မျှင်ဝါး ၇၀၈ လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ရွှေကျင်ကြိုးဝိုင်းအတွင်းမှ ကညင်သစ် ၁၀ ဒသမ ၃၀၃၀ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# ယင်းမာပင်မြို့နယ်တွင် လူသုံးဦး မြေပိသေဆုံး

**ယင်းမာပင် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် ရေဇယ်ကျောက်များ တူးဖော်နေစဉ် အမျိုးသားသုံးဦး မြေပိသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၃ ရက် နံနက် ၁၁ နာရီခန့်က ယင်းမာပင်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး တင်ထွန်းနှင့်အဖွဲ့သည် လူသုံးဦး မြေပိသေဆုံးနေကြောင်း သတင်းအရ အခင်းဖြစ်ရာနေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ယင်းမာပင်မြို့နယ် လာဘို့ကျေးရွာနေ ကျော်ဆွေ၊ မိုးယံ၊ အောင်ကိုဇော်တို့ သုံးဦးသည် ယင်းမာပင်မြို့နယ် လာဘို့ကျေးရွာ ကွင်းအမှတ် (၁၁၃၂) သံတောင် ရေထွက်ရေစီးနေသည့် အမြင့် ၁၅ တောင်ခန့်ရှိသော ရိုးကျောက်ကမ်းပါးအောက်ခြေတွင် ရေဇယ်ကျောက်များ တူးဖော်နေစဉ် ရုတ်တရက် ကမ်းပါးပြိုကျ၍ မြေပိသေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယင်းမာပင် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကင်ဆာရောဂါကုသပါ (၂)

ဒေါက်တာမော်

အသက် ၂၀ ကျော် တက္ကသိုလ်ကျောင်းသား အားကစားသမားလေး "တယ်ရီဖောက်စ်" (Terry Fox) သည် ၁၉၇၇ ခုနှစ်တွင် Osteosarcoma ဟူသော အရိုးကင်ဆာဖြစ်ခဲ့ရသည်။ ထိုခေတ်ကုထုံးအရ ကင်ဆာဖြစ်သောခြေထောက်ကို ဒူးအထက်မှ ဖြတ်လိုက်ရသည်။ Chemotherapy ဟူသော ဆေးသွင်းကုသမှုတွေကိုလည်း ခံယူခဲ့ရသည်။

ဆေးသွင်းကုသမှုခံယူသော ၁၆ လအတွင်း ဆေးရုံမှာ သူကဲ့သို့ လာရောက်ကုသမှုခံယူသော ကင်ဆာရောဂါရှင်တွေ ဝေဒနာခံစားနေရသည်များ၊ တဖြုတ်ဖြုတ်ကြွေသေဆုံးကြရသည်များကိုတွေ့တိုင်း သူတို့အတွက် တစ်ခုခုလုပ်ပေးချင်ခဲ့သည်။ များသောအားဖြင့် ကိုယ်တိုင် ကင်ဆာရောဂါသည်ဖြစ်သူများသည် မိမိမျက်စိရှေ့မှာ မိမိကဲ့သို့ ကင်ဆာရောဂါသည်များ ဝေဒနာခံစားနေရပြီး တဖြုတ်ဖြုတ်သေနေကြသည်ကို တွေ့ပါက စိတ်ဓာတ်တွေကျနိုင်ပေသည်။ သို့သော် "တယ်ရီ" မှာကား ထိုဘဝတူလူသားများကို ကူညီချင်စိတ်များ ပြင်းပြစွာဖြစ်ခဲ့သည်။


သူခြေထောက်ဖြတ်စဉ်က ခြေထောက်ဖြတ်ပြီး Chemotherapy ဖြင့် ကုသလျှင် အသက်ရှင်နှုန်း ၅၀ ရာခိုင်နှုန်း ရှိနိုင်သည်။ ထိုထက် လွန်ခဲ့သော နှစ်နှစ်ခန့်က ၁၅ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ ဤသည်မှာ ကင်ဆာသုတေသနများ၏ အကျိုးကြောင့် ကုထုံးအသစ်များကို ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့်သာဖြစ်သည်ဟု သူ့ဆရာဝန်ပြောခဲ့သည်ကို နားထဲကမထွက်နိုင်တော့ချေ။ သူ ဆေးကုရင်း ဆေးရုံ၊ ဆေးခန်း၊ ဆေးဌာနတွေကို အရောက်များသဖြင့် ကင်ဆာသုတေသနတွေအတွက်ရသော ဘတ်ဂျက်များမှာ အလွန်နည်းသည်ကို သိရသောအခါ အားမလိုအားမရ ယူကျုံးမရဖြစ်ခဲ့သည်။ "ဘတ်ဂျက်တွေ များများရှိခဲ့ရင် ဒီနေ့ငါဖြစ်နေတဲ့ ကင်ဆာရောဂါကို ဒီထက်ကောင်းအောင်ကုနိုင်မှာ"ဟုလည်း တွေးမိခဲ့သည်။ နောင်တစ်ခေတ်မှာ ကင်ဆာရောဂါကို ပိုကောင်းသောနည်းလမ်းများဖြင့် ကာကွယ်ရန်၊ ကုသရန် ထိုသို့သော သုတေသနများကို တိုးချဲ့လုပ်ဆောင်နိုင်စေရန် သူ ဆက်လက်အသက်ရှင်ရမည့် ခဏတာမှာ အလှူငွေရှာဖို့ (Fund raising) အတွက် အားထုတ်တော့သည်။


ခြေတုတစ်ဖက်တပ်ထားသော "တယ်ရီ" သည် အားကစားသမားဖြစ်တဲ့အလျောက် သူနေသော ကနေဒါနိုင်ငံ အရှေ့ဘက် အတ္တလန်တိတ်သမုဒ္ဒရာကမ်းခြေမှ အနောက်ဘက် ပစိဖိတ်သမုဒ္ဒရာကမ်းခြေအထိ ကီလိုမီတာ ၈၀၀၀ (မိုင် ၅၀၀၀) မာရသွန်ပြေးရင်း အလှူငွေရှာရန် စွန့်စွန့်စားစား ဆုံးဖြတ်လိုက်လေသည်။ ခြေတုတစ်ဖက်နဲ့ပြေးရန် အပင်ပန်းအဆင်းရဲခံပြီး လေ့ကျင့်ခဲ့သည်။ ခြေတုဘက်ကိုညှာပြီးပြေးရသဖြင့် ခြေတုသာမက ခြေကောင်းပါ ဒဏ်ရာတွေရကာ အညိုအမည်းတွေစွဲပြီး အလွန်နာကျင်ခဲ့ရသည်။ ရည်ရွယ်ချက်ကြီးပြီး စိတ်ဓာတ်ပြင်းသူ အားကစားသမားလေးမို့သာ ထိုအခက်အခဲတွေကို ကျော်ဖြတ်နိုင်ခြင်းဖြစ်သည်။ သူပြေးမည့် မာရသွန်ကို "မျှော်လင့်ချက်အတွက် မာရသွန်" (Marathon of Hope)ဟု အမည်ပေးထားသည်။ ပန်းတိုင်ရောက်အောင် နောက်ဆုံးတွားသွားလျှင်သွားရပါစေ အောင်မြင်အောင်လုပ်မည်ဟုလည်း ကနေဒီယမ်ကင်ဆာအဖွဲ့ (Canadian Cancer Society)ကို ကတိပေးထားသည်။ ဆေးပညာကုသမှုတွေကြောင့် နည်းနည်းပိုရှည်လာသော အသက်၊ ပိုရလာသောအချိန်တွေကို တန်ဖိုးရှိစွာသုံးပြီး လူ့လောကမှာနေရတာ တန်ဖိုးရှိကြောင်း ငါသက်သေပြမယ်ဟုလည်း ကြွေးကြော်လိုက်လေသည်။

Marathon of Hope ကို ၁၉၈၀ ပြည့်နှစ် ဧပြီလ ၁၂ ရက်နေ့မှာ ကနေဒါအရှေ့ဘက်ကမ်း စိန့်ဂျွန် (St John's) မြို့၌ သူ့ခြေတုကို အတ္တလန်တိတ်သမုဒ္ဒရာရေမှာနှစ်ပြီး စတင်ခဲ့သည်။ အတ္တလန်တိတ်သမုဒ္ဒရာရေကို ရေနှစ်ဘူးတွင် ထည့်သည်။ တစ်ဘူးကို အမှတ်တရ သိမ်းထားမှာဖြစ်ပြီး အခြားတစ်ဘူးကိုကား ကနေဒါအနောက်ဘက်ကမ်းရောက်လျှင် ပစိဖိတ်သမုဒ္ဒရာကြီးထဲကို သွန်ချရန်ဖြစ်သည်။

အစပထမမှာတော့ အလှူငွေ ဒေါ်လာတစ်သန်းရရန် ရည်ရွယ်ခဲ့သော်လည်း ထိုအချိန်က ကနေဒါမှာ နေထိုင်သူ လူဦးရေ ၂၄ သန်းအားလုံး တစ်ဦးလျှင်တစ်ဒေါ်လာလှူပါက ကင်ဆာသုတေသနအတွက် ဒေါ်လာ ၂၄ သန်း အလှူငွေရမည်ဟု တိုးမြှင့်မျှော်မှန်းခဲ့ပါသည်။ မာရသွန် စသည့်နေ့မှာပင် မိုးရွာ၊ လေပြင်းပြီး နှင်းမုန်တိုင်းများနှင့် ကြုံတွေ့ရသဖြင့် ခက်ခဲခဲ့သည်။ "တယ်ရီ"သည် မည်မျှပင် အေးစေကာမူ သူ့ခြေတုပေါ်လွင်စေရန် ဘောင်းဘီတိုလေးနှင့်သာ ပြေးသည်။ သို့မှသာ လူအများ စိတ်ဝင်စားကာ လှူကြမည် မဟုတ်ပါလား။

> ❛ကင်ဆာသုတေသနများ၏ အကျိုးကြောင့် ကုထုံးအသစ်များကို ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့်သာဖြစ်သည်ဟု သူ့ဆရာဝန်ပြောခဲ့သည်ကို နားထဲကမထွက်နိုင်တော့ချေ။ သူ ဆေးကုရင်း ဆေးရုံ၊ ဆေးခန်း၊ ဆေးဌာနတွေကို အရောက်များသဖြင့် ကင်ဆာ သုတေသနတွေအတွက် ရသော ဘတ်ဂျက်များမှာ အလွန်နည်းသည်ကို သိရသော အခါ အားမလိုအားမရ ယူကျုံးမရဖြစ်ခဲ့❜




ခြေထောက်နာသောဒဏ်၊ ကျန်းမာရေးဒဏ်အပြင် ရာသီဥတုဒဏ်၊ အစပိုင်းမှာမှန်းသလောက် အလှူငွေမရသဖြင့် အားလျော့သောဒဏ်၊ လူမညီ၍ စိတ်ညစ်ရသောဒဏ် စသည့်အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ခဲ့ရသည်။ ဥပမာ ကျူးဘက် (Quebec) မြို့မှာဆိုလျှင် ပြင်သစ်လိုမပြောတတ်သော "တယ်ရီ"တို့အုပ်စုကို ဘာလုပ်နေမှန်းမသိဘဲ ကားလမ်းပေါ်မှာ ပြေးနေသဖြင့် ကားသမားများက လမ်းရှုပ်သည်ဟုဆိုကာ လမ်းပေါ်က မောင်းချခြင်းခံခဲ့ရသည်။

ဇူလိုင်လတွင် ကနေဒါအမျိုးသားနေ့ (Canada Day) အတွက် ရက်အနည်းငယ်နားသည်မှအပ သူ၏ ၂၂ နှစ်မြောက်မွေးနေ့မှာပင် မနားဘဲ နေ့စဉ်နေ့တိုင်း တစ်နေ့လျှင် ၄၂ ကီလိုမီတာ (full marathon) ပြေးလာလိုက်သည်မှာ ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၁ ရက်နေ့ ၁၄၃ ရက်မြောက်နေ့ ကီလိုမီတာ ၅၃၇၃ (မိုင် ၃၀၀၀) ကျော်ရောက်သည့်နေ့မှာကား ကင်ဆာက အဆုတ်ကို ပျံ့နေပြီဖြစ်သဖြင့် အသက်ရှူကျပ်ကာ ဆေးရုံရောက်သွားခဲ့ရရှာသည်။ မိုင် ၃၀၀၀ ကျော်ဆိုသည်မှာ ကော့သောင်းမှ ပူတာအိုအထိ ပြေးပြီး ပူတာအိုကနေ ကော့သောင်းအထိ ပြန်ပြေးလာသည်ထက်ပင်ပိုနေပါသေးသည်။ နေမကောင်းလျက်ကြီး ခြေတုတစ်ဖက်နဲ့ မဖြစ်နိုင်စရာပါ။

မပြေးနိုင်တော့ဘဲ သေလုမြောပါး ဝေဒနာခံစားနေရသည့်သားကို မိဘတွေက ဆေးရုံမှာ လာတွေ့ကြသောအခါ ဖခင်က "ဒါမတရားဘူးလို့ ငါတို့ထင်တယ်၊ လုံးဝမတရားဘူး"ဟု ယူကျုံးမရ ပြောရှာသည်။ "တယ်ရီ" ပြန်ပြောလိုက်သည်မှာ "ကျွန်တော်ကတော့ ဒါမတရားဘူးလို့ မမြင်ပါဘူး။ ကင်ဆာရောဂါဆိုတာ ဒီလိုပဲ။ ကင်ဆာရောဂါဖြစ်တာ ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါဘူး။ တခြားလူတွေလည်း ဖြစ်နေတာ။ ကျွန်တော်ကလည်း ထူးမခြားနားလူသားထဲက လူသားမို့ ကျွန်တော်လည်း ကင်ဆာဖြစ်နိုင်တာပဲ။ ဖြစ်လာတဲ့ ကင်ဆာရောဂါကို အခြေပြုပြီး လူတွေကို ကင်ဆာသုတေသနမှာ စိတ်ဝင်စားလာအောင်၊ နောင်တစ်ချိန်မှာ ကင်ဆာရောဂါတွေကို ပျောက်ကင်းအောင် ကုသနိုင်အောင်၊ မဖြစ်အောင် ကာကွယ်နိုင်အောင်၊ ကျွန်တော့်ကိုအားကျအောင် လုပ်နိုင်တယ်လို့ပဲ မြင်ပါတယ်"တဲ့။

"တယ်ရီ" သေဆုံးသွားသော်လည်း "တယ်ရီ"၏ ကင်ဆာရောဂါအတွက် အလှူငွေရှာခြင်းလုပ်ငန်းမှာ မသေဆုံးသည့်အပြင် ယနေ့အထိ ကြီးထွားကျယ်ပြန့်နေပါသည်။ ၁၉၈၁ ခုနှစ် ဇွန်လ ၂၈ ရက်နေ့ "တယ်ရီ" သေဆုံးပြီးနောက်ပိုင်း ထိုနှစ် စက်တင်ဘာလတွင်ပင် ကနေဒါနိုင်ငံ၌ "နှစ်စဉ် တယ်ရီဖောက်(စ်)ပြေးပွဲ" (Annual Terry Fox Run) ဟူ၍ စတင်ကျင်းပခဲ့ရာ အပြည်ပြည်ဆိုင်ရာသို့ ပျံ့နှံ့သွားပြီး ၃၈ နှစ်အကြာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ စာရင်းအရဆိုလျှင် နိုင်ငံပေါင်း ၆၀ တွင် ကျင်းပနေပြီး အလှူငွေဒေါ်လာသန်းပေါင်း ၇၅၀ ရရှိနေပြီဖြစ်ပေသည်။

ငွေကြေးအတိုင်းအတာနဲ့ကြည့်လျှင် အများကြီးရသည်ဟု ထင်ကောင်းထင်နေပေမည်။ လက်တွေ့အကျိုးမှာကား ထိုအများကြီးထက်ပင် များပါသေးသည်။ ဆယ်စုနှစ် သုံးခုလောက်အတွင်း ကင်ဆာကုသရေးအတွက် သုတေသနပြုရှာဖွေခဲ့သည့် ရလဒ်မှာကား ယခုခေတ် Osteosarcoma ဖြစ်လျှင် တိုးတက်လာသော ခွဲစိတ်ကုသနည်း (Limb – sparing or Limb- reconstructive surgery) များ၊ အာနိသင်ပိုကောင်းသောဆေးဝါး (cheomotherapy) များကြောင့် ခြေထောက်ပင်ဖြတ်စရာမလိုဘဲ ၈၀ ရာခိုင်နှုန်းခန့်အထိ အသက်ရှင်နိုင်သည်ဟု ကနေဒါမှ ကင်ဆာအထူးကု ဒေါက်တာဂျေးဝန်ဒါ (Dr. Jay Wunder)က ထုတ်ဖော်ပြောခဲ့သည်။ ထိုကဲ့သို့ ကုထုံးများ တိုးတက်ကောင်းမွန်လာသည်မှာ "တယ်ရီဖောက်(စ်)" စတင်ခဲ့သော Marathon Of Hope ၏ ကျေးဇူးကြောင့်ဟု သူခံယူပါသည်ဟူ၍လည်း ဖော်ပြခဲ့ပါသည်။

ကဲ.......မိတ်ဆွေ ယခုအထိ ဖတ်လာပြီးပြီဆိုလျှင်

- ❖ ကင်ဆာရောဂါသည် ကုသလို့မရသော ရောဂါ မဟုတ်ကြောင်း၊
- ❖ ယနေ့ခေတ်မှာ ကုသနည်းများလည်း တိုးတက်လာပြီဟု ယုံကြည်သင့်ကြောင်း၊
- ❖ ခေတ်မီသိပ္ပံဆေးပညာများအရ စနစ်တကျ ကုသသင့်ကြောင်း၊
- ❖ ကမ္ဘာအရပ်ရပ်မှာ လူများများဖြင့် သုတေသနပြုထားသည့် သက်သေမျိုးမရှိသော ရပ်ရွာထဲက ကုထုံးတွေကို ယုံပြီး ပုံမအပ်လိုက်သင့်ကြောင်း စဉ်းစားမိကြပြီ ထင်ပါတယ်။

"ကင်ဆာ"ဟု ဆိုလိုက်ရုံဖြင့် "သေဒဏ်" ဟု မယူဆသင့်ပါ။ "အသက်ရှင်နှုန်း" ရှိပါသေးသည်။ အသက်ရှင်နှုန်းမှာ မည်သည့်ကင်ဆာအမျိုးအစားဖြစ်ပြီး မည်မျှစောစီးစွာသိ၍ မည်သည့်ကုထုံးကိုသုံးပြီး မည်မျှကိုယ်ခံစွမ်းအားရှိသည်များအပေါ် များစွာမူတည်နေပါသဖြင့် သက်ဆိုင်ရာဆရာဝန်များနှင့် တိုင်ပင်ဆွေးနွေးသင့်ပါသည်။

ကင်ဆာမဖြစ်တဲ့သူတွေမှာရော သေဒဏ်မရှိတော့ပေဘူးလား။

လူတိုင်း မွေးကတည်းက သေဒဏ်ပါလာတာပါ။

အချို့မှာ ကင်ဆာရောဂါရှိသူထက်ပင် စောစီးစွာ လောကကြီးကို စွန့်ခွာကြရတတ်သည် မဟုတ်ပါလား။

နောက်ထပ် ဘယ်တော့အထိပဲ အသက်ရှင်တော့မည်လို့ တစ်ခါမျှမတွေးမိလို့ မိမိ၊ သူတစ်ပါး ဘယ်ကောင်းကျိုးမျှ မလုပ်လိုက်ရသူတို့သည် ကင်ဆာဖြစ်သော်လည်း သတိ၊ အသိတရားရှိသူတို့နှင့် နှိုင်းစာလျှင် လူဖြစ်အရှုံးကြီး ရှုံးရသူတို့ ဖြစ်သည်။

ထို့ကြောင့် ကင်ဆာဖြစ်သူများ စိတ်ဓာတ်ကျစရာမလိုပါ။ နည်းမှန်လမ်းမှန် ကုသရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချရန်သာ လိုပါသည်။ ။

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

(မ) **လျစ်လျူရှုခြင်း** ဆိုသည်မှာ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ကလေးနှင့် ထိတွေ့ဆက်ဆံနေရသူများက ကလေးသူငယ်အပေါ် လုံလောက်သော အစားအစာ၊ အဝတ်အစား၊ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ဂရုစိုက်စောင့်ရှောက်မှု၊ ချစ်ခင်ကြင်နာမှု၊ နွေးထွေးမှု စသည့် ကလေးသူငယ်များအတွက် အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် ပျက်ကွက်ခြင်းကို ဆိုသည်။

(ယ) **မသန်စွမ်းကလေးသူငယ်** ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များအား ရေရှည်ခံစားနေရသော ကလေးသူငယ်ကို ဆိုသည်။

(ရ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့် ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကို ဆိုသည်။

(လ) **တည်ထောင်ခွင့်ပြုမိန့်** ဆိုသည်မှာ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်၊ လူမှုရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းက ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ်ရန် ဤဥပဒေအရ လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပေးသော တည်ထောင်ခွင့်ပြုမိန့်ကို ဆိုသည်။

(ဝ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ်ထားလျှင် ဖြစ်စေ၊ တည်ထောင်ဖွင့်လှစ်လိုလျှင်ဖြစ်စေ ဤဥပဒေအရ လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(သ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်။

(ဟ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဠ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ခရိုင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ သို့မဟုတ် မြို့နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီကို ဆိုသည်။

(အ) **လူမှုဝန်ထမ်းအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ကက) **ကလေးသူငယ်ကြီးကြပ်သူ** ဆိုသည်မှာ ဤဥပဒေပါ ကလေးသူငယ် ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ခခ) **မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိ** ဆိုသည်မှာ ဤဥပဒေအရ မွေးစားခြင်းကို မှတ်ပုံတင်ရန်အလို့ငှာ လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံးတို့မှ လူမှုဝန်ထမ်းအရာရှိ အသီးသီးကို ဆိုသည်။

(ဂဂ) **ထောင်ဒဏ်တစ်သက်** ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကို ဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာသင်ယူမှုအခွင့်အလမ်းရရှိရေးအပါအဝင် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(ဃ) လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ်များအား နိုင်ငံတော်၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ရန်၊

(င) ကလေးသူငယ်မှုခင်းကို သီးခြားစစ်ဆေးစီရင်၍ ပြစ်မှုကျူးလွန်သော ကလေးသူငယ်၏ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ရန်၊

(စ) ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးနှင့် အကာအကွယ်တို့ တန်းတူညီမျှမှုရှိစေပြီး ခွဲခြားဆက်ဆံခြင်း မပြုစေရန်။

### အခန်း (၃)
### အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၃) | ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၅) | ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများအတွက် ဆောင်ရွက်လျက်ရှိသည့် လူမှုရေး အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း ဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ အမျိုးသားကော်မတီဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် အမျိုးသားကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သောမူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အစီအမံများ ချမှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်ထားသော မူဝါဒများနှင့်အညီ ကလေးသူငယ်၏ အခွင့်အရေးများကို လေးစားရေး၊ အကာအကွယ်ပေးရေးနှင့် အပြည့်အဝခံစားစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောအရင်းအမြစ်များ ရရှိရေးအတွက် ဆောင်ရွက်ခြင်း၊

(ဂ) မိမိ၏လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သောလုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းပြည်ပ စေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူရေးနှင့် ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ရန်ပုံငွေထူထောင်ပြီး ထိရောက်စွာအသုံးပြုစေရေးတို့အတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အသိပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများနှင့် ဟောပြောပွဲများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ သင့်လျော်သလို ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ကလေးသူငယ်များ ပြစ်မှုမကျူးလွန်စေရေးအတွက် ကြိုတင်ကာကွယ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ်များ တိုးတက်မှုအခြေအနေကို အခါအားလျော်စွာ စိစစ်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်း၊

(ဈ) ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သော အစီရင်ခံစာများ၊ စာရင်းဇယားများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံရယူစုစည်းပြီး နှစ်စဉ်ပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က လမ်းညွှန်သည့် ကလေးသူငယ်ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ (က) အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရမည်။

(ခ) အမျိုးသားကော်မတီ၏ ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

### အခန်း (၄)
### ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီများကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့သည် -

(၁) ပုဒ်မခွဲ (က) အရ မိမိတို့ ဖွဲ့စည်းထားသော ဒေသဆိုင်ရာကော်မတီအသီးသီးကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(၂) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(၃) ဒေသဆိုင်ရာကော်မတီများ၏ လုပ်ငန်းတာဝန်များကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ ကူညီပံ့ပိုးခြင်း ပြုနိုင်သည်။

၉။ ဒေသဆိုင်ရာ ကော်မတီအသီးသီးသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီနှင့် ကော်မတီအဆင့်ဆင့်တို့၏ လမ်းညွှန်မှုနှင့် ကြီးကြပ်မှုကိုခံယူ၍ ဆောင်ရွက်ရမည်။

၁၀။ (က) ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့်သည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ တစ်ဆင့်မြင့်ရှိ ဒေသဆိုင်ရာကော်မတီသို့ အစီရင်ခံစာတင်ပြရမည်။

**(ဆက်လက်ဖော်ပြပါမည်)**



## အထက်မြန်မာပြည်တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်

**မန္တလေး ဇူလိုင် ၂၄**
အထက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၂၇ ခုတို့မှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြမည့် ကြက်တောင်ရိုက်ပြိုင်ပွဲကို မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium ၌ ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ကျောင်းသား ကျောင်းသူ ပြိုင်ပွဲဝင် ကစားသမား ၃၃၀ ကျော်ပါဝင်ယှဉ်ပြိုင်ကြပြီး ဇူလိုင် ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "အနာဂတ်ကို ခေါင်းဆောင်မယ့်လူငယ်တွေဟာ ကျန်းမာကြံ့ခိုင်သန်စွမ်းရမယ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှိရမယ်။ တိုင်းပြည်ချစ်တဲ့ စိတ်ဓာတ်ရှိရမယ်၊ ဒီလိုအားကစားယှဉ်ပြိုင်ခြင်းကြောင့် မတူတဲ့ဒေသကလူတွေ လာဆုံတဲ့အတွက် နားလည်မှုတည်ဆောက်ကြ၊ ယုံကြည်မှုတည်ဆောက်ကြလို့ ရင်းနှီးချစ်ခင်မှုကိုဖြစ်စေပါတယ်၊ အဲဒါတွေအားလုံးဟာ ပြည်ထောင်စုအတွက် လိုအပ်တဲ့ အခြေခံစိတ်ဓာတ်တွေပါ" ဟု ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ အသင်းခေါင်းဆောင်များအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်**
**(မန်းကိုယ်ပွား)**

## ရေအရင်းအမြစ်အသုံးချရေးနှင့် မူဝါဒချမှတ်ရေး အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၄**
ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် နယ်သာလန်နိုင်ငံ သံရုံးတို့ ပူးပေါင်းပြုလုပ်သည့် ရန်ကုန်မြို့တော် ရေအရင်းအမြစ်အသုံးချရေးနှင့် မူဝါဒချမှတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ အလုပ်ရုံ ဆွေးနွေးပွဲသည် ရေမူဝါဒတစ်ရပ်ကို ပြဋ္ဌာန်းနိုင်ဖို့အတွက် အထောက်အကူ ဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ ရေများကို စနစ်တကျနှင့် စီမံခန့်ခွဲနိုင်ဖို့ လိုအပ်သလို ရေကောင်း ရေသန့်ကိုသုံးစွဲခွင့် ရနိုင်ဖို့လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရေမူဝါဒကို စနစ်တကျ ချထားနိုင်ရန် ရေကို စီမံခန့်ခွဲနိုင်သည့် အခြေအနေတစ်ခု ဖြစ်စေရန်အတွက် မျှော်မှန်းကြောင်း၊ မိုးရာသီမှာရေချိုများကို စနစ်တကျ ထိန်းသိမ်းထားနိုင်ပြီး နွေရာသီရောက်သည့်အခါ ယင်းရေများကို ပြည်သူလူထုအတွက် တစ်ဖက်ကနေ ရေကောင်းရေသန့်အဖြစ် ဖြန့်ချိပေးနိုင်သည့် အခြေအနေများကိုလည်း ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ ဒုတိယသံအမတ်ကြီး Mr. Huub Buise က အလုပ်ရုံဆွေးနွေးပွဲ ပေါင်းများစွာမှ တစ်ဆင့် တိကျခိုင်မာသည့် လုပ်ငန်းစဉ်တစ်ရပ်ကိုဖော်ဆောင်သွားရန်လည်း အရေးကြီးကြောင်း၊ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို ခေါင်းစဉ်သုံးခုနှင့် ဆွေးနွေးမှာဖြစ်ကြောင်း၊ ရန်ကုန်မြစ်၏ ဘယ်ဘက်အခြမ်း၌တည်ဆောက်မည့် ဆိပ်ကမ်းအတွက် လိုအပ်သည့်မြစ်ကြောင်းအဟောင်းများ မထိခိုက်ရေးနှင့် ပတ်သက်ပြီး ယခုပညာရှင်များနှင့် ပူးပေါင်းပြီး ဆွေးနွေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရေအရေး ကျွမ်းကျင်သူ အကြံပေးပုဂ္ဂိုလ် Mr. Johan Heymans က မြစ်ကြောင်းများ၊ သင်္ဘောဆိပ်ကမ်းများနှင့် ပတ်သက်ပြီး ဗီဒီယိုဖိုင်ဖြင့် ပြသရှင်းလင်းခဲ့သည်။ **ဆန်းကျော်ဦး (ပြန်/ဆက်)**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေး

**ကျိုင်းတုံ ဇူလိုင် ၂၄**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဆွေတင့်လွင်နှင့် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို တိုင်းလိယဉ်ကျေးမှုခန်းမဆောင်တွင် ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဆွေတင့်လွင် (ရှမ်းပြည်နယ်တာဝန်ခံ)က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇော်မြင့်ဝင်းက မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတင်ပြသည်။ **ရဲထက်ဦး(ကျိုင်းတုံ)**



## မလေးရှားဖိတ်ခေါ် တိုက်ကွမ်ဒိုအဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၄**
မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဖလားဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော သန်လျင်တိုက်ကွမ်ဒိုကလပ်မှ အားကစားသမားများ ဇူလိုင် ၂၂ ရက် ညနေ ၄ နာရီက အသင်းအုပ်ချုပ်သူ ဦးစိုးကြည်၊ နည်းပြ ဦးဇော်ထွန်းအောင်နှင့် ကစားသမားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြ သည်။

အဆိုပါ အဖွဲ့အား သန်လျင်တိုက်ကွမ်ဒိုကလပ်မှ တာဝန်ရှိသူများ၊ သန်လျင် အထက (၁) မိဘ၊ ဆရာ ကျောင်းအကျိုးဆောင်အဖွဲ့နာယက ဦးတင်ဝင်း၊ ဥက္ကဋ္ဌဦးမောင်မောင်တိုးနှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီသန်းနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများက ကြိုဆိုနှုတ်ဆက်ကြသည်။

တိုက်ကွမ်ဒိုပြိုင်ပွဲတွင် သန်လျင်ဂျမား အထကမှ မမြေမြတ်နိုးဦးက ရွှေတံဆိပ်၊ သန်လျင် အထက (၁) မှ မောင်ပြည့်ဖြိုးကျော်က ငွေတံဆိပ် ရရှိခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ခရမ်းမြို့တွင် ရှင်းလင်းဆွေးနွေး

**ခရမ်း ဇူလိုင် ၂၄**
ရန်ကုန်တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှ ခရမ်းမြို့တွင် တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြုဟ္မစိုရ်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင် ဦးအောင်မျိုးဇော်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင် ဦးကျူးနှင့် ဦးဌေးဝင်းတို့က ဥပဒေနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေး၍ ခရမ်းမြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ မြို့နယ်အဆင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

## စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့၌ အိမ်ထောင်စု ၉၄၀၀ ကျော် ရေဘေးကြုံတွေ့နေရ

**ရန်ကုန် ဇူလိုင် ၂၄**
မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေ တိုးလာကာ ရေကြီး ရေလျှံမှုများ တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတွင် ဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ မွန်၊ ပဲခူး၊ ချင်း၊ ရခိုင်တို့မှ ရေဘေးရှောင်ပြည်သူများ မူလနေရပ်ပြန်နိုင်ခဲ့ပြီး ကချင်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေးတို့တွင် ရေဘေးရှောင်အိမ်ထောင်စုများရှိနေသေးကြောင်း စုစုပေါင်း အိမ်ထောင်စု ၉၄၀၀ ကျော်တို့သည် ရေဘေးနှင့် ကြုံတွေ့နေရဆဲဖြစ်ကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ သိရသည်။

"ရေကြီးရေလျှံနစ်မြုပ်မှုတွေက တိုင်းဒေသကြီးနဲ့ ပြည်နယ် နေရာရှစ်နေရာလောက်မှာဖြစ်ခဲ့တယ်။ အခုက မွန်၊ ပဲခူး၊ ချင်း၊ ရခိုင် ဒီနေရာတွေကတော့ ထောက်ပံ့ကယ်ဆယ်ရေးတွေ လုပ်ပေးနိုင်ခဲ့ပြီး ရေဘေးရှောင်နေတဲ့သူတွေ မရှိတော့ဘူး။ ကချင်ဆိုရင် ဗန်းမော်မှာ အိမ်ထောင်စု ၁၀၀ မှာ နည်းနည်းပဲကျန်ပါတော့တယ်။ လက်ရှိ စစ်ကိုင်း၊ မန္တလေးက အိမ်ထောင်စု ၄၀၀၀ ကျော်လောက် ရှိနေ သေးတယ် ။ မကွေးကတော့ နည်းတယ်။ အိမ်ထောင်စု ၁၂၀ လောက်ပဲရှိတာပေါ့။ အဲဒီနေရာတွေကတော့ ရေဘေးရှောင်တွေ ရှိနေသေးတယ်။ ပြန်ပြီးမရွှေ့ကြသေးဘူး"ဟု နေပြည်တော်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဒေါ်ဖြူလဲ့လဲ့ထွန်းက ပြောသည်။

ယခု ကချင်ပြည်နယ် ဗန်းမော်၌ ရေဘေးရှောင်အိမ်ထောင်စု ၁၀၀ ဝန်းကျင်ခန့်သာရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး ကသာ၊ ထီးချိုင့်၊ ကန့်ဘလူ၊ ခင်ဦး၊ စစ်ကိုင်း၊ ကျောက်မြောင်းမြို့နယ်တို့၌ အိမ်ထောင်စု ၄၃၀၀ ကျော်တွင် လူဦးရေ ၁၉၅၀၀ ကျော်ခန့်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်း၊ စဉ့်ကူး၊ စဉ့်ကိုင်၊ တံတားဦး၊ တောင်သာမြို့နယ်များ၌ အိမ်ထောင်စု ၄၉၀၀ ကျော်တွင် လူဦးရေ ၂၁၀၀၀ ကျော်ခန့်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၌ အိမ်ထောင်စု ၁၂၀ တွင် လူဦးရေ ၅၂၀ ကျော်ခန့်ယာယီရေဘေးရှောင်နေရာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ စုစုပေါင်း နိုင်ငံတစ်ဝန်း အိမ်ထောင်စု ၉၄၂၀ ရှိကြောင် း နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (ရုံးချုပ်) မှ သိရသည်။

"တိုင်းဒေသကြီးတွေမှာကတော့ ဖြစ်တာနဲ့ ပြောင်းတာရွှေ့တာတွေ၊ ထောက်ပံ့ကူညီမှုတွေ ရှာဖွေကယ်ဆယ်ရေးတွေကို ဖြစ်ဖြစ်ချင်းစပြီး ဆောင်ရွက်တယ်။ တိုင်းထဲမှာရှိတဲ့ ဌာနဆိုင်ရာတွေက တိုင်းဒေသကြီးအစိုးရအဖွဲ့တွေရဲ့ကြီးကြပ်ကွပ်ကဲမှုနဲ့ ဆောင်ရွက်တယ်။ ကျွန်မတို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေနဲ့ကလည်း ထောက်ပံ့မှုတွေကိုလုပ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဒေါ်ဖြူလဲ့လဲ့ထွန်းက ထပ်မံပြောသည်။

လက်ရှိတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်းကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအပြင် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးငွေများ အပါအဝင် စုစုပေါင်း ကျပ် ၁၆၉၈ သိန်းကျော် ထောက်ပံ့နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ထောက်ပံ့မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်များ၊ ပညာရှင်များ၏သုံးသပ်အကြံပြုချက်များကို အလေးထား ဂရုပြုလိုက်နာရန်နှင့် ဒေသအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (ရုံးချုပ်) ဖုန်းနံပါတ် ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၀၇၇၇ သို့ ဆက်သွယ်ကာအကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **မြင့်မောင်စိုး**

## တိုတိုထွာထွာဖတ်စရာ

### ကျောင်းသုံးပစ္စည်းများပေးအပ်

**ကျောက်တံခါး**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပညာရေးမှူးရုံး၌ ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ကျောက်တံခါးမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ မြစ်ဘေးချောင်းဘေးရှိ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကျင်းပသည်။

ကျောက်တံခါးမြို့နယ် လက်ခုံဒိုးတန်း၊ ကျောက်စရစ်၊ နတ်တလင်း၊ ကညင်ကြိုးရွာဟောင်း၊ လေ့တော်ခုံ၊ မြို့ချောင်း၊ ကြာပင်အိုင်၊ ကြာအင်းကုန်း၊ သစ်တဲရွာသာယာ၊ အနန်းဘော်၊ အောက်တဲစု၊ ညောင်ဝိုင်းကျေးရွာတို့ရှိ အခြေခံပညာကျောင်းပေါင်း ၁၄ ကျောင်းအား စာအုပ်၊ ခဲတံ၊ အင်္ကျီ၊ စကတ်၊ မိုးကာများအား မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးစန်းလွင်က ပေးအပ်ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဦးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်ဝင်းတို့က လက်ခံရယူခဲ့ပြီး အခြေခံပညာကျောင်းများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

### မော်လမြိုင်ကျွန်းမြို့နယ်တွင် လူမှုရေးပင်စင်ပေးအပ်

**မော်လမြိုင်ကျွန်း**
မော်လမြိုင်ကျွန်းမြို့နယ် ကျုံလတာကျေးရွာမှ ဒေါ်သန်းစိန် (၈၅) နှစ် အား လူမှုရေးပင်စင် သုံးလစာ(ဧပြီ၊ မေ၊ ဇွန်)အတွက် ကျပ် ၃၀၀၀၀ ထောက်ပံ့ခြင်းကို ဇူလိုင် ၂၃ ရက် ညနေ ၅ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှ ဒေါ်သန်းစိန်နေအိမ်၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**



## ဂန့်ဂေါ၌ မူခင်းကျဆင်းရေး ဆွေးနွေး

**ဂန့်ဂေါ**
ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့ရုံး၏ အစီအစဉ်ဖြင့် ခရိုင်အတွင်း ရဲတပ်ဖွဲ့စခန်းနယ်မြေအလိုက် မှုခင်းကျဆင်းရေးအတွက် အိမ်တိုင်ရာရောက် စနစ်ဖြင့် အသိပညာပေး ဆွေးနွေးလျက်ရှိသည်။

ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းရဲကင်းစခန်းမှူး ဒုရဲအုပ်ကျော်မင်းထွဋ်သည် ဇူလိုင် ၂၂ ရက်က တောင်ခင်ရန်းကျေးရွာပြည်သူများအား သက်ငယ်မုဒိမ်းမှုကျဆင်းရေး ဆွေးနွေးဟောပြောခဲ့သည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**စိန်ကျော်**



ရန်ကင်းမြို့နယ် အမှတ် (၁၃) ရပ်ကွက် အောင်ဇေယျလမ်း အမှတ် (၆၇) တတိယထပ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းအောင် စားသောက်ဆိုင်ဝန်ထမ်းများအား ဇူလိုင် ၂၂ ရက် ညနေ ၆ နာရီက မှုခင်းအသိပညာပေး ဟောပြောစဉ်။ **တင်ဝင်းတင်**

# ရေတိုက်စားမှုဒဏ်ကာကွယ်နိုင်ရန် ကားတာယာဖြင့် မြေထိန်းနံရံပြုလုပ်



**ကသာ ဇူလိုင် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကသာမြို့နယ်စပ်ရှိ ဧရာဝတီမြစ်ကမ်းပါး ရေတိုက်စားမှုဒဏ် ကာကွယ်နိုင်ရေး ကားတာယာအဟောင်းများဖြင့် မြေထိန်းနံရံကို မဲဟင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဘေးတွင် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

နှစ်စဉ်ကမ်းပြိုကျမှုဒဏ် ကာကွယ်နိုင်ရေးနည်းလမ်းမျိုးစုံနှင့် သစ်ဝါးများဖြင့် လူအားငွေအားများစိုက်ထုတ်ကာ ဆောင်ရွက်ပါသော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်မှ စ၍ ဆွေးမြည့်မှုမရှိဘဲ ကြာရှည် တည်တံ့ခိုင်မြဲနိုင်မည့် စွန့်ပစ်တာယာများဖြင့် မြစ်ကမ်းပါးဘေးတွင်အနက် ရှစ်ပေခန့် မြေတူး၍ ကျောက်သဲထားရှိကာ ကားတာယာများ ထည့်သွင်းတည်ဆောက်ခြင်းကို အမြင့် ၁၈ ပေ၊ ၁၈ ထပ်၊ အလျား ပေ ၁၅၀ အား ကားတာယာအဟောင်း ၈၉၀ အသုံးပြုပြီး မြို့နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာအကူအညီရယူကာ အောင်မြင်စွာဆောင်ရွက်ထားရှိနိုင်ခဲ့သည်။ လာမည့်နွေရာသီကာလတွင် ပေ ၂၀၀ ခန့် မြေထိန်းနံရံတည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း မဲဟင်းကျေးရွာ ဆရာတော် ဦးပညာစာရက မိန့်ကြားသည်။

ကားတာယာများကို တစ်လုံးလျှင် ကျပ် ၁၂၀၀ ပေး၍ ဝယ်ယူဆောင်ရွက်လျက်ရှိရာ အလှူရှင်များက ထည့်ဝင် လှူဒါန်းခဲ့ခြင်းကြောင့် ကားတာယာ အလုံး ၁၀၀၀ ကျော် အသုံးပြု၍ ကျောင်းနံဘေး၌ မြေထိန်းနံရံ တည်ဆောက်နိုင်ခဲ့သဖြင့် ဧရာဝတီမြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျခြင်းအန္တရာယ် မဖြစ်ပေါ်တော့ကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

**ငွေအိုး (ကသာ)**

# အင်းတော်မြို့နယ်အတွင်းရှိ တောင်သူများ မိုးမရွာသဖြင့် လယ်စိုက်ရန်အခက်တွေ့



**အင်းတော် ဇူလိုင် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းရှိ လယ်စိုက်တောင်သူများသည် မိုးမရွာသဖြင့် လယ်စိုက်ရန်အတွက် ရေအခက်အခဲနှင့် ရင်ဆိုင်နေရကြောင်းသိရသည်။

အင်းတော်မြို့နယ်သည် ချောင်း၊ မြောင်း ပေါများသော်လည်း မိုးမရွာသဖြင့် အဆိုပါ ချောင်း၊ မြောင်းများတွင်လည်း ရေခန်းခြောက်နေ၍ အချို့တောင်သူများမှာ မိမိတို့၏ လယ်ကွင်းအတွင်း ငါးပေါက်ကျင်းများတူး၍ ရေရအောင် ပြုလုပ်ကြပြီး အချိန်မီပျိုးကြဲနိုင်ရန်နှင့် မိုးရွာလာပါက အသင့်စိုက်ပျိုးနိုင်ရန် လုပ်ဆောင်နေကြောင်း သိရသည်။

ရေရရှိရန် နည်းအမျိုးမျိုးဖြင့် ပြုလုပ်ကြသော်လည်း မိုးရေရရှိမှသာ အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## သောက်သုံးရေရရှိရေး စက်ရေတွင်းများအား ကွင်းဆင်းစစ်ဆေး

**ရေတာရှည် ဇူလိုင် ၂၄**
စက်ရေတွင်း တွင်းနက်များတူးဖော်သည့် လုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသိန်း၊ ခရိုင်ဦးစီးမှူး ဦးဘဦးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ပေါက်ချောင်းကျေးရွာရှိ စက်ရေတွင်း တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ တခွဲကျဲကျေးရွာ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ တံတားကြီးကျေးရွာတွင် စက်ရေတွင်း တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ ဒေဝကျေးရွာတွင် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့် ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ထားခြင်း ရှိ-မရှိနှင့် စက်ရေတွင်းမှ ထွက်ရှိသည့် ရေ၏ အရေအသွေးတိုင်းတာခြင်းနှင့်လိုအပ်ပါက ရေစစ်ကန်များ ထပ်မံဖြည့်စွက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကျေးရွာအလိုက် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## အချုပ်သားများအား မူးယစ်ဆေးဝါးဆိုးကျိုးအကြောင်း အသိပညာပေးဟောပြော

**နေပြည်တော် ဇူလိုင် ၂၄**
မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) နေပြည်တော်အသင်းမှ နေပြည်တော် အကျဉ်းဦးစီးဌာနနှင့် ပူးပေါင်း၍ နေပြည်တော်အကျဉ်းထောင်ရှိ အချုပ်သား၊ အချုပ်သူများကို မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် စကားဝိုင်းဆွေးနွေးခြင်းကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက နေပြည်တော်အကျဉ်းထောင်တွင် ကျင်းပသည်။

နေပြည်တော် အကျဉ်းထောင်တာဝန်ခံအရာရှိ ဦးသန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ဗဟိုတွဲဖက်အတွင်းရေးမှူး ဦးမြင့်စိုး၊ ဗဟိုနိုင်ငံတကာဆက်ဆံရေးတာဝန်ခံ ဦးစိန်မြင့်ထွန်း၊ တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်၊ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံမှ စိတ်ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာ ဒေါ်တင်မျိုးမျိုး၊ (MANA) အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးခိုင်မင်းတို့က စကားဝိုင်းဆွေးနွေးကြကာ နေပြည်တော်အကျဉ်းထောင်တွင်းရှိ အချုပ်သား၊ အချုပ်သူများနှင့် အပြန်အလှန်ဆွေးနွေးပြီး မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ပြောကြားခဲ့သည်။ **ဆရာမင်း (ရှုပဗေဒ)**

## သံဃာဆေးကုသဆောင် အုတ်မြစ်စီအခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၄**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ သီးသန့် သံဃာဆေးကုသဆောင် အုတ်မြစ်စီ အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက အဆိုပါ ဆေးရုံဝင်းအတွင်းရှိ သံဃာဆေးကုသဆောင် ဆောက်လုပ်မည့်နေရာ၌ ကျင်းပသည်။

အဆိုပါ သံဃာဆေးကုသဆောင် အလျား ပေ ၉၀၊ အနံ ၃၆ ပေရှိ နှစ်ထပ်သံထည်အုတ်ညှပ် အဆောက်အအုံအား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် သန်လျင် မင်းကျောင်းဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ဆရာတော်များက အုတ်မြစ်စီပေးကြသည်။

**သက်ခိုင် (သန်လျင်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**မော်ကွန်း**

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## တေဒဂ်ရ ရဟန္တာအရှင်မများ




စာရေးသူ အောင်သိမ်းမြတ် စီစဉ်ရေးသားသည့် တေဒဂ်ရ ရဟန္တာအရှင်များ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ရှေးဦး အရှင်မကြီး၊ ကြင်ရာတော် အရှင်မကြီး၊ ဥယျာဉ်၏ဖြားယောင်းခံရသူ၊ ဓမ္မကထိက အရှင်မကြီး၊ အထီးကျန်ဘဝတွင်၊ ဥမ္မာဒန္တီတစ်ဖြစ်လဲ နဂါးမလေးဝိမလာ၊ တစ်ယောက်တည်းသော သားကလေး၊ ရိုင်းလိုက်ပါတဲ့ကံကြမ္မာ၊ ရင်ခုန်ခဲ့ရသော ချစ်သူ၊ အမတ်ကြီးသမီး၊ နှမတော်ဖြစ်ခဲ့သူ၊ ရေချွေးကျိုးရာမှ၊ သံသရာထဲမှာ တတွဲတွဲ တလည်လည် စသည့်အကြောင်းအရာများကို စိတ်ဝင်စားဖွယ် ရေးသားထားသည်။

**စာအုပ်ကို - Renaissance Publishing House၊ အမှတ်-၁၀၅၀၊ ၇-ဈေးလမ်း၊ ၇-အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၅၀၁၂၂၉၃၈ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

## မဇ္ဈိမပဋိပဒါ ကျမ်းရွှေစာ (သုတေသနစာစုများ) စာစု (၁)




အရှင်သီလဝံသ(ပုလော)စီစဉ်ရေးသားသည့် မဇ္ဈိမပဋိပဒါ ကျမ်းရွှေစာ (သုတေသနစာစုများ) စာစု (၁) စာအုပ် ထွက်ရှိလာသည်။

တရားသမားဆိုသည်ကား မကောင်းမှု မတရားတာမှန်သမျှကို မကြံစည်၊ မပြော၊ မလုပ်။ သတ္တဝါအားလုံးအပေါ်တွင် အဆင့်၊ ပုဂ္ဂိုလ်၊ သတ္တဝါမခွဲခြားဘဲ မေတ္တာထားကာ ပြောဆိုဆက်ဆံသည်။ သက်န်းစည်းပြီးသောအခါတွင်လည်း ဘဝဒုက္ခကလွတ်အောင် မဂ္ဂင်ရှစ်ပါးကိုကျင့်သည့် ပုဂ္ဂိုလ်ကို တရားသမားဟုဆိုသည်။ ထိုင်တယ်၊ ထတယ်၊ ရပ်တယ်၊ လဲလျောင်းတယ်၊ လျှောက်တယ်၊ တွေးတယ်၊ ချတယ်ဆိုသည်ကား ဣရိယာပုတ်ပဲ၊ ဣရိယာပုတ်နှင့် နေတဲ့သူဖြစ်သည်။

**စာအုပ်ကို - ကိုလတ်စာပေ၊ ၃၁-လမ်း(အထက်)၊ ရန်ကုန်မြို့မှ ဓမ္မဒါနပြုသည်။**

## ဘဝအသိ နီတိအဖြာဖြာ မှတ်ဖွယ်ရာ





လူ့ဘဝတွင် အကျိုးရှိစွာနေထိုင်လိုသူများအတွက် စာရေးသူဦးဝမ်ထိန် စီစဉ်ရေးသားသည့် ဘဝအသိ နီတိအဖြာဖြာ မှတ်ဖွယ်ရာ စာအုပ်ထွက်ရှိလာသည်။

ရှေးလူကြီး မိဘဆရာသမားများဆိုမိန့်ခဲ့သော ဆုံးမသြဝါဒစကားများသည် သူတို့၏ နိစ္စဓူဝ နေ့စဉ်ကြုံတွေ့နေရသော လက်တွေ့ဘဝမှ ပေါ်ထွက်လာသော စကားလုံးများဖြစ်၍ မှန်ကန်သည်။ နီတိဟူသည် လောကထဲတွင် လူဖြစ်လာရသူတိုင်း လိုက်နာကျင့်သုံးအပ်သော လူ့ကျင့်ဝတ်များဖြစ်သည်။ ထိုလူ့ကျင့်ဝတ်များကို မလိုက်နာ၊ တာဝန်မဲ့စွာနေကြလျှင် လူတို့နေထိုင်ရာ ဤလောကကြီးသည်လည်း အကွပ်မရှိသော ကြမ်းပမာ ဖရိုဖရဲဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် လူ့လောကကြီးတစ်ခုလုံး စည်းကမ်းတကျ ငြိမ်းချမ်းသာယာစွာ နေထိုင်လိုလျှင် လူတစ်ယောက်စီအတွက် လိုက်နာရန်လိုအပ်သည့် နီတိတရားများကို လိုက်နာကျင့်သုံးရန်မှတစ်ပါး အခြားမရှိကြောင်း ရေးသားထားသည်။

**စာအုပ်ကို - ပတ္တမြားငမောက်စာပေ၊ အမှတ်-၁၆၁၊ ၃၃-လမ်း(အထက်)၊ရန်ကုန်မြို့၊ဖုန်း-၀၁ ၃၈၆၄၀၈ နှင့် ၀၁ ၃၉၅၀၁၁ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဥပဒေ ၁၀၀၊ ပုဒ်မ ၁၀၀၀ ၏ ပြစ်မှုပြစ်ဒဏ်များ (ဒုတိယတွဲ)




ဥပဒေနှင့်သက်ဆိုင်သည်များကို နားလည်နိုင်စေရန် စာရေးသူဦးကျော်ဇေယျ စီစဉ်ရေးသားသည့် ဥပဒေ ၁၀၀၊ ပုဒ်မ ၁၀၀၀၏ ပြစ်မှု ပြစ်ဒဏ်များ(ဒုတိယတွဲ) စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တရားရုံးများ မထီမဲ့မြင်ပြုမှုဥပဒေ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥပဒေ စသည့်ဥပဒေပေါင်း ၆၀ နှင့် ပတ်သက်သည်များကို ရေးသားထားသည်။

**စာအုပ်ကို-မယ်နဲ့မောင်စာပေဖြန့်ချိရေး၊ အမှတ်-၁၇၈(ပထမထပ်)၊ အနော်ရထာလမ်း၊ ၃၃ လမ်း×၃၄ လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉ ၄၄၃၀၄၅၈၃၅ နှင့် ၀၁ ၂၄၃၆၁၄ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။**

## အမှားအများဆုံးလုပ်တဲ့လူက အတော်ဆုံးလူ





မဇ္ဈိမစာပေဝိုင်းတော်သားများ စီစဉ်ရေးသားသော ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် ဟောပြောသည့် အမှားအများဆုံးလုပ်တဲ့လူက အတော်ဆုံးလူ စာအုပ်ထွက်ရှိလာသည်။

ယနေ့ခေတ်လူငယ်များအနေဖြင့် အလုပ်လုပ်ကိုင်ရာတွင် ပြင်ပလုပ်ငန်းတစ်ခုတွင်သာ မှီခိုမနေဘဲ ကိုယ်တတ်မြောက်ထားသည့် ပညာရပ်နှင့် အရင်းအနှီးလေးကို ပေါင်းစပ်၍ Customer များကို ပေးစွမ်းနိုင်မည့် ထုတ်ကုန်များဖြင့် ထုတ်လုပ်မှုကို စတင်နိုင်ရန်နှင့် စွန့်ဦးတီထွင်လုပ်ကိုင်မှုများကို မည်သို့မည်ပုံ စိတ်ထားမျိုးထားကာ လုပ်ဆောင်ရမည်ဆိုသည့်အချက်များ၊ တည်ဆောက်ပါ၊ တိုင်းတာကြည့်ပါ၊ သင်ခန်းစာရအောင်သင်ယူပါဆိုသည့် ပုံစံဖြင့် Customer များနှင့်ဆက်ဆံ၍ထုတ်ကုန်တစ်ခုထုတ်လုပ်နိုင်စေရန် လမ်းညွှန်ထားသည်။

**စာအုပ်ကို - မဇ္ဈိမစာပေ၊ အမှတ်- ၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁ ၈၃၉၂၈၃၅ နှင့် ၀၉ ၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။**

## တန်ဖိုးရှိတဲ့လူနှင့် ရင်တွင်းစကား




စာရေးသူ ဘထွန်းအောင် စီစဉ်ရေးသားသည့် တန်ဖိုးရှိတဲ့လူနှင့် ရင်တွင်းစကားစာအုပ် ထွက်ရှိလာသည်။

ပညာတတ်ဖို့၊ စာတတ်ဖို့၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို၊ လောကအကျိုးဆောင်ရွက်တတ်ဖို့ လူငယ်များကို လမ်းညွှန်ထားပြီး ကျင့်ဝတ်ပြည့်စုံ၊ ပညာဂုဏ်ရှိ၊ တာဝန်သိမှု၊ လူ၏နီတိ ကျင့်ဝတ်ဟူ၍ဖြစ်သည်။ ကျင့်ဝတ်ဆိုသည်မှာ လူ့အဖွဲ့အစည်းက သတ်မှတ်ပြဋ္ဌာန်းထားသော အပြုအမူဆိုင်ရာ စည်းကမ်း၊ ဥပဒေများဖြစ်ပြီး ပြဋ္ဌာန်းမထားသော်လည်း လိုက်နာကျင့်သုံးရသည့် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကိုလည်း လူ့ကျင့်ဝတ်ဟုခေါ်သည်။ တန်ဖိုးရှိသောလူ့ဘဝကို ပိုမိုတန်ဖိုးတက်စေရန် ကျင့်ဝတ်၊ စည်းကမ်း၊ တာဝန်များဖြင့် စောင့်ထိန်းတည်ဆောက်ရမည်ဖြစ်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို - အမှတ် ၂၉၆၊ ၁/အနော်မာ-၇လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၇၉၈၁၈၉၁၄၈ နှင့် ၀၉ ၇၇၇၁၃၉၄၇၇ မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၅၀၀ သတ်မှတ်ထားသည်။**

## နိုင်ငံ့ဘဏ္ဍာကို ခြိမ်းခြောက်နေသည့် အခွန်နှင့်အခြားဆောင်းပါးများ





ပြည်သာယာစီစဉ်ရေးသားသည့် နိုင်ငံ့ဘဏ္ဍာကို ခြိမ်းခြောက်နေသည့် အခွန်နှင့်အခြားဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

နိုင်ငံအတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ ပြည့်ပြည့်ဝဝရရှိစေရန်၊ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊ အခွန်ရှောင်မှု လိမ်လည်မှု မသမာမှု မဖြစ်ပေါ်ရန်နှင့် သက်ဆိုင်သူများ သတိပြုမိစေရန် ရည်ရွယ်၍ ရေးသားထားခြင်းဖြစ်သည်။ ဤစာအုပ်ကို ဖတ်ရှုသူများအနေဖြင့်လည်း ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန် စသည်တို့နှင့်စပ်လျဉ်း၍ ဗဟုသုတတိုးပွားစေမည်ဖြစ်သည်။

**စာအုပ်ကို လှိုင်ဝင်းမောင်စာပေ၊ ဖုန်း - ၀၉ - ၄၄၈၅၃၃၄၄၇၊ ၀၉ - ၂၆၅၇၃၇၂၁၆ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

## Adobe Photoshop CS 2,3,4,5 အသုံးပြုနည်း လမ်းညွှန် (လက်တွေ့စုစည်းမှုများ)




ကွန်ပျူတာပညာလေ့လာနေသူများအတွက် Nay Lin Htet (အိုင်တီလမ်းညွှန်) စီစဉ်ရေးသားသည့် Adobe Photoshop CS 2,3,4,5 အသုံးပြုနည်းလမ်းညွှန် (လက်တွေ့စုစည်းမှုများ) စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အွန်လိုင်းပေါ်တွင် Adobe Photoshop များကို သင်ကြားပြသပေးခဲ့ကြသော English&Myanmar ဆရာပေါင်းများစွာ၏နည်းလမ်းများကိုအခြေခံ၍ စာရေးသူလေ့လာခဲ့ဖူးသမျှ Adobe Photoshop ကို လက်တွေ့စမ်းသပ်၍ စုစည်းဖော်ပြထားခြင်းဖြစ်ပြီး Adobe Photoshop ပညာကို အခြေခံလေ့လာနေသူများအတွက် အဓိကထားပြီး တစ်ခုချင်းစီ၏အသုံးပြုပုံကို လက်တွေ့ပြုလုပ်မည့် လေ့ကျင့်ခန်းများစွာဖြင့် အသေးစိတ်ဖော်ပြထားသဖြင့် Adobe Photoshop လေ့လာသူများ ဆောင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို - ရန်အောင်စာပေ၊ အထက(၁) ရန်ကင်းကျောင်းရှေ့ ဆိုင်အမှတ် H၊ ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၁၇၉၃၉၈ နှင့် ၀၉ ၇၃၂၄၃၈၅၁ တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။**

# ချယ်လ်ဆီးတောင်ပံကစားသမား အိုဒိုအီ တစ်ပတ်ပေါင်တစ်သိန်းဖြင့် စာချုပ်သစ်ချုပ်ဆို

ချယ်လ်ဆီးအသင်းရဲ့တောင်ပံကစားသမားတစ်ဦးဖြစ်တဲ့ အိုဒိုအီဟာ စတမ်းဖို့ဒ်ဘရစ်ချ်တွင် ဆက်ရှိနေရေးအတွက် တစ်ပတ်လုပ်ခလစာပေါင် တစ်သိန်းနဲ့ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

အသက် ၁၈ နှစ်အရွယ်ရှိ တောင်ပံကစားသမား အိုဒိုအီဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ် အသင်းရဲ့ ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းခံခဲ့ရသူဖြစ်ပြီး ချယ်လ်ဆီးအသင်းကလည်း အိုဒိုအီကို ရောင်းချဖို့ ငြင်းဆိုခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ တောင်ပံကစားသမား အိုဒိုအီဟာ ချယ်လ်ဆီးအသင်းနဲ့ ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

တောင်ပံကစားသမား အိုဒိုအီဟာ ဘန်လေအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရတာကြောင့် ဧပြီလအတွင်းကတည်းက အနားယူခဲ့ရတာဖြစ်ပါတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့ဘောလုံးရာသီက နည်းပြဆာရီရဲ့ လက်ထက်မှာ ချယ်လ်ဆီးအသင်းနဲ့အတူ ၂၄ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးငါးဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

နည်းပြသစ် ဖရန့်လမ်းပတ်လက်ထက်မှာ ချယ်လ်ဆီးအသင်းက တောင်ပံကစားသမား အိုဒိုအီအပြင် ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ မာဆင်မောင့်၊ လိုတက်ချိန် တို့ကိုလည်း စာချုပ်သစ်ချုပ်ဆိုခဲ့တယ်လို့ သိရပါတယ်။







# ဘရူနိုဖာနန်ဒက်ဖ်ကို ခေါ်ယူရေးမှာ အဓိကပစ်မှတ်ဟု ဆိုးရှားပြောကြား

မန်ယူအသင်းနည်းပြ ဆိုးရှားဟာ အသင်းရဲ့ ကစားသမားအင်အားကို ဖြည့်တင်းဖို့အတွက် အခုအပြောင်းအရွှေ့ကာလအတွင်းမှာ ကစားသမားနှစ်ဦးကို ခေါ်ယူထားပြီဖြစ်ပေမယ့် စပို့တင်းလစ္စဘွန်းကစားသမား ဘရူနိုဖာနန်ဒက်ဖ်ကို ထပ်မံခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

မန်ယူအသင်းဟာ လက်ရှိမှာ အာရွန်ဝန်ဘစ်ဆာကာနဲ့ ဒန်နီယယ်ဂျိမ်းစ်တို့ကို ခေါ်ယူထားပြီးဖြစ်ပါတယ်။ အခုခေါ်ယူထားတဲ့ ကစားသမားနှစ်ဦးစလုံးဟာ အသင်းနဲ့ အံဝင်ခွင်ကျဖြစ်နေပြီလို့ မျှော်လင့်ထားပေမယ့် အသင်းရဲ့အင်အားတောင့်တင်းဖို့အတွက် ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဖ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ဖာနန်ဒက်ဖ်ဟာ စပို့တင်းလစ္စဘွန်းအသင်းနဲ့အတူ ပွဲစဉ်ပေါင်း ၁၀၀ ကျော် ပါဝင်ကစားပေးထားပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

ပေါ်တူဂီကြယ်ပွင့် ဖာနန်ဒက်ဖ်ဟာ ဆမ်ဒိုးရီးယားအသင်း၊ အူဒီးနီးစ်အသင်းတို့နဲ့အတူ အီတလီစီးရီးအေမှာ ဘောလုံးရာသီ လေးရာသီအထိ ကစားခဲ့သူလည်းဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ ကွင်းလယ်ကစားသမား ဖာနန်ဒက်ဖ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပေမယ့် စပို့တင်းလစ္စဘွန်းအသင်းကတော့ ပြောင်းရွှေ့ကြေးပေါင် အနည်းဆုံး ၆၂ သန်းအထိရရှိဖို့ တောင်းဆိုထားတယ်လို့ ဆိုပါတယ်။ မန်ယူအသင်းကတော့ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဖ်ကို ပြောင်းရွှေ့ကြေးပေါင် ၅၅ သန်းပေးပြီးခေါ်ယူမယ်လို့ဆိုပါတယ်။

မန်ယူအသင်းဟာ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဖ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့အပြင် နောက်တန်းကစားသမားတစ်ဦး ထပ်မံခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး လက်စတာစီးတီးနောက်ခံလူ မာကွိုယာဟာ မန်ယူအသင်းရဲ့ အဓိကပစ်မှတ်ဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိမှာ လက်စတာစီးတီးနောက်ခံလူ မာကွိုယာကို ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းကလည်း ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

## အနုပညာ

### ကြက်ခြေနီအဖွဲ့ကို လှူဒါန်းခဲ့တဲ့ တေးယွန်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation" ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်ဟာ လတ်တလောမှာ တောင်ကိုရီးယားကြက်ခြေနီအဖွဲ့ကို လှူဒါန်းမှုတွေပြုခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့လှူဒါန်းမှုဟာ အကူအညီလိုအပ်နေတဲ့ အမျိုးသမီးတွေနဲ့ ကလေးငယ်တွေအတွက် ရည်ရွယ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂၄ ရက်မှာ တောင်ကိုရီးယား ကြက်ခြေနီအဖွဲ့က တေးယွန်အနေနဲ့ အဖွဲ့ကို အလှူငွေ ဝမ်သန်း ၁၀၀ လှူဒါန်းခဲ့ကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ တေးယွန်က သူ့ရဲ့အလှူငွေတွေကို ကူညီထောက်ပံ့ပေးဖို့ရာ လိုအပ်နေတဲ့ အမျိုးသမီးတွေနဲ့ ကလေးငယ်တွေအတွက် ရည်ရွယ်ကြောင်းနဲ့ ဝင်ငွေနည်းပါးတဲ့ မိသားစုတွေအတွက် ကျန်းမာရေးသုံးပစ္စည်းတွေ ထောက်ပံ့ပေးစေလိုကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။ အဆိုပါအဖွဲ့ဟာ ကျောင်းသုံးကျောင်းမှာ ကျန်းမာရေးသုံးပစ္စည်းတွေ ထောက်ပံ့ပေးသွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

ဒီလို လှူဒါန်းဖြစ်ခဲ့တာနဲ့ပတ်သက်ပြီး တေးယွန်က သူဟာ မိခင်ဖြစ်သူရဲ့ ထောက်ပံ့လှူဒါန်းမှုတွေကို အတုယူကာ ယခုလို လှူဒါန်းခြင်းဖြစ်ကြောင်းနဲ့ ထောက်ပံ့မှုတွေဟာ ခက်ခဲတဲ့အချိန်တွေကိုဖြတ်သန်းရင်း လျစ်လျူရှုခံနေရတဲ့ ကျောင်းသူတွေအတွက် နွေးထွေးမှု တစ်စုံတစ်ရာ ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်မိကြောင်းလည်း ဆိုပါတယ်။

### MAMAMOO ရဲ့တေးဗီဒီယိုသစ် ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "MAMAMOO" ဟာ လတ်တလောမှာ တေးဗီဒီယိုသစ်ကို စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ ဒီတေးဗီဒီယိုမှာလည်း အဖွဲ့ဝင်တွေရဲ့လှပပြီး ဆွဲဆောင်မှုရှိလှတဲ့ ကဟန်တွေကို တွေ့မြင်ရမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂၄ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့တဲ့ " MAMAMOO " ရဲ့တေးဗီဒီယိုကတော့ "Gleam" လို့အမည်ရပါတယ်။ ဒီတေးသီချင်းဟာ အဖွဲ့ရဲ့နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။



အေးပြည့် -စုစည်းသည်


### တေလာဆွစ်ရဲ့တေးသီချင်းသစ် ထုတ်လွှင့်



ကျော်ကြားတဲ့ အမေရိကန် ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာ တေးသီချင်းသစ်တစ်ပုဒ်ကို ထုတ်လွှင့်ပေးခဲ့ပါတယ်။ လတ်တလော ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းဟာ " Archer" လို့ အမည်ရပြီး ဒီတေးသီချင်းဟာ တေလာဆွစ်ရဲ့ချစ်သူဂျိုးအော်ဝင်အကြောင်း ရေးသားထားတဲ့ တေးသီချင်းလည်းဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

" Archer" ဟာ တေလာဆွစ်ရဲ့တေးအယ်လ်ဘမ်သစ် " Lover" မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ဇူလိုင် ၂၃ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ တေးသီချင်းသစ် ထုတ်လွှင့်ကြောင်းကို တေလာဆွစ်က ပရိသတ်တွေကို သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်ပေါ်ကနေ တိုက်ရိုက်ထုတ်လွှင့်မှုအတွင်း ပြောကြားခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

တေးအယ်လ်ဘမ်သစ် " Lover" မှာ တေးသီချင်းပေါင်း ၁၈ ပုဒ် ပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ကို ဩဂုတ် ၂၃ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး တေးအယ်လ်ဘမ်တစ်ခုလုံးကို မထုတ်လွှင့်မီ တေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းငါးပုဒ်ကို ဦးစွာ ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း တေလာဆွစ်က တိုက်ရိုက်ထုတ်လွှင့်မှုအတွင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။


THE CENTRAL
Invest
in the Future of
Yangon
The New Paradigm
for Modern Luxury Residences
The Central Show Gallery
No.7-8, Kabar Aye Pagoda Road,
Yankin Township, Yangon, Myanmar
Hotline
+95 9 777 773 770
www.thecentral.com.mm
/thecentralyangon
Lakeside
Landmark
Yangon's
Best Address
Flawless Designs
Best-in-class
Investment
From 763 - 3031 sq/ft
One - Four Bedrooms
Unique Sky Clubhouse
270° Breathtaking
Inya Lake Views
Award-Winning Developer
World-Class Management
DEVELOPED BY
MARGA
LANDMARK

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသိန်းဖေ
**အထွေထွေမန်နေဂျာ (ငြိမ်း)၊ မြန်မာ့အာမခံလုပ်ငန်း**
### အသက် (၈၅) နှစ်

ဦးသိန်းဖေ(အထွေထွေမန်နေဂျာ - ငြိမ်း၊ မြန်မာ့အာမခံလုပ်ငန်း) သည် ၂၀-၇-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**မြန်မာ့အာမခံလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်နန်းထွေး
### အသက် (၈၅) နှစ်

သူငယ်ချင်း ဦးစိုင်းစံမြတ်(Civil)၏ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့ (၈)ရပ်ကွက်၊ နယ်မြေ(၁)နေ [ဦးစိုင်းအောင်ဖေ(မြို့နယ်အင်ဂျင်နီယာ)]၏ဇနီး ဒေါ်နန်းထွေး အသက် (၈၅)နှစ်သည် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**86/95 RIT သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ်-၁၄၄၊ ဧရိယာ(၀.၀၅၅)ဧက အကျယ်အဝန်းပေ(၄၀×၆၀)အနက်မှ မခွဲမစိတ်ရသေးသည့် ပေ(၂၀×၆၀) နှစ်(၆၀)ဂရန်မြေအမျိုးအစားအပေါ် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၁၄၄/ခ)ဟုခေါ်ဆိုသော မြေနှင့်အိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိတွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းကိုယ်တိုင် ဝယ်ယူပိုင်ဆိုင်ပါသည်ဟု ဆက်စပ်စာချုပ်များနှင့် အဆိုပြုရောင်းချသူဦးထိန်လင်း[၁၄/မပန(နိုင်)၁၈၉၈၅၀]မှ မိမိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း မြွက်ဆို၍ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီလျက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍(၁၄)ရက် (၂)ပတ်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းသက်သေအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စုစု** | **ဒေါ်အေးဝင်းသန်း(ခ)ချစ်စု** |
| **(LL.B,LL.M,DBL,DML,DIL)** | **(LL.B,DBL,DIL)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၁၈၆)** | **အထက်တန်းရှေ့နေ(စဉ်-၄၄၀၃၄)** |

**အမှတ်(၂၇၆)၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၁၄၃၆၈၁၊ ၀၉-၄၂၀၀၅၁၆၁၀၊ ၀၉-၄၅၄၃၉၉၉၃၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ လူနေရပ်ကွက်အမှတ်-ကမာရွတ်၊ မြေကွက်အမှတ်-၆/၉၊ ဧရိယာ(၀.၂၄၉)ဧကရှိ မြေပိုင်မြေကွက်နှင့် မြေကွက်တည်ရှိရာ လှိုင်မြို့နယ်၊ အမှတ်-၁၀ရပ်ကွက်၊ ခပေါင်းလမ်း၊ အမှတ်-၈/အေဟု ခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံ၍ ပိုင်ဆိုင်သူများဖြစ်သော ဦးကျော်ညွန့်ဦး၊ ဦးကျော်ဖေဝင်းနှင့် ဦးကျော်မြတ်သူတို့ (၃)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်ဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပါမြေကွက်၊ အဆောက်အဦးနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်အတွက် ကန့်ကွက်လိုသူများရှိခဲ့ပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဝယ်ယူသူအမည်ပေါက် ဆောင်ရွက်ရန် အရောင်းအဝယ် စာချုပ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်လှတင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၄၅)**
**အမှတ်-၈၅(မြေညီထပ်)၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၇၂၆၈၁၊ ၀၁-၈၅၅၀၇၇၆**
**H.P-၀၉-၅၀၂၁၂၄၄၊ ၀၉-၄၅၅၀၂၁၂၄၄**

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
### ၂၀၁၉ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈၁

ကွယ်လွန်သူ ဒေါ်စိန်စိန်(ခ)ဒေါ်သစ်သစ်တင့်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

အမှတ်(၂၇)၊ မြေညီထပ်(၈၇)လမ်း၊ ကန်/အနောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်စိန်စိန်(ခ) ဒေါ်သစ်သစ်တင့်၏ ကျန်ရစ်သောပစ္စည်းပေါ်၌ အမွေထိန်းလက်မှတ်ထုတ် ပေးပါမည့်အကြောင်းနှင့် ဦးသန်းထွန်း(ခ)ဦးမောင်မောင်နိုင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၆ ရက်၊ (၁၃၈၁ခုနှစ်၊ ဝါခေါင်လဆန်း ၆ရက်) နံနက် ၁၀ နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်စိန်စိန်(ခ)ဒေါ်သစ်သစ်တင့်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၆ ရက် (၁၃၈၁ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်)နေ့၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုနိုင်ရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးသန်းထွန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နနခင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
### ဦးထွန်းအေး(ပုဇွန်တောင်)
### အသက် (၈၆) နှစ်

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ အမှတ်(၂၈)၊ မြို့ပတ်လမ်းနေ (ဦးအောင်ဖြိုး-ဒေါ်အေးသန်း) တို့၏သား၊ (ဦးကျော်ငြိမ်း-ဒေါ်ကြင်ဥ) တို့၏ သားသမက်၊ ဒေါ်နှင်းဆီ၏ ခင်ပွန်း၊ [ဦးစန်းလွင် (တိုင်းဆောက်-၁၁)]၊ (ဦးသန်းလွင်)-ဒေါ်မြင့်မြင့်စိန်၊ ဦးဌေးလွင်၊ ဦးနှင်းလွင်(အငယ်တန်းအင်/ယာ-၂၊ YCDC)-ဒေါ်မိုးမိုးသန်း (ကထိက၊ ပထဝီဝင်ဌာန၊ ဗန်းမော်တက္ကသိုလ်)၊ ဦးမိုးဇော်လွင် (တပ်မတော်-ရေ)-(ဒေါ်ခင်သီတာ)၊ ဦးမိုးဝင်းအောင်၊ မဇင်မော်သင်းတို့၏ မွေးသ ဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘိုး ဦးထွန်းအေးသည် ၂၄-၇-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၉ (သောကြာနေ့) ညနေ ၅ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ် မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်အုံးရီ
### အသက် (၈၀)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ အမှတ်(၂၀/က)နေ ဦးတင်ညွန့်၏ဇနီး၊ ဦးဇော်ဝင်း-ဒေါ်တင်တင်အေး (ရွှေမိထမင်းချိုင့်လုပ်ငန်း)၊ ဒေါက်တာစန်းစန်းဌေး(တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ ဦးအောင်လွင်-ဒေါ်သက်သက်တင် (မြန်မာ့ဆက်သွယ်ရေး CCO)တို့၏မိခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးညွန့်တင်
**အထက(၅)၊ အလုံ**
**ကျောင်းသားဟောင်း**
### အသက် (၆၅) နှစ်

ရန်ကုန်မြို့ အလုံမြို့နယ်၊ အမှတ်(၆၄/F)၊ ကမ်းနားလမ်းနေ (ဦးဘသိန်း)-ဒေါ်သန်းတင်တို့၏သားထွေး၊ ဦးအောင်မြင့်(မစဘ-မိုင်းယောင်း/ငြိမ်း)၊ ဒေါ်လွင်လွင်မြ (သစ်တောဦးစီးဌာန-ငြိမ်း)တို့၏ ချစ်လှစွာသော ညီ/မောင်၊ ကိုဇော်မင်းထွန်း-မမြဌေးတင်(ခ)မကြာညိုသင်းသွယ်၊ ကိုမျိုးမြင့်ထွန်း-မဝင်းသူဇာအေး၊ ကိုသစ်လင်းစိုး-(မနုနုဝင်း)၊ မောင်ဇင်မျိုးအောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်ဌေးဌေးဝင်း (ခ)ဒေါ်ဝင်းဌေးဌေး၏ ချစ်လှစွာသော ခင်ပွန်း ဦးညွန့်တင်သည် ၂၃-၇-၂၀၁၉ ရက် ည ၆:၄၅ နာရီတွင် ဗဟိုရ်ရစည်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အလုံမြို့နယ်၊ စော/နောက်ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်-၈ နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**အမည်ပြောင်း**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ တိုက်(၇)၊ အခန်း(၂၀၂)၊ (အေ-စလမ်း)နေ အဖဦးမျိုးဦး[၁၂/သဃက(နိုင်)၀၁၆၁၅၁]၏သား မောင်ဘုန်းသစ်ကိုကို အား မောင်ဘုန်းမြတ်ကိုကို ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်ဘုန်းမြတ်ကိုကို**

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့ အခြေခံပညာအထက်တန်းကျောင်း ဒသမတန်း(D) မှ မခိုင်နီနီထွန်း၏ ဖခင်အမည်မှန်မှာ ဦးထင်လင်း[၁၄/ဝခမ(နိုင်)၁၈၃၃၀၃]ဖြစ်ပါသည်။

## ဝမ်းနည်းကြေကွဲခြင်း
### နန့်ခင်ဌေးရီခိုင်
### အသက် (၇၉) နှစ်

ဟသ်ာတမြို့နယ်၊ ယုန်သလင်းကျေးရွာနေ အာဇာနည်ခေါင်းဆောင် ကြီးဝန်ကြီး မန်းဘခိုင်-ဂါ့အေးလုံတို့၏သမီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း-နန့်ကြင်ကြည်တို့၏ချစ်လှစွာသော အဒေါ်သည် ၂၂-၇-၂၀၁၉ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ**
**ရန်ကုန်အရှေ့ပိုင်း ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးဦးစီးကော်မတီ**
**(ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ)**

## ဝမ်းနည်းကြေကွဲခြင်း
### နန့်ခင်ဌေးရီခိုင်
### အသက် (၇၉) နှစ်

ဟသ်ာတမြို့နယ်၊ ယုန်သလင်းကျေးရွာနေ အာဇာနည်ခေါင်းဆောင်ကြီး ဝန်ကြီး မန်းဘခိုင်-ဂါ့အေးလုံတို့၏သမီး အသင်းတော်၏ မိဘသဖွယ်ဖြစ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း-နန့်ကြင်ကြည်တို့၏ချစ်လှစွာသောအဒေါ်သည် ၂၂-၇-၂၀၁၉ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ကြောင်းသိရပါ၍ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သင်းအုပ်ဆရာတော်၊ ဓမ္မဝန်ဆောင်များနှင့်**
**အသင်းသား/အသင်းသူများ**
**နေပြည်တော်ပျဉ်းမနားမြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်**

## ဝမ်းနည်းကြေကွဲခြင်း
### နန့်ခင်ဌေးရီခိုင်
### အသက် (၇၉) နှစ်

ဟသ်ာတမြို့နယ်၊ ယုန်သလင်းကျေးရွာနေ အာဇာနည်ခေါင်းဆောင်ကြီးဝန်ကြီး မန်းဘခိုင်-ဂါ့အေးလုံတို့၏သမီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း-နန့်ကြင်ကြည်တို့၏ချစ်လှစွာသော အဒေါ်သည် ၂၂-၇-၂၀၁၉ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ကြောင်း သိရပါ၍ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။

**မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆/ဘီ)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အမှတ် (၅၉)ဟုခေါ်တွင်သော အလျား ပေ(၄၀)× အနံ ပေ(၆၀)အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုရောင်းချသူ ဒေါ်နီနီလွင် [၁၂/သဃက(နိုင်)၀၂၆၄၆၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးထက်[၁၀/ခဆန(နိုင်)၁၀၃၄၈၇]မှ ယင်းခြံ၏တန်ဖိုးငွေဖြစ်သော တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ယခုကြော်ငြာပါသည့်ရက်မှစ၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမျိုးထက်** | **ဦးသန်းနိုင် (LL.B)** |
| | **အထက်တန်းရှေ့နေ (စဉ်-၄၆၉၃၁)** |

**ရုံး-မြို့နယ်တရားရုံးရှေ့ မဝတ လမ်းဆုံအနီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၈၂၀၀၈၀၂**

## အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၊ ယာဉ်ပြင်အလုပ်ရုံအမှတ်(ယ-၃၉)အခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေသူဖြိုးပိုင် [၁၂/သကတ(နိုင်)၁၅၉၄၁၀](ဘ)ဦးစိုးပိုင်၏ အမည်ပေါက် ၁၆-၁၁-၂၀၀၉ရက်တွင် တရားဝင်ချထားပေးသော ဆိုင်ခန်းဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ယင်းဆိုင်ခန်းပေါ်တွင် ဆိုင်ခန်းရရှိပြီးသည့်နေ့မှစ၍ ယနေ့အချိန်အထိ စီးပွားရေးလုပ်ငန်းများအား စဉ်ဆက်မပြတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ အဆိုပါ ဆိုင်ခန်းနေရာချထားပေးစဉ်က ထုတ်ပေးခဲ့သော ယာဉ်ပြင်အလုပ်ရုံဖွင့်လှစ်ခွင့်စာရွက်မူရင်းနှင့် ငွေသွင်းချလန်အထောက်အထားများမှာ ခရီးသွားလာစဉ်အတွင်း ပျောက်ဆုံးသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ယင်းပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများအား တွေ့ရှိပါက ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း၊ ကျွန်ုပ်ထံသို့လည်းကောင်း၊ လာရောက်ဆက်သွယ်ပေးအပ်နိုင်ပါကြောင်းနှင့် အကယ်၍ ပေးအပ်မည့်သူပေါ်ပေါက်ခဲ့ခြင်းမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ နေပြည်တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနတွင် မိတ္တူမှန်ပြန်လည်လျှောက်ထားထုတ်ယူမည်ဖြစ်ပါကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါကလည်း သတင်းစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများ စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဝေသူဖြိုးပိုင်** | **ဦးဖေတင်(B.Sc,H.G.P,R.L)** |
| **[၁၂/သကတ(နိုင်)၁၅၉၄၁၀]** | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၁၀၃၃(၂၇-၂-၁၉၈၅)** |

**အမှတ်(၄၂)၊ ၂၈-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၁၅၀၈၉၆**

## ဒေါ်ယုယုနိုင်
**ဌာနခွဲစာရေး(ငြိမ်း)၊ စ.စ.စ**
### အသက် (၅၈) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ တိုက်(၁၂-A)နေ [ဦးကျော်မြ(တရားသူကြီး-ငြိမ်း)]-ဒေါ်ယဉ်မေတို့၏ဒုတိယသမီး၊ ဒေါ်သန်းသန်းအေး(အလပြ-ငြိမ်း၊ စမ်းချောင်း)၏ညီမ၊ ဦးနိုင်ထွန်း(လ/ထ ညွှန်မှူး၊ စ.စ.စ)-ဒေါ်တင်မငယ် (ဦးစီးအရာရှိ၊ စ.စ.စ)၊ ဦးသန့်ဇင်(လမင်းဆေးခန်း)-ဒေါ်ဥမ္မာအောင် (ဒါရိုက်တာ၊ ရွှေဝင်းကုမ္ပဏီ)၊ ဒေါ်မြတ်မြတ်ကျော်(ကထိက၊ သမိုင်းဌာန၊ ပညာရေးတက္ကသိုလ်)၊ ဦးလင်းဇော်လတ်(အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာအမျိုးသားရတနာကုမ္ပဏီလီမိတက်)- ဒေါ်ဝါဝါကျော်တို့၏ အစ်မ၊ မောင်ဥက္ကါပိုင်(VUC)၊ မနှင်းအိန္ဒြာလွင်(သန်လျင်နည်းပညာတက္ကသိုလ်)၊မဖြိုးကေဇင်သော်(ကောင်းထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ကြီးကြီးမေမေ၊ (ဦးဝင်းနိုင်)၏ဇနီး၊ မအင်ကြင်းဖြူ (ပထမနှစ်၊ ဥပဒေအရှေ့ပိုင်းတက္ကသိုလ်)၏ မိခင်သည် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရန်ကုန်မြို့ ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၇-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကိုအောင်ဇေယျဦး (ခ) ကိုအောင်ကြီး
**B.Sc (Geology), 1995-2000, YU-DU**
### အသက် (၄၃) နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ချယ်ရီကွန်ဒို၊ တိုက်(1/5D)နေ (ဦးသန်းလှ)-ဒေါ်စန်းမြင့်တို့၏ ချစ်လှစွာသောသား၊ ဒေါက်တာဒေါ်ညိုညိုသင်း၊ ဦးကျော်ဇေယျ (ခေတ္တ-စင်ကာပူ)၊ ဒေါက်တာခိုင်ခိုင်လင်း(ဓာတုဗေဒဌာန၊ အနောက်ပိုင်းတက္ကသိုလ်)တို့၏ ချစ်လှစွာသော ညီ/မောင်၊ ဒေါက်တာခင်ငြိမ်းချမ်း(ခေတ္တ-ဩစတြေးလျ)၏ချစ်လှစွာသော အစ်ကို ကိုအောင်ဇေယျဦးသည် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၁၆/၉၊ သူရလမ်း၊ ကမ္ဘာအေးနေအိမ်နှင့် တောင်ဥက္ကလာပမြို့နယ် ချယ်ရီကွန်ဒိုနေအိမ်တို့မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၉ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### အောင်ဇေယျဦး (ခ) အောင်ကြီး
### အသက် (၄၃) နှစ်

သူငယ်ချင်း အောင်ဇေယျဦး(ခ)အောင်ကြီးသည် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**1995-2000, YU-DU Geology**
**သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ၁၂-လမ်း၊ တိုက်အမှတ်-၄၃၊ ၇-လွှာ၊ ခေါင်းရင်းခန်းဖြစ်သော နေအိမ်တိုက်ခန်းကို ပိုင်ရှင် ဒေါ်နန္ဒလင်းထက်သူ [၁၄/ရကန(နိုင်)၁၁၂၁၃၆]ထံမှ ကျွန်တော်က ဝယ်ယူရန် စရန်ပေးပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းအား ဥပဒေနှင့်အညီ အကျိုးသက်ဆိုင်၍ ခံစားခွင့်ရှိသူသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်တော့်ထံ အထောက်အထားခိုင်လုံစွာဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ**
**ဦးခင်မောင်ကြီး**
**အမှတ်-၁၁၃၊ ၆-လွှာ/အေ၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၆)ရပ်ကွက်၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၉၅၃၉၄၃၅၁**

**ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ ၁၀-ရပ်ကွက်၊ ဒက္ခိဏ(၂)လမ်း၊ အမှတ်(၉၆၆/က)၊**
**ဧရိယာ(၀.၀၂၇)ဧက ပေ(၂၀×၄၀)ရှိ မြေတိုင်းရပ်ကွက်အမှတ်-ဈ/၃၄၊**
**မြေကွက်အမှတ်-၉၆၆/က ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေအမည်ပေါက်**
**ဒေါ်မိုးမိုး၏ အိမ်နှင့်မြေ အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ အိမ်နှင့်မြေအား မြေအမည်ပေါက် ဒေါ်မိုးမိုး[၁၂/မရက(နိုင်)၀၅၀၅၅၃]က ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်နှင့်မြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါအိမ်နှင့်မြေအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနိုင်ဌေး(LL.B, DBL, DIL)** | **ဒေါ်နိုင်ဦးသူ(LL.B, DBL, DIL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၄)** |

**အမှတ်-၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၂၅၈၈၁**

## ဥတုရာသီ တောကိုမှီ၏

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်၊ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်း

## ဦးသန်းအောင် (ခ) ဦးသန်းထွဋ် (MA)

(ဝါဝါဝင်းရွှေ ရုပ်ရှင်ထုတ်လုပ်ရေး)

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့နေ (ဦးဟန်ကြည်-ဒေါ်တင်မြင့်)တို့၏သား၊ (ဦးထွန်းရွှေ-ဒေါ်သန်းတင်)တို့၏သားသမက်၊ ဦးဝင်းမြင့်အောင်၏ညီ၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၈၈)နေ ဦးဝင်းထွဋ်ဝင်း-ဒေါ်ဟေနွယ်ဦး (Celebrity ရုပ်ရှင်ထုတ်လုပ်ရေး)၊ သရုပ်ဆောင် ဝါဇင်(ခ)သားထူး-ဒေါ်စောစန္ဒီဇော် (သံမှူး၊ မြန်မာသံရုံး၊ စင်ကာပူနိုင်ငံ)တို့၏ချစ်လှစွာသောဖခင်၊ မဝါရွှေနွယ်သွေးဝင်း (ခ) Alice Win၊ မဝင်းဝါပန်းမြတ်သူ (ခ) Pinky Win (Yangon Academy)၊ မဝင်းပဝတီထွဋ် (ခ) Victoria Htut၊ မရွှေဧကရီထွဋ် (ခ) Isabella Htut တို့၏ချစ်လှစွာသောအဘိုး၊ သရုပ်ဆောင် ဒါရိုက်တာ ဒေါ်ဝါဝါဝင်းရွှေ၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းအောင်(ခ) ဦးသန်းထွဋ်သည် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) ည ၇း၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်၊ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်း

## ဦးသန်းအောင် (ခ) ဦးသန်းထွဋ် (MA)

(ဝါဝါဝင်းရွှေ ရုပ်ရှင်ထုတ်လုပ်ရေး)

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၈၈)နေ သရုပ်ဆောင် ဒါရိုက်တာ ဒေါ်ဝါဝါဝင်းရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်မြင့်ခိုင်၏မောင်၊ ဒေါ်ခင်မြစန္ဒာဝင်း၊ ဒေါက်တာခင်မြသန္တာအေး၊ ဦးကျော်ထက်ထွန်း (SCHLUMBERGER)-ဒေါ်ခင်မြနန္ဒာဝင်း၊ ဒေါက်တာသိန်းဝင်း၊ ဦးသက်လွင်(ခ) ကိုသက်-ဒေါ်ခင်မြစန္ဒီဝင်း(ရွှေမင်းသမီးရုပ်ရှင်ထုတ်လုပ်ရေး)၊ ဦးမြတ်မျိုးဝင်း-ဒေါ်ခိုင်မာလာရွှေ (ခေတ္တ-USA)၊ ဦးဇေပြည့်ဖြိုးဝင်း-ALICIA ZHU YUN (ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောဦးလေး၊ မမေသဲအေး၊ မခင်နှင်းသက်လွင် (ခ) YUKI၊ မောင်ထက်ငြိမ်းချမ်း (ခ) RICHIE၊ မောင်ဘုန်းထက်လွင် (ခ) UNO၊ မဝင့်မြတ်ထက် (ခ)WENDY SHARON၊ မထက်ယမင်းထွန်း(ခ) SHARON တို့၏ ချစ်လှစွာသောအဘိုး ဦးသန်းအောင်(ခ) ဦးသန်းထွဋ်သည် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) ည ၇း၁၂ နာရီတွင် ပန်းလှိုင်စီလုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးလှအောင်

**ဥက္ကဋ္ဌ၊ လျှပ်စစ်အလင်းရောင်ကုမ္ပဏီ၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ EPC/TSC**

**အသက် (၉၀)**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း၊ အသင်းဝင်အမှတ်(၂၂၂)၊ သက်ကြီးကန်တော့ခံ ပုဂ္ဂိုလ်ဖြစ်သူ ဦးလှအောင်သည် ၂၃-၇-၂၀၁၉ ရက် နံနက် ၀၀း၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီး ငွေစိုး (ငြိမ်း)

**ကြည်း-၉၇၆၇၊ OTS-29 စည်သူတပ်ခွဲ**

**အသက် (၇၈) နှစ်**

(ဒေါ်လွင်မာတင်)၊ ဒေါ်သင်းသင်းရွှေတို့၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး ငွေစိုး(ငြိမ်း)သည် ၁၈-၇-၂၀၁၉ (ကြာသပတေးနေ့)တွင် ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**OTS-29 မှ သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ ဝါဝါဟန်

**အသက် (၆၉) နှစ်**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**ကောင်စီဝင်(၂၀၁၁-၂၀၁၈ ခုနှစ်)၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာရိပ်သာလမ်း၊ အမှတ်(၁)နေ ဒေါက်တာဝါဝါဟန်သည် ၂၂-၇-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ နှင့် ကောင်စီဝင်များ**
**မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ(၂၀၁၉-၂၀၂၂ ခုနှစ်)**

---

## အာနိစ္စ

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## Saya Clarey Wallace @ ဦးအောင်သင်း

**အသက် (၇၅) နှစ်**

ရန်ကင်းမြို့နယ်နေ [ဦးအောင်ခင် @ Mr.Wallace-ဒေါ်တင်အေး]တို့၏သား၊ အနောက်ရန်ကင်း၊ (၅)ရပ်ကွက်၊ တိုက်(၃၆၃/၁၇)နေ (ဒေါ်ခင်သန်းအေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အေးအေးသွယ်-ဦးကိုကိုလွင်၊ (Charlie Wallace)၊ ဦးသန့်စင်ထွန်း @ Winston Wallace (London)၊ မသင်းလဲ့အေး @ Shebah Wallace (Business Development Manager, Beauty Treasures Co., Ltd)တို့၏ချစ်လှစွာသောဖခင်၊ (ဒေါ်တီတီအောင်-ဦးဝေဇင်)၊ ဒေါ်ကေတီ-ဦးမြလေးမောင်၊ (ဦးကယ်နီ-ဒေါ်စိန်ထွေး)တို့၏ မောင်/ညီ၊ ဒေါ်တင်တင်ညို-(ဦးအေးကြီးကို)၊ ဒေါ်သူဇာအောင်-(ဦးဖေချစ်)၊ ဒေါ်မြတ်စန္ဒာ-ဦးဒေးဗစ်တို့၏ အစ်ကို၊ မစင်ဒီလွင်၊ မဒယ်ဘီလွင်၊ မကေသီလွင်တို့၏ချစ်လှစွာသောဘိုးဘိုးသည် ၂၄-၇-၂၀၁၉ ရက် နံနက် ၈း၀၅ နာရီတွင် အောင်ရတနာအထူးကုဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၇-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ရေဝေးဥယျာဉ်တော်ခန်းမ၌ အောက်မေ့ဖွယ်ဝတ်ပြုကိုးကွယ်ခြင်း ပြုလုပ်၍ မြေသို့အပ်နှံခြင်း ပြုလုပ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းဖေ (မာန်အောင်)

**အသက် (၈၅) နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့ ဈေးတန်းရပ်နေ (ဦးဘိုးကျန်-ဒေါ်အေးချမ်း)တို့၏သား၊ (ဦးဘကျော်-ဒေါ်သိန်းကြွယ်)၊ (ဦးထွန်းတင်)-ဒေါ်သန်းကြွယ်တို့၏မောင်၊ ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်း၊ စုပေါင်းအိမ်ရာ၊ တိုက်(၁၂၂/၂)နေ ဒေါ်သန်းစိန်(ငွေစာရင်းမင်းကြီးရုံး-ငြိမ်း)၏ခင်ပွန်း၊ ဒေါ်ဝင်းမြင့်(မကျော့)၊ ဒေါ်ဝင်းဝင်းမော်(အထွေထွေမန်နေဂျာ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်)၊ (ဦးအောင်မိုးမိုး)-ဒေါ်ခင်မာလာတို့၏ ဖခင်၊ မငြိမ်းဆုဟန်(ပထမနှစ်၊ ဓာတုဗေဒ၊ ဒဂုံတက္ကသိုလ်)၏အဘိုး ဦးသိန်းဖေသည် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၅ နာရီတွင် အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သုဝဏ္ဏနေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ထွေး (ဖျာပုံ)

**ပုလဲနှင့် ငါးလုပ်ငန်း (ငြိမ်း)**

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁)ရပ်ကွက်၊ ရွှေထီးအိမ်ရာ၊ တိုက်(၂)၊ အခန်း(၁၀၂)နေ (ဦးလှညွှန့်-ဒေါ်ညွှန့်ညွှန့်)၊ ဒေါ်ခင်စန်းတို့၏ညီမ၊ ဦးသက်ကြည်-ဒေါ်ငယ်ငယ်တင်တို့၏အစ်မ၊ ဒေါ်အေးအေးအောင်၊ ဦးကျော်ဇော-ဒေါ်နီနီအောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးသန်းထွန်း၏ ချစ်လှစွာသောဇနီး ဒေါ်တင်ထွေး(ဖျာပုံ) သည် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြင်မြင့်

**ဒုလက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှုဆေးဝါး**

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၇)လမ်း၊ အမှတ်(၃၃၄)နေ (ဦးဖောငါး-ဒေါ်ခင်)တို့၏ သမီး၊ (ဒေါ်ကြင်တီ)၏ညီမ၊ ဦးနေဝင်း-ဒေါ်ကျင်အေး၊ (ဒေါ်ကြင်ဝေ)၊ (ဦးစိုးနိုင်)တို့၏ အစ်မကြီး၊ ဦးသီဟဇော်(DISI)-ဒေါ်ဆုမွန်(DPTSC)တို့၏ ချစ်လှစွာသောမိခင်၊ မမွန်မြတ်ဇော်၏အဘွား၊ ဦးဖေကြည် (စက်မှုစက္ကူဓာတု)၏ချစ်လှစွာသောဇနီးသည် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်း ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်စောမြ

**အလပြ-ငြိမ်း၊ အထက(၂)စမ်းချောင်း**

**အသက်(၆၂)နှစ်**

(ဦးစောဖြူ-ဒေါ်တိုက်စိုး)တို့၏ သမီးငယ်၊ အမှတ်(၇၆)၊ မင်းလမ်း(သုံး)လွှာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးကျော်မင်းဦး (သစ်တောဦးစီးအရာရှိ-ငြိမ်း)၏ ဇနီး၊ ကိုအောင်ကျော်ဇံ၊ ကိုမြတ်ဖြိုးအောင်၊ ကိုကောင်းမြတ်သူတို့၏ ချစ်လှစွာသောမိခင်၊ ဗိုလ်မှူးစောသိန်း(ငြိမ်း)-ဒေါ်နှင်းဆီ၊ ဒေါ်ခင်စောသာ (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)၊ (ဦးမင်းလွင်)-ဒေါ်ခင်စောမူတို့၏ ညီမငယ်၊ တူ/တူမ ငါးယောက်တို့၏အဒေါ် ဒေါ်ခင်စောမြသည် ၂၃-၇-၂၀၁၉ ရက် နံနက် ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသိန်းဖေ (မာန်အောင်)

**အသက် (၈၅) နှစ်**

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ အထွေထွေမန်နေဂျာ ဒေါ်ဝင်းဝင်းမော်၏ ချစ်လှစွာသောဖခင် ဦးသိန်းဖေ(မာန်အောင်)သည် ၂၄-၇-၂၀၁၉ ရက် ညနေ ၃း၄၅ နာရီတွင် အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ ဒေါ်ဝါဝါဟန်

**အသက် (၆၉) နှစ်**

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဗဟို)၊ မြန်မာ့ မွေးမြူရေးစွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်ရေးသုတေသနအသင်း၏ အလုပ်အမှုဆောင် ဒေါက်တာဒေါ်ဝါဝါဟန် သည် ၂၂-၇-၂၀၁၉ (တနင်္လာနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့် ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး

## ဦးလှသောင်း (၇၅)နှစ်

**မြန်မာ့သစ်လုပ်ငန်း-ငြိမ်း၊ အငယ်တန်းလက်ထောက်မန်နေဂျာ**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း၊ အမှတ်(၁၀/က)နေ (ဦးစံထိုက်-ဒေါ်မြညွှန့်)တို့၏သား၊ (ဒေါ်တင်ရီစိန်)၊ (ဦးငွေသောင်း)တို့၏ ညီ/မောင်၊ ဒေါ်စိန်မြင့်၊ ဒေါ်နှင်းရွှေ၊ ဦးစောသောင်း-ဒေါ်ရင်နု၊ ဒေါ်မာမာအေးတို့၏အစ်ကို၊ ဒေါ်ညွှန့်တင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်မျိုးဦး-မဥမ္မာချိုတို့၏ချစ်လှစွာသောဖခင်၊ မောင်ပြည့်စုံသျှန်၏ ချစ်လှစွာသောအဘိုးသည် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) ည ၈း၄၅ နာရီတွင် ခုတင်(၅၀၀) ဆံ့အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်ဆွေ

**(ဦးစီးအရာရှိ-ငြိမ်း၊ လဝက)**

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ တိုက်(၁)၊ အခန်း(၃၀၆)နေ [ဦးဗေဒါ(ခ)ဦးတာ-ဒေါ်စန်းရင်]တို့၏သား၊ ဒေါ်ခင်စန်းစန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်လင်းထိုက်-မအေးအေးသွယ်၊ ကိုညီညီအောင်-မသန္တာလင်း၊ ကိုကျော်စွာလင်း-မမီမီခင်၊ ကိုဥက္ကာလင်း-မမူမူအေး၊ ကိုအောင်ဝေမျိုး-မနွယ်နွယ်ဝင်းတို့၏ ချစ်လှစွာသောဖခင် ဦးမြင့်ဆွေသည် ၂၂-၇-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်မောင်သိန်း

**အသက် (၆၈) နှစ်**

ရန်ကုန်မြို့နေ (ဦးကျော်သိန်း-ဒေါ်ညွှန့်ညွှန့်)တို့၏ သား၊ (ဦးဘဝင်း-ဒေါ်စိန်တင်)တို့၏ သားသမက်၊ ဒေါက်တာဦးတင်ဝင်း-ဒေါ်ခင်သန်းရီ၊ (ဦးဝင်းထိန်)-ဒေါ်အေးကြည်မြင့်၊ (ဦးစိုးငြိမ်း)-ဒေါ်သန်းသန်းအေးတို့၏ မောင်/ညီ၊ ဦးစံလင်း-(ဒေါ်မြညွှန့်ဦး)၊ ဦးခင်မောင်ဇော်-(ဒေါ်ချိုနွယ်ဦး)တို့၏အစ်ကို၊ မောင်ကျော်ကိုကိုဟိန်း-မချိုနွယ်ဦး၊ မောင်ဇော်နောင်နောင်ထိုက်-မခင်ဥမ္မာ၊ (မောင်သန်းဝင်းဟိန်း)၊ မောင်ဇင်ဘိုဘိုဦး-မသင်းသင်းယုတို့၏မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးကျော်မောင်သိန်းသည် ၂၄-၇-၂၀၁၉ ရက် နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသစ္စာ (သန်လျင်)

**ဟိုတယ်/ခရီး (ငြိမ်း)**

**အသက် (၅၉) နှစ်**

သန်လျင်မြို့ မြို့သစ်အလယ်ရပ်ကွက်၊ သူရလမ်း၊ အမှတ်(၃)နေ (ဦးဘိုးငွေ-ဒေါ်တင်မိ)တို့၏ သား၊ ဦးညီညီ-ဒေါ်မာလာ၊ ဒေါ်သီတာ(မြန်မာ့ဆက်သွယ်ရေး-ငြိမ်း)တို့၏ ညီ/မောင်၊ ဦးမေတ္တာ-ဒေါ်သူဇာအေးတို့၏ အစ်ကိုသည် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး

## ဒေါ်အေးအေးသင်း

**အသက် (၅၄) နှစ်**

အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အမှတ်(က/၂)၊ သီရိမင်္ဂလာလမ်းနေ (ဦးတင်လှ-ဒေါ်ကြည်)၊ (ဦးစန်းဝင်း)-ဒေါ်အုန်းရွှေတို့၏ သမီး၊ ဗိုလ်ကြီးသန်းဝင်း (ငြိမ်း)(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနခွဲမှူး-ငြိမ်း)၏ဇနီး၊ မောင်ပြည့်ဇေယျာအောင်-မသီရိဆုလွင်တို့၏မိခင်၊ မမေမြင့်မိုရ်၏အဘွားသည် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၉ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## မောင်သုဇူကျော်

**M.Sc, M.Res.B.Ed. $2^{nd}$ Ph.D Chemi**

**လက်ထောက်ကထိက၊ ဘိုကလေးပညာရေးတက္ကသိုလ်**

**အသက် (၂၇) နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၁)လမ်း၊ အမှတ်(၇၇၉)နေ ဦးသန်းကျော်(ဆောက်လုပ်ရေး-ငြိမ်း)-ဒေါ်မြမြသိန်းတို့၏သားထွေး၊ ဦးထွန်းမိုးထွဋ် (ပြည်တွင်းအခွန်)-ဒေါ်ခင်မာလာကျော်(M.FT.B)၊ ဦးဘိုဘိုကျော်-ဒေါ်မွန်မွန်သင်းတို့၏ ညီ/မောင်၊ မထွန်းအိန္ဒြေကျော်၊ မမြတ်သုန္ဒြေထွဋ်တို့၏ ဦးလေးသည် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာ ယူ-၁၅ အမျိုးသားအသင်း ၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲအတွက် အပြီးသတ် ၂၃ ဦး ရွေးချယ်

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာ ယူ-၁၅ အမျိုးသားအသင်းသည် ထိုင်းနိုင်ငံ၌ ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၉ ရက်အထိ ကျင်းပမည့် ၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲကို ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်၊ တီမော၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် ထိုင်း၊ မလေးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၂၇ ရက်တွင် စင်ကာပူ၊ ဇူလိုင် ၂၉ ရက်တွင် တီမော၊ ဇူလိုင် ၃၁ ရက်တွင် ဖိလစ်ပိုင်၊ ဩဂုတ် ၂ ရက်တွင် ဗီယက်နမ်၊ ဩဂုတ် ၄ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❒**



မြန်မာ ယူ-၁၅ အမျိုးသားအသင်းကို နည်းပြအဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်။

# အိန္ဒိယလေကြောင်းလိုင်း IndiGo ကိုလ်ကတ္တား-ရန်ကုန် တိုက်ရိုက်ခရီးစဉ် နေ့စဉ် ပြေးဆွဲမည်

**ကိုလ်ကတ္တား ဇူလိုင် ၂၄**

အိန္ဒိယနိုင်ငံမှ စရိတ်နည်းလေကြောင်းလိုင်းတစ်ခုဖြစ်သည့် IndiGo လေကြောင်းလိုင်းသည် စက်တင်ဘာ ၂၀ ရက်မှစတင်၍ ကိုလ်ကတ္တားမြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့တော်ကြား နေ့စဉ်တိုက်ရိုက်လေကြောင်းခရီးစဉ် ပြေးဆွဲမည်ဖြစ်သည်။

ရန်ကုန်သည် IndiGo လေကြောင်းလိုင်း၏ ၁၈ ခုမြောက် ပြည်ပခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။ စက်တင်ဘာ ၂၀ ရက်မှစ၍ ကိုလ်ကတ္တား-ရန်ကုန် လေကြောင်းခရီးစဉ်ကို နေ့စဉ်ပြေးဆွဲသွားမည်ဟု IndiGo လေကြောင်းလိုင်းက ယနေ့ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။ အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံး ပြည်တွင်းလေကြောင်းလိုင်းဖြစ်သည့် IndiGo လေကြောင်းလိုင်းသည် လေယာဉ်အစင်းပေါင်း ၂၃၈ စင်းဖြင့် နေ့စဉ်ပြည်တွင်း၊ ပြည်ပ လေကြောင်းခရီးစဉ် ၁၄၀၀ ကျော် ပြေးဆွဲလျက်ရှိသည်။

**ခရီးသွားလုပ်ငန်းကို မြှင့်တင်**

"ရန်ကုန်မြို့ကနေ ဗုဒ္ဓဘာသာဝင်တွေ အထွတ်အမြတ်ထားရာ ဗုဒ္ဓဂယာကို လေကြောင်းခရီးစဉ်ပြေးဆွဲမှု သိသိသာသာမြင့်တက်လာတယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ ရန်ကုန်-ကိုလ်ကတ္တား လေကြောင်းခရီးစဉ်က နှစ်နိုင်ငံကြား ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံမှုတွေကို ခိုင်မာအားကောင်းစေပြီး ကုန်သွယ်မှုနဲ့ ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးမှာဖြစ်ပါတယ်" ဟု IndiGo လေကြောင်းလိုင်းမှ စီးပွားရေးဆိုင်ရာအရာရှိချုပ် ဝီလီယမ် ဘော်လ်တာက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❖**





ကြေးမုံ **ယနေ့ ဖတ်စရာ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ** စာမျက်နှာ » ၅

**ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေ တွေ့ဆုံမေးမြန်း** စာမျက်နှာ » ၁၀

**အမေရိကန်ကုန်ပစ္စည်းများအား အခွန်တိုးမြှင့်ကောက်ခံမည်ဟု ဥရောပသမဂ္ဂ ခြိမ်းခြောက်** စာမျက်နှာ » ၁၂

**တရုတ်အနောက်တောင်ပိုင်း၌ မြေပြိုမှုများဖြစ်ပွားရာ ၁၁ ဦးသေ၊ ၄၀ ပျောက်ဆုံး** စာမျက်နှာ » ၁၃

**ရေနံချောင်းမြို့နယ်၌ စက်လှေ တိမ်းမှောက်မှုကြောင့် ပျောက်ဆုံးသူ ၃၀ ကျော်အနက် ၁၀ ဦးအား သေဆုံးလျက် တွေ့ရှိ** စာမျက်နှာ » ၁၄


## မုတ်သုံလေအားကောင်းနေ

**(ဇူလိုင် ၂၄ ရက် ည ၇ နာရီ ထုတ်ပြန်ချက်)**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။ မိုး/ဇလ


(၁၂) လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် *Nawaday 4 Storey Shop House*



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ × ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦးဖြစ်ပါသည်။ မြေညီထပ်မှာ hall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန် သင့်တော်ပါသည်။ ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန် သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဖက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။

နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦးဖြစ်ပါသည်။

ဖုန်း-၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။